အမရပူရ

မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ ၏

ပန္နရသမ ကျမ်းစာ

## ဘုရား အဖြစ်တော်စဉ်

# ဗုဒ္ဓဝင်အမေးအဖြေ

[ ဘုရားဆုပန်တော်မူရာ သုမေဓာဘဝမှ စ၍
မာတုပရိနိဗ္ဗာန်အထိ ပါဝင်သည် ]

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

ကောဇာ-၁၃၄၂    သာသနာ-၂၅၂၄    ၁၉၈၀ (နိုဝင်ဘာ)

၂၄၊၇၂၊၉

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ ၏

ပန္နရသမ ကျမ်းစာ

## ဘုရား အဖြစ်တော်စဉ်

# ဗုဒ္ဓဝင်အမေးအဖြေ

[ ဘုရားဆုပန်တော်မူရာ သုမေဓာဘဝမှ စ၍
ဓာတုပရိနိဗ္ဗာန်အထိ ပါဝင်သည် ]

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

ကောဇာ-၁၃၄၂ သာသနာ-၂၅၂၄ ၁၉၈၀ (နိုဝင်ဘာ)

ဗုဒ္ဓဝင်-က

ဓမ္မစကြာတရားတော်
အနတ္တလက္ခဏသုတ်တရားတော်
အခြေပြု ပဋ္ဌာန်းတရားတော်
တဘဝ သံသရာ
အနာဂတ်သာသနာတော်အတွက် ဗုဒ္ဓဘာသာသင်ခန်းစာ
ရတနာ့ဂုဏ်ရည်
ကိုယ်ကျင့်အဘိဓမ္မာ
အနာဂတ်သာသနာရေးကျမ်း
ဗုဒ္ဓါနုဿတိ ဘာဝနာ
နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
ဘာသာသွေးနှင့် ဘာသာရေးပြဿနာများ

ဤကျမ်းစာများကို မိမိအကျိုး, အများအကျိုး လိုလား သူများ လေ့လာ၍ လက်တွေ့ ကျင့်သုံး ကြည့်ပါ၊ မိမိတို့ ကိုယ် စိတ် နှစ်ပါး ချမ်းသာရေးအတွက် ကျမ်းစာများက တာဝန်ယူပါလိမ့်မည်။

---

| | |
|---|---|
| ပဌမအကြိမ် | ၁၃၁၇-ခု၊ တပေါင်းလ |
| ဒုတိယအကြိမ် | ၁၃၂၁-ခု၊ တော်သလင်းလ |
| တတိယအကြိမ် | ၁၃၃၇-ခု၊ တန်ခူးလဆန်း ၇-ရက် |
| စတုတ္ထအကြိမ် | ၁၃၄၂-ခု၊ သီတင်းကျွတ်လ |

အုပ်ရေ - ၁၀၀၀၀

---

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက် စာပေပေါင်းကူး စာပုံနှိပ်တိုက် (၀၂၅၆) တွင် ဦးတင်မောင်က ပုံနှိပ်၍ လက်ထောက်ညွှန်ကြား ရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။



# အရှင်ဇနကာဘိဝံသ ၏

# တဘဝသံသရာ ဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ် တပို့တွဲ လပြည့်ကျော် (၁၄) ရက် (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ် သက်တော် ၁၈-နှစ် အရွယ်တွင် ပဌမကြီးတန်းစာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခု နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ "ပဌမကျော်" အောင်မြင်တော်မူသည်။

၈။ ၁၂၈၉-ခုနှစ်၌ "သက်ျသီဟ စာမေးပွဲ 'ခေါ' ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ ရရှိအောင်မြင်တော် မူသည်။

၉။ ၁၃၀၃-ခု ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက် သိမ်းပိုက်မည့် နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက် နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက် ရှိသည်။

၁၀။ (လွတ်လပ်ရေး ရရှိပြီးနောက်) ၁၃၁၂-ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသား ခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဂ္ဂါဟကဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာန သောဓေယျ ပတ္တ-ပါဠိဂ္ဂါဟက အဖြစ် တင်မြှောက်ခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၃-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက ရွှေကျင် ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယ သာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၈၁-ခု သက်တော် (၃၀) မှ စ၍ ကျမ်းစာများကို စတင်ပြုစုတော်မူခဲ့ရာ ၁၂၈၃-ခုနှစ်တွင် ပဌမဦးဆုံး ကျမ်းစာကို ရေးသား ပြီးစီးတော်မူ၍ ၁၃၃၈-ခု တန်ဆောင်မုန်း လတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကို ရေးသားပြီးလျှင် "တဘာဝ သံသရာ"အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တော်တိုင် ရေးတော်မူခဲ့သည်။ပဋ္ဌာနပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ၊ ပါဠိတော် နိဿယများကို ၁၃၃၆-ခု တန်ဆောင်မုန်းလဆန်း ၅-ရက် (၁၈-၁၁-၇၄)တနင်္လာနေ့ ၁-နာရီအချိန် စတင်ပို့ချ ရေးသား၍ ၁၃၃၈-ခု ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝါ ဘာသာဋီကာကို ၁၃၃၇-ခု ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅)၌ စတင်ပို့ချ ရေးသား၍ ၁၃၃၈-ခု နတ်တော်လဆန်း ၁၃-ရက် (၂၁-၁၂-၇၇) သောကြာနေ့ ပျံလွန်တော်မမူမီ ၅-ရက်အလိုတွင် ပြီးတော် မူခဲ့ပါသည်။ ပါထေယျ ဘာသာ ဋီကာကိုပင် တရက်မျှ ရေးသားပို့ချ ခဲ့ပါသေးသည်။

၁၅။ ၁၃၃၉-ခုနှစ် သက်တော် ၇၈-နှစ် အရောက် နတ်တော်လပြည့်ကျော် ၂-ရက် (၁၉၇၇-ခု ဒီဇင်ဘာလ ၂၇-ရက်) အင်္ဂါနေ့ ညနေ (၄) နာရီ မိနစ် (၃၀) တွင် တဘာဝအတွက် ငြိမ်းတော်မူပါသည်။

# ဗုဒ္ဓဝင် အမေးအဖြေ

## ထုတ်ဝေသူတို့ ကျမ်းဦးအမှာ

နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော၊ စိုးရိမ်ခြင်းကြောင့်ကို နှုတ်ပယ်နိုင်သော၊ အလုံးစုံသောစည်းစိမ်ကို ရကြောင်းဖြစ်သော ဗုဒ္ဓဝင်ကို ငါ၏ (အထံမှ) အရိုအသေပြု၍ နာယူကြကုန်လော့။ (၁၀)

ဇာတ်ကိုစွဲ၍ဖြစ်သော မာန်ရစ်ခြင်း စသည်ကင်းသော, စိုးရိမ်ခြင်း (သောက)ကို နှုတ်ပယ်နိုင်သော၊ သံသရာမှ လွတ်မြောက်စေနိုင်သော၊ အလုံးစုံသောဆင်းရဲကို ကုန်စေနိုင်သော နိဗ္ဗာန်လမ်းစဉ် ဗုဒ္ဓဝင်ကို ရိုသေစွာ ကျင့်သုံးကြကုန်လော့။ (၁၁) (ဗုဒ္ဓဝံသ ပါဠိတော် မြန်မာပြန်) စာမျက်နှာ-၃၀၁။

အထက်ပါ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူသော ပါဠိတော်ကို ဖတ်ရှုရသူသည် ဗုဒ္ဓဝင်ကို ဗုဒ္ဓဘာသာဝင်များ လေ့လာသိရှိရန်အတွက် မည်မျှအရေးကြီး အရေးပါကြောင်း စဉ်းစားနိုင်ပါသည်။

## မြန်မာပြည်နှင့် ဗုဒ္ဓဝင်

မြန်မာပြည်သို့ ဗုဒ္ဓသာသနာ စတင်ရောက်ရှိလာခဲ့သည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရောက်ခဲ့သည်ဟု ပညာရှင်များ လက်ခံခဲ့ကြပါသည်။ သို့သော် သာသနာတော် တည်တံ့ပြန့်ပွါးရန်အတွက်ကား ဗုဒ္ဓ၏အကြောင်းအရာများကို ရုပ်ပုံများ စာပေများဖြင့် လူများစုသို့ စိမ့်ဝင်သက်ရောက်လာသောအခါမှသာ ပိုမို အကျိုးသက်ရောက်လာသည်ဟု ဆိုနိုင်ပါမည်။

ဗုဒ္ဓဝင်များကိုလည်း ရှေးဆရာတော်များသည် ရေးသားချီးမြှင့်တော် မူခဲ့ကြသည်မှာ တထာဂတဉဒါနဒီပနီ၊ ဇိနတ္ထပကာသနီ၊ မာလာလင်္ကာရ၊ ပဋမငါးခုံဆရာတော်ကြီး၏ဗုဒ္ဓဝင်၊ သုဓမ္မဝတီဗုဒ္ဓဝင်စသည်ဖြင့် နောက်ဆုံး ယခုမျက်မှောက် အသုံးပြုနေသော ကမ္ဘာအေးမှ ရိုက်နှိပ်

ထုတ်ဝေသည့် မဟာဗုဒ္ဓဝင်ကြီးတိုင်အောင် ရေးသား ထုတ်ဝေခဲ့ပြီး ဝိုင် အမ် ဘီ အေ အသင်းကြီးမှနေ၍ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားသော ပုံတော်ပေါင်း ၆၄-ပုံဖြင့် ရုပ်စုံ ဗုဒ္ဓသာသနာဝင်ကိုလည်း နိုင်ငံခြားတွင် ရိုက်နှိပ်၍ မြန်မာပြည်တွင် ဖြန့်ချိခဲ့ရာ ခေတ်လူများစုအတွက် အလွန်အကျိုးသက်ရောက်ခဲ့ပါသည်။ ယခု ဤ ဗုဒ္ဓဝင်အမေးအဖြေမှာလည်း သာသနာတော်အတွက် လူကြီး များ သိရှိနားလည်လျက် ကလေးငယ်များကို သင်ကြားပေးနိုင်ရန် အလေးအနက်ထား၍ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရား ရေး သားတော် မူခဲ့ခြင်း ဖြစ်ပါသည်။

## အဆင့်အတန်း အမျိုးမျိုး

ဗုဒ္ဓဝင်ကို ပညာအဆင့်အတန်း အသက်အဆင့်အတန်းကို လိုက်၍ ကလေးငယ်များအတွက်ပါ ရုပ်ပုံများဖြင့်လည်းကောင်း၊ စာအုပ် စာပေ ဖြင့် လည်းကောင်း ထုတ်ဝေသင့်ကြပါသည်။ ထုတ်ဝေရုံသာမဟုတ် သင်ကြားလည်း သင်ကြားထိုက်ပါသည်။ ဗုဒ္ဓဘာသာ အမည်ခံသူသည် ဗုဒ္ဓကို နည်းအမျိုးမျိုးဖြင့် အမှန်အတိုင်း သိထားထိုက်ပါသည်။ မိမိ၏ အားထားကိုးကွယ်ရာ ဗုဒ္ဓ ကိုမှ ကျနအောင်မသိသူသည် မိမိအားထား ရာ ဗုဒ္ဓ၏အယူဝါဒ၌ ခိုင်မာစွာ ယုံကြည်ဖို့ရာ ခဲယဉ်းပါလိမ့်မည်။ အဘယ်နည်းနှင့်မျှ ခိုင်မာမှု မရှိနိုင်ပါ။

## ဗုဒ္ဓဘုရား ပွင့်ပေါ်ခြင်း တရားအသိမှန်

ဘုရားတဆူတဆူ ဖြစ်ဖို့ရန် ဒါန သီလ စသော ကောင်းမှုတို့ကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကြာအောင် ပြုကျင့်တော်မူခဲ့ရ၏။ ထိုကောင်းမှုတို့ ပြုတိုင်းလည်း သတ္တဝါတို့အား မှန်ကန်သော အသိ ဉာဏ်ကို ဟောပြနိုင်သော သဗ္ဗညုတဉာဏ်တော်ကို မိမိသန္တာန်၌ရအောင် ရည်မှန်းတော်မူခဲ့၏။ ထို သဗ္ဗညုတဉာဏ်တော်ကိုရသော ပုဂ္ဂိုလ်သာ ဗုဒ္ဓ(ဘုရား)ဟူသော ဘွဲ့နာမည်တော်ကို ရနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရား ပွင့်တော်မူလာသောအခါ များစွာသော သတ္တဝါတို့သည် မှန်ကန်သော အသိဉာဏ်ကို ရနိုင်ကြပေသည်။

## ဗုဒ္ဓ မြတ်စွာ

လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပါယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွန်းထုံသင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ် ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ်စံပျော်၊ ခန္ဓာပေါ်ဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်။ လောကထွဋ်ထား.... မြတ်ဘုရား။

## ဗုဒ္ဓ သာသနာတော်

ဘုရားပွင့်တော်မူသော အခါနှင့် ယခုလိုကြုံကြိုက်ဖို့ရာ အလွန်ခက်လှပါသည်။ တခါတရံ အလွန်ကြုံကြိုက်ခဲလှသော ယခုလိုအခါကို မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏ သာမညဖလသုတ် နိဂုံး၌ သတိပေးဆုံးမထားသော အောက်ပါဩဝါဒကို အထူးပင် လေးစားနာယူသင့်ကြပါသည်။

"ဤသာမညဖလသုတ်မြန်မာပြန်ကို ဖတ်ရသော ဆရာတော်သံဃာတော်များနှင့် သာသနာပြုလိုသော ဒါယကာ ဒါယိကာမ တို့လည်း ဗုဒ္ဓသာသနာတော်ကို မိရိုးဖလာ ပြုစုကိုးကွယ်နေရုံမျှဖြင့် အားရတင်းတိမ်၍ မနေကြပဲ "မနုဿတ္တဒုလ္လဘ"ဟု အသိအမှတ်ပြုကာ လွန်စွာရခဲလှသော ဤလူ့ဘဝတွင် သာ၍ကြုံကြိုက်ခဲသော သာသနာတော်ကို ကြုံကြိုက်ရကျိုး နပ်လေအောင် ကောင်းသည်ထက် ကောင်းသော သာသနာတော်ကို တည်ထောင်နိုင်ကြပါစေ"

## ဗုဒ္ဓါနုဿတိ ဘာဝနာ

ဤ အဆုံးအမဩဝါဒနှင့်အညီ ယခု ဗုဒ္ဓဝင်အမေးအဖြေစာအုပ်ငယ်ကို လေးလေးစားစား သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာ၌ အာရုံရအောင် လေ့လာသုံးသပ်ပြီးလျှင် ကလေးငယ်ဘဝစမှ၍ ဗုဒ္ဓအာရုံ၌

ဉာဏ်မှီသမျှ သက်ဝင်ကြည်ညိုနိုင်ခွင့်ရအောင် သင်ကြားပေးကြပြီး လေးလေးမြတ်မြတ် ကိုးစားသလောက် အကျိုးထူး ရရှိနိုင်မည်ဟု ယုံကြည်စွာ ကိုးစားနိုင်ကြပါစေ။

ဗုဒ္ဓါနုဿတိ၊ ဘာဝနာရှိမှ၊ မိမိဘာသာ၊ သာသနာကို၊ ကောင်းစွာသိမြင်၊ စောင့်ရှောက်ချင်၏။

စောင့်ချင်လာသော်၊ ကြောင်းကျိုးမျှော်က၊ ခုပေါ် ကာလ၊ ပကာသနနှင့်၊ ဒါနစုစု၊ ကုန်ကျမှုတို့၊ အပြုဘက်မှာ၊ မရောက်လာပဲ၊ ဖျက်ရာသို့ပင်၊ အများဝင်၏။

သို့စင် သာသနာ၊ ပြုလိုပါမူ၊ ပကာသန၊ မပါကြပဲ၊ ဒါနစုစု၊ ကောင်းအောင်ပြုလော့၊ တခုဒါန၊ ပါရုံမျှဖြင့်၊ သံသာရကြီး၊ လမ်းခရီးကား၊ ဘယ်နည်းနှင့်မျှ မဖြောင့် ကြဘူး။

သီလအကျင့်၊ လုံအောင်ကျင့်လျက်၊ အသင့်မေတ္တာ၊ ကရုဏာ နှင့်၊ သစ္စာခန္တီ၊ စိတ်လည်းရှည်၍၊ ကိုယ်စီစိတ်မှု၊ ဖြောင့်အောင် ပြုမှ၊ ယခုလည်း ကောင်း၊ နောင်လည်း ကောင်းလိမ့်။

အကောင်းဖုံဖုံ၊ အကြောင်းစုံလျှင်၊ ပြည်ဘုံ အမတ၊ နိဗ္ဗာန ကို၊ ရဖို့အကြောင်း၊ ဆုမတောင်းလည်း၊ သူကောင်းစံဖို့၊ ခေမာမြို့ကား၊ ငါတို့တွက်တာ၊ အနီးမှာတည်း။

မှန်စွာလမ်းစဉ်၊ ဤသို့မြင်၍၊ လူရှင်များစု၊ သာသနာပြုဖို့၊ ယခုနောက်နှောင်း၊ အချိန်ကောင်းသဖြင့်၊ စုပေါင်းသေချာ၊ စီရင်ပါသည်။ ဗုဒ္ဓါနုဿတိ–နုဿတိ။

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု**

မှန်ကန်ကောင်းမြတ် တရားဓာတ် လွှမ်းပတ်
ကမ္ဘာ တည်ရမည်

**ထိန်ဝင်း**

၁၃၄၂–ခု၊ သီတင်းကျွတ်လဆန်း ၃–ရက်။
( ၁၂–၁၀–၈၀ )

# အခြေခံ နိဒါန်း

## ဤကျမ်းစာဖြစ်လာရပုံ

၁။ ဘုန်းကြီးငယ်စဉ်က ဘုရားအလောင်း၏ အကြောင်းအရာ ဇာတ်တော်များနှင့် ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်ကို ကြားနာရ၏။ ဘုရားတန်ဆောင်းမှာ ရေးထားသော အရုပ်ကားများကို ဖူးတွေ့ရ၏။ ထိုသို့ ကြားရ နာရ ဖူးတွေ့ရတိုင်းလည်း စိတ်ပါဝင်စားလှ၏။ ထိုသို့စိတ်ပါဝင်စားသည့်အတိုင်းလည်း ဘုရားရှင်၏ရုပ်ပုံတော် စေတီတော်များကို လေးစားကြည်ညို ရှိသေခဲ့ပါသည်။ ထို့ကြောင့် ဘုရားနှင့်စပ်သော အကြောင်းအရာတို့သည် ဘုန်းကြီးအတွက် စိတ်ကောင်း နှလုံးကောင်းရဖို့ရန် အခြေခံမျိုးစေ့များ ဖြစ်သည်ဟု ယူဆမိပါသည်။

၂။ သို့ဖြစ်၍ ဘုန်းကြီး ငယ်စဉ်ကကဲ့သို့ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များကိုလည်း ဘာသာရေး၌ အလေးပြုသော လူကောင်း သူကောင်း ကလေးများ ဖြစ်စေချင်သောကြောင့် ကလေးများ အရကျက်ဖို့ရာ ဘုရားအဖြစ်တော်စဉ် လင်္ကာ သံပေါက်များကို "ရတနာ့ဂုဏ်ရည်" ပဌမ အကြိမ်ရိုက် စာအုပ်၌ ထည့်သွင်းခဲ့ဘူးပါသည်။ သို့သော် ထိုလင်္ကာ သံပေါက်တို့မှာ မပြည့်စုံသေးဟု သဘောရသောကြောင့် ဒုတိယ အကြိမ်ရိုက် စသည်၌ မထည့်တော့ပဲ အကြောင်းညီညွတ်မှ အပြည့်အစုံ ဖော်ပြမည်ဟု ကြံစည်ခဲ့ပါသည်။

၃။ ယခုအချိန်ကား ဤနိုင်ငံနှင့်တကွ ဗုဒ္ဓဘာသာသွေး မကင်းသေးသော နိုင်ငံတိုင်းမှာပင် နှစ်ထောင့်ငါးရာ သာသနာတော်တဝက်ပွဲကြီးကို ဝံ့ချီးပူဇော်ကြဖို့ရာ လှုပ်လှုပ် ရှရှ ဖြစ်နေသော အချိန်အခါဖြစ်၏။ ဤအချိန်မျိုး၌ မိမိလည်း သာသနာနုဂ္ဂဟ (သာသနာတော်ကို ပူဇော် ချီးမြှောက်သော) အားဖြင့် မိမိ

အစွမ်း အလိုက် ကြောင့်ကြ စိုက်ထိုက်၏ဟု စိတ်ကူးမိပါသည်။ ထိုသို့ စိတ်ကူးမိစဉ် ရင်းနှီးသော ဒါယကာ တချို့ကလည်း ဗုဒ္ဓဝင်တဆူ ရေးသားဖို့ရန် တောင်းပန်ကြပြန်၏။ သို့သော် မိမိအမြင် ဗုဒ္ဓဝင်မှာ အများ မြင်နေကြသော ဗုဒ္ဓဝင်နှင့် တူမည်မထင်ပါ။ မိမိကား ဗုဒ္ဓမြတ်စွာ၏ ၄၅-ဝါ ကာလ အတွင်း၌ ထူးခြားသော ဖူးမြင်ဖွယ် စိတ်အာရုံ ယူဖွယ်များကိုသာ ဗုဒ္ဓဝင်အဖြစ်ဖြင့် ရေးသားလိုပါသည်။ ထိုမျှ ကျယ်ဝန်းစွာ ရေးသားဖို့ရန်လည်း ယခုအခါ အချိန်မရသေးပါ။


၄။ ထို့ကြောင့် မိမိငယ်စဉ်က သိမှတ်ခဲ့၍ ကလေးအလိုက် အကျိုးရှိခဲ့သော ဗုဒ္ဓဝင်၊ ရတနာ့ဂုဏ်ရည်၌ မပြည့်စုံသေး၍ နုတ်သိမ်းထားခဲ့ရသော ဗုဒ္ဓဝင်၊ ရင်းနှီးသော ဒါယကာတချို့ လိုလားနေသော ဗုဒ္ဓဝင် ဤသို့သော ဗုဒ္ဓဝင်ကိုသာ လက်ာ သံပေါက်တို့ဖြင့် လည်းကောင်း၊ အောက်ခြေက ရှင်းလင်းချက် အဓိပ္ပါယ်များဖြင့်လည်းကောင်း အချိန်မီစီစဉ်၍ သာသနာတော်တဝက်ပွဲကြီးကို ဝှဲချီး ပူဇော်ပါသည်။

၅။ ဤကျမ်းစာသည် ငယ်ပင် ငယ်သော်လည်း ရေးသားနေတုန်းအချိန်မှာ ဗုဒ္ဓမြတ်စွာကို အာရုံ ပြုနေရသောကြောင့် ကြည်လင်ရွှင်ပျ အေးမြသောစိတ်ဖြင့် ရေးသားရသော ကျမ်းကလေးဖြစ်ပါသည်။ ဤ ကျမ်းစာကို ရေးသားစဉ် ဘုန်းကြီးစိတ်မှာ အေးမြချမ်းသာသကဲ့သို့စိတ်ပါဝင်စားစွာဖတ်ရှုသူအများလည်း ဘုန်းကြီးရသော အရသာမျိုး ရပေလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ထို့ကြောင့် အားလပ်သောအခါနှင့် တစုံတခုကြောင့် စိတ်မချမ်းမြေ့သော အခါတို့၌ ဤကျမ်းစာပေါ်တွင် စိတ်ရောမျက်လုံးပါ ချထား၍လည်းကောင်း၊ စာဖတ်ကောင်းသော သားသမီးများကို အဖတ်ခိုင်း၍လည်းကောင်း၊ ကလေးငယ်တို့အား ပုံပြောသလို ပြောပြ၍လည်းကောင်း ကြည်လင် ရွှင်ပျ အေးမြနိုင်ကြပါစေသတည်း။

**(လင်္ကာ)** အို .... ဘာသာဝင်၊· သူတော်စင်တို့၊ နေ့စဉ်နေ့တိုင်း၊ နံနက်ပိုင်းနှင့်၊ ညပိုင်းတခါ၊ စေသတ္တာ၏၊ မျှားစွာဂုဏ်စု၊ အာရုံပြုလော့။ လူမှုကိစ္စ၊ ရွက်ဆောင်ကြလည်း၊ ဗုဒ္ဓစောမြွတ်၊ မနေ့ခါတ်၌၊ မပြတ်မှီကာ၊ ရပ်တည်လာသို့၊ မေတ္တာနှလုံး၊ သစ္စာသုံး၍၊ ရှင်ပြုံးအေးမြ၊ ပြုလုပ်ကြလော့။ သို့မှဘေးဒဏ်၊ တွင်းပြင်ရန်ကို၊ အမှန်ကိုယ်က၊ အောင်နိုင်ရလျက်၊ ဘဝတလျှောက်၊ ကြံတိုင်းပေါက်သည်၊ ထို့နောက်ဆင့်လို မြင့်မည်ကို့။

**အရှင်ဇနကာဘိဝံသ**

သာသနာတော် ၂၄၉၉
၁၃၁၇-ခု၊ ပြာသိုလ



# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ ပဌမအခန်း | .... | ၁ |
| ပါရမီ၊ ပါရမီအပြား၊ ပါရမီဖြည့်ရာ ကာလများ။ | | |
| ၂။ ဒုတိယအခန်း | .... | ၅ |
| သုမေဓာ သူဌေးသားကလေး တောထွက်ပုံနှင့် ဗျာဒိတ်ရပုံ။ | | |
| ၃။ တတိယအခန်း | .... | ၁၂ |
| ပါရမီဆယ်ပါး၏ သဘောနှင့် ဘုရားအလောင်း ပါရမီဆယ်ပါးဖြည့်ကျင့်ပုံ။ | | |
| ၄။ စတုတ္ထအခန်း | .... | ၃၂ |
| တုသိတာနတ်ပြည် စံတော်မူပုံနှင့် လူ့ပြည်၌ ပဋိသန္ဓေ နေတော်မူပုံ။ | | |
| ၅။ ပဥ္စမအခန်း | .... | ၃၈ |
| ဖွားမြင်တော်မူသည်မှ စ၍ ထီးနန်း စံတော်မူပုံ။ | | |
| ၆။ ဆဋ္ဌအခန်း | .... | ၄၅ |
| နိမိတ်ကြီး ၄-ပါးမြင်၍ တောထွက်တော်မူပုံ။ | | |
| ၇။ သတ္တမအခန်း | .... | ၅၂ |
| ရဟန်းပြုသည်မှစ၍ ဘုရားဖြစ်တော်မူပုံ။ | | |

အကြောင်းအရာ  စာမျက်နှာ

၈။ **အဋ္ဌမအခန်း** .... ၆၃

ဘုရားဖြစ်သည်မှ စ၍ ဓမ္မစကြာ ဟောတော်မူပုံ။

၉။ **နဝမအခန်း** .... ၇၂

ဂုဏ်တော် ၉-ပါး

၁၀။ **ဒသမအခန်း** .... ၈၃

ဗုဒ္ဓ ကိစ္စတော်များနှင့် ပရိနိဗ္ဗာန် စံတော်မူပုံ။

၁၁။ **ဧကာဒသမအခန်း** .... ၉၄

အလောင်းတော် ပူဇော်ပုံနှင့် ဓာတုပရိနိဗ္ဗာန် စံတော်မူပုံ။

၁၂။ **ဒွါဒသမအခန်း** .... ၁၀၇

သာသနာရေး နိဂုံး။

အမှာ။ ။ဤကျမ်းစာ၌ အထက်ပိုင်းက လက်ံသံပေါက်သည် ကလေးများ ရွတ်ဖတ်ဖို့နှင့် တတ်နိုင်လျှင် အရကျက်ဖို့ဖြစ်၏။ အောက်ပိုင်း စကားစုကား ကြီးကြီးငယ်ငယ် ကြည့်ရှုဖို့ရာ လက်ံ၏ အဓိပ္ပါယ် ရှင်းလင်းချက် ဖြစ်သည်။

# စဉ်ဆက် သာသနာကည်စေသော်

* အကယ်၍သာ၊ မြတ်ဗုဒ္ဓါသည်၊ လူ့ရွာထင်ရှား၊ မပွင့်ငြားက၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှ အပြစ်တွေ။


* ယခုခါသော်၊ မြတ်ဇိနေ၁်သည်၊ ပွင့်ပေါ်ထင်ရှား၊ ဟောညွှန်ကြား၍၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှ ကျေးဇူးပေ။

* ကျေးဇူးတော်ရှင်၊ ဘုရားရှင်၏၊ များပြင်သာသနာ၊ အဖြာဖြာကို၊ များစွာဗိုလ်လူ၊ သိစိမ့်ဟူ၍၊ ဆူဆူကျမ်းစာ၊ ဘာသာဋီကာနှင့်၊ စာဝါမျိုးမျိုး၊ ကမ္ဘည်းထိုးခဲ့၊ နောင်ကျိုးကိုမျှော်၊ တို့ဆရာတော်၏၊ ဂုဏ်တော်ကျေးဇူး၊ အထူးထူးကို၊ ညွတ်နူးရည်လျက်၊ တို့ဆောင်ရွက်သည်၊ စဉ်ဆက်သာသနာတည်စေသော်။

သာဓု.......သာဓု.......သာဓု

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း ၃-ရက်။

( ၂၃-၉-၇၉ )



# ဗုဒ္ဓဝင် အမေး အဖြေ

## ပဉ္စမ အခန်း

(ဤအခန်း၌ ပါရမီ၊ ပါရမီအပြား၊ ပါရမီဖြည့်ရာ
ကာလများကို သိရပါလိမ့်မည်။)

၁။ ကိုးကွယ်ရာကို၊ ဘုရားဆို၊ ဘယ်လိုဖြစ်မှ ဘုရားနည်း။

၂။ လူ နတ် ဗြဟ္မာ၊ အားလုံးသာအောင်၊ ပါရမီဟုန်၊ ဉာဏ်စုံ၊ သိန်ဂုဏ်ပြည့်မှ ဘုရားတည်း။

---

၂။ လောက၌ များစွာသော လူတို့သည် ဆင်းရဲဒုက္ခကို ပယ်ဖျောက်၍ ချမ်းသာသုခ ရောက်အောင် စောင့်ရှောက်နိုင်မည့် ပုဂ္ဂိုလ်ထူးကို "ဘုရား–ဘုရား"ဟု ခေါ်ဆိုကြ၏။ ထို ဘုရားကို အားကိုး ကြ၏။ ဘေးရန် ပေါ်လာလျှင် (ကလေး၏ ကွယ်စရာ မိဘ ကဲ့သို့) ကွယ်ကာစရာ ဟုလည်း သဘောထားကြ၏။

ထိုသို့ကိုးကွယ်စရာဖြစ်၍"ကိုး+ကွယ်ရာ"ဟုအသိအမှတ်ပြုအပ်သော ဘုရားဟူသည် ဘဝများစွာ သံသရာ၌ ပါရမီကောင်းမှု များစွာပြု၍ နောက်ဆုံး ဘဝ၌ လောကီဂုဏ်သိန် အားဖြင့် ဖြစ်စေ၊ ကရုဏာတော် မေတ္တာတော် ဉာဏ်တော် တန်ခိုးတော် ဂုဏ်သိန် အားဖြင့် ဖြစ်စေ လူနတ် ဗြဟ္မာ သတ္တဝါ အားလုံး ထက် သာလွန်မှသာ "ဘုရား အစစ်" ဖြစ်နိုင်ပေသည်။

၃။ ဘယ်လိုမှန်းကာ၊ ပြုမှသာ၊ ပါရမီ-ဟု ခေါ်သနည်း။

၄။ မြတ်သူ့လုပ်ငန်း၊ သူကျိုးမှန်း၍၊ ကျွတ်တမ်းရွယ်ကာ၊ ပြုမှ သာ၊ ပါရမီ-ဟု ခေါ်သတည်း။

၅။ ပါရမီကား၊ ဘယ့်လောက်များ၊ အပြားဘယ်သို့ ရှိသနည်း။

၆။ ပါရမီကား၊ မြတ်ဆယ်ပါး၊ အပြားသုံးဆယ် ရှိသတည်း။

၇။ ဆယ်ပါးဆိုတာ၊ ဘယ်ဘယ်ဟာ၊ လွယ်စွာ သိရပါမည်နည်း။

၈။ ဒါနသီလ၊ နေက္ခမ္မနှင့်၊ ပညာ့ ဝီရိယာ၊ ခန္တီပါတည်း၊ သစ္စာ တံဖန်၊ အဓိဋ္ဌာန်ဟု၊ စိတ်မှန်မေတ္တာ၊ ဥပေက္ခာ၊ လွယ်စွာသိရ ပါသတည်း။

၉။ ဆယ်ပါးကကွယ်၊ ပြားသုံးဆယ်၊ အဘယ်အဘယ် ဖြစ်သနည်း။

၁၀။ ပါရမီမျိုး၊ ဥပ မျိုးနှင့်၊ မျိုး ပရမတ်၊ ဤ သုံးရပ်၊ မြှောက် လတ် သုံးဆယ် ပြားသတည်း။

---

၄။ ဘုရား ဖြစ်ကြောင်း "ကောင်းမှု ပါရမီ" ဆိုသည်မှာလည်း ကိုယ်ကျိုးကို ပဓာန မထားပဲ သူတပါး၏ ကောင်းကျိုးကို လည်းကောင်း၊ သံသရာမှ လွတ်ဖို့ကိုလည်းကောင်း ရည်မှန်း၍ ပြုလေ့ရှိသော သူမြတ်တို့၏ လုပ်ငန်းပင်ဖြစ်၏။ (ပရမာနံ- မြင့်မြတ်သူတို့၏+ကမ္မံ-အလုပ်တည်း၊ ပါရမီ-မြင့်မြတ်သူတို့၏ အလုပ်၊ ဝါ-ကောင်းမှု။)

၆။ ဘုရား အလောင်းတော် ဟူသမျှ ပြုကျင့် ကြရသော ထိုပါရမီ သည် အကျဉ်းအားဖြင့် ၁၀-ပါးရှိ၍၊ အကျယ်အားဖြင့် ၃၀-ရှိ၏။

၈။ ပါရမီ ဆယ်ပါးကား-ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာတည်း။

၁၀။ ထိုဆယ်ပါးကို ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ ၃-မျိုးဖြင့် မြှောက်လျှင် အပြားသုံးဆယ် ဖြစ်၏။

၁၁။ ပါရမီ မျိုး၊ ဥပ မျိုးနှင့်၊ မျိုး ပရမတ်၊ ဤသုံးရပ်၊ ပြားလတ်ဘယ်သို့ ထူးသနည်း။

၁၂။ ရိုးရိုးရာရာ၊ ဖြည့်ကျင့်ကာနှင့်၊ အင်္ဂါခြေလက်၊ အပျက်ခံဖြည့်၊ အသက်၏လျှင်၊ ကယ်တင်စွန့်လတ်၊ ထို ၃=ရပ် ပြားလတ် ဤသို့ ထူးသတည်း။

၁၃။ ဗုဒ္ဓလောင်းလျာ၊ ထိုများစွာ၊ ချိန်ခါမည်မျှ ဖြည့်ရသနည်း။

၁၄။ ဗုဒ္ဓလောင်းလျာ၊ ထိုများစွာကို၊ ကမ္ဘာကမ္ဘေ၊လေးအသင်္ချေနှင့်၊ တွက်ဓရမတိမ်း၊ ကပ်·တသိန်း၊ စောင့်ထိန်း ဖြည့်ရပါသတည်း။

၁၅။ ကပ် တသိန်းလာ၊ တကပ်မှာ၊ ချိန်ခါမည်မျှ ကြာသနည်း။

၁၆။ တကပ်ဆိုရာ၊ ချိန်အခါကား၊ တယူဇနာပြေ၊ မုန်ညင်းစေ့မှ၊ တရွေ့ရွေ့ပစ်၊ အနှစ်တရာ၊ တစေ့သာ၊ ကုန်ခါမက ကြာသတည်း။

---

၁၂။ ယခုကာလလှူကြသလို ပစ္စည်းဝတ္ထု လှူခြင်း ဥပုသ်သီလ စောင့်ခြင်းစသော ကောင်းမှုမျိုးကို "ပါရမီ" ဟု ခေါ်၏။ မျက်လုံးကို ထုတ်၍ လှူခြင်း၊ လက် ခြေ အင်္ဂါ တခုခုကို လှူခြင်း၊ လက် ခြေ အင်္ဂါ အနစ်နာခံ၍ သီလ စောင့်ခြင်း စသော ကောင်းမှုမျိုးကို "ဥပ ပါရမီ" ဟု ခေါ်၏။ အသက်ကို လှူခြင်း၊ အသက် စွန့်၍ သီလ စောင့်ခြင်း၊ သူ့အသက်ကို ကယ်ဆယ်ခြင်း စသော ကောင်းမှုမျိုးကို "ပရမတ္ထပါရမီ" ဟု ခေါ်သည်။

၁၄။ ဗုဒ္ဓမြတ်စွာ အလောင်းအလျာသည် ထိုပါရမီ အမျိုးမျိုးကို လေးအသင်္ချေနှင့် ကမ္ဘာ တသိန်း ကြာအောင် (ထိုထိုဖြစ်ရာဘဝ၌) ဖြည့်ကျင့်တော် မူခဲ့ရပါသည်။

၁၆။ တယူဇနာ ရှိသော ဂိုဒေါင် အတွင်း၌ မုန်ညင်းစေ့ ကလေးများကို အပြည့်သွင်း၍ အနှစ်တရာကြာမှ တစေ့ တစေ့ ယူ၍

၁၇။ လေးအသင်္ချေလာ၊ တသင်္ချေမှာ၊ ချိန်ခါမည်မျှ ကြာသနည်း။
၁၈။ ကပ်ပေါင်းမည်မျှ၊ တွက်မရ၍၊ ဗုဒ္ဓဘုရား၊ နှစ်ဆူအကြား၌,
ခေါ်ထားရလေ၊ တသင်္ချေ၊ တွက်ရေမရ ကြာသတည်း။

---

ပစ်ရာ ထိုမုန်ညင်းစေ့တွေသာ ကုန်သွားဘွယ်ရှိ၏။ တကမ္ဘာ ဆိုသော အချိန်အခါကား မကုန်တတ်သေး။ တကမ္ဘာဆိုသည်မှာ ဤမျှလောက်ကြာသည်။

၁၈။ ထိုကဲ့သို့သော ကမ္ဘာပေါင်း "မည်မျှကြာပြီ"ဟု ရေတွက်၍ မရလောက်အောင် အချိန်ကာလကြာသဖြင့် ရှေ့ဘုရားတဆူနှင့် နောက် ဘုရားတဆူ၏ အကြားကို "တစ်အသင်္ချေ" ဟု မှတ်ထားရ၏။ ထိုအသင်္ချေပေါင်း လေးအသင်္ချေနှင့် ကမ္ဘာတသိန်းသည် ဘုရားတဆူ တဆူ၏ အတိုဆုံး ပါရမီဖြည့်ချိန်တည်း။ တချို့ ဘုရားရှင်တို့မှာ ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ ၁၆-အသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင်ပင် ကြာလေသည်။

(လင်္ကာ) များဝေနေယျ၊ ကိုးကွယ်ကြဖို့၊ ဗုဒ္ဓတဆူ၊ ဖြစ်ဖို့ဟူက၊ အလှူဒါန၊ ကျင့်သီလဖြင့်၊ မရနိုင်ကြောင်း၊ ဆုပန်တောင်းလည်း၊ အကြောင်းမစုံ၊ မဖြစ်တုံဟု၊ အကုန်အစင်၊ သိစေချင်၍၊ ဤတွင်ကာလ၊ ခါသမယနှင့်၊ ဒါနစသည်၊ ပါရမီဟု၊ ဆယ်လီသုံးဆယ်၊ ပြားပုံခြယ်သည်၊ ကိုးကွယ်သူတို့ မှတ်ဖွယ်ကို့။

**ပဉ္စမအခန်း ပြီး၏။**

# ဒုတိယ အခန်း

## (ဘုရားအလောင်းတော် သုမေဓာ ဗျာဒိတ်ခံပုံ)

၁။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်အညီ၊ ပါရမီ၊ သာကီ ဘယ်က စသနည်း။

၂။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်လှစွာ၊ ပါရမီ မှာ၊ သုမေဓာက စသတည်း။

၃။ ဘယ်ချိန်ဘယ်ခါ၊ ဘယ်မြို့မှာ၊ လောင်းလျာ ဘယ်သို့ ဖြစ်သနည်း။

၄။ လေးအသင်္ချေပေါ်၊ ကပ်သိန်းကျော်ဝယ်၊ မြို့တော် အမရာ၊ သုမေဓာ၊ လောင်းလျာ ထိုသို့ ဖြစ်သတည်း။

၅။ အမျိုးအရိုး၊ ဘယ်လိုစိုး၊ ဟိုးဟိုးကျော်ခဲ့ပါသနည်း။

---

၂။ သာကီဝင်မျိုးမှာ ဖြစ်သောကြောင့် မြတ်စွာဘုရားကို "သာကီ" ဟု ခေါ်ပါသည်။ သာကီဝင်မင်းသား ငါတို့ မြတ်စွာဘုရား သည် သုမေဓာဘဝမှစ၍ ပါရမီများကို ဖြည့်ခဲ့ပါသည်။

၄။ မင်းဖြစ်မည့်သူကို "မင်းလောင်း=မင်းလျာ"ဟု ခေါ်သကဲ့သို့ ဘုရားဖြစ်မည့် သူကိုလည်း "ဘုရားအလောင်း=အလျာ" ဟု ခေါ်သည်။ ငါတို့၏ ဘုရားအလောင်းတော်သည် ယခု ကမ္ဘာမှ ပြန်၍ ရေတွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအထက်၌ "အမရဝတီ" မင်းနေပြည်ဝယ် "သုမေဓာ"ဟု ထင်ရှားသော သတို့သားဖြစ်ခဲ့လေသည်။

၆။ မိဘဘေးဘိုး၊ သဋ္ဌေးမျိုး၊ ဟိုးဟိုးကျော်ခဲ့ပါသတည်း။

၇။ ဘယ်ချိန်ခါလောက်၊ အရွယ်ရောက်၊ တတ်မြောက် ပညာ စုံသနည်း။

၈။ ဆယ့်ခြောက်နှစ်လောက်၊ အရွယ်ရောက်၊ တတ်မြောက်ပညာ စုံသတည်း။

၉။ ဥစ္စာကုံလုံ၊ ပညာစုံ၊ ဘယ်ပုံဘယ်သို့ လုပ်သနည်း။

၁၀။ မိဘ ၂-ပါး ကွယ်လွန်သွားကာ၊ ထားခဲ့ဥစ္စာ၊ စဉ်းစားကာ၊ စွန့်ခွါရသော့ လုပ်သာတည်း။

---

၆။ ထို သုမေဓာ၏ အမျိုးကား အမိဘက် အဖဘက် (ဆွေ ၇-ဆက် မျိုး ၇-ဆက်) ဆင်းသက်လာခဲ့သော သဋ္ဌေးမျိုးဖြစ်၏။ အမိ ဖြစ်သူမှာ လွန်စွာ သီလစင်ကြယ်၏။ အထက် ၇-ဆက်လုံး လည်း အခြားအမျိုးဇာတ်နှင့် မရောစပ်ခဲ့ဘူးအောင် အမျိုး သန့်၏။ အမျိုးနှင့်စပ်၍ ဘယ်အခါမျှ အထင်သေး မခံခဲ့ရ၊ အပြောအဆို မခံခဲ့ရ။

၈။ သုမေဓာ သဋ္ဌေးသားကလေးသည် တဆယ့်ခြောက်နှစ် အရွယ် ရောက်သောအခါ ပညာဘက်၌ အဆုံးရောက်အောင် တတ် မြောက် လေသည်။ မိဘ ၂-ပါးကား သုမေဓာ သတို့သား ကလေး ငယ်စဉ်ကပင် ကွယ်လွန်သွားကြ၏။ ဥစ္စာအားလုံးကို ပစ္စည်းထိန်းမင်းကြီးက ထိန်းသိမ်းထား၏။ ပညာတတ်မြောက်၍ ၁၆-နှစ် အရွယ် ရောက်သောအခါ ပစ္စည်းထိန်း မင်းကြီးက ရွှေတိုက် ငွေတိုက် စသော ဘဏ္ဍာတိုက်များကို စာရင်းနှင့်တကွ အပ်နှင်းလေသည်။

၁၀။ ထိုအခါ "ငါ၏ ဆွေမျိုးအဆက်ဆက်တို့ ပစ္စည်းကိုသာ စု၍ သူတို့ပစ္စည်း များကို ယူမသွားနိုင်ကြ"ဟု စဉ်းစားမိ သဖြင့် "ငါကား ဤပစ္စည်းတွေကို စွန့်ကြဲပေးကမ်း၍ ရသော့ ရဟန်း ပြုတော့မည်"ဟု ကြံစည်လေသည်။

၁၁။ ရသေ့ဖြစ်ပြီး၊ ဘယ်လိုများ၊ ကြိုးစားဘယ်သို့ ဖြစ်သနည်း။
၁၂။ ရသေ့ဖြစ်ပြီး၊ လွန်ကြိုးစား၊ ထက်ဖျားစျာန်ယာဉ် မွေ့သတည်း။
၁၃။ စျာန်ယာဉ်မွေ့ကာ၊ နေသောခါ၊ ဘယ်မှာဘာများ ဖြစ်သနည်း။
၁၄။ မွေ့၍စျာန်ယာဉ်၊ နေချိန်တွင်ဝယ်၊ ဒီပင်္ကရာ၊ မည်တော်သာ၊ မြတ်စွာပွင့်၍ လာသတည်း။

---

ထိုသို့ ကြံပြီးနောက် ပစ္စည်းအားလုံးကို စွန့်ကြဲဝေငှသော်လည်း မကုန်နိုင်သဖြင့် "အလိုရှိရာ ယူရစ်ကြတော့"ဟု ပြောဆိုကာ ဘဏ္ဍာတိုက်များကို ဖွင့်ထားခဲ့၍ ဟိမဝန္တာ ဘက်သို့ ထွက်သွားလေ၏။ ဟိမဝန္တာသို့ ရောက်သောအခါ ဝိသကြုံနတ်သား ဖန်ဆင်းထားသော ကျောင်းသခ်မ်းနှင့် ရသေ့ ရဟန်းအဝတ်ကိုတွေ့၍ ရသေ့ ရဟန်း ပြုလုပ်လေသည်။

၁၂။ ရသေ့ ရဟန်း ပြုပြီးသောအခါ ကမ္မဋ္ဌာန်းဘာဝနာကို လွန်စွာကြိုးစားလေရာ ၇-ရက်အတွင်းမှာပင် စျာန်နှင့် အဘိညာဉ်ကို ရလေသည်။ (စျာန်ရပြီး နောက်ထပ်၍ ကြိုးစားမှ ရအပ်သော တရားထူးကို "အဘိညာဉ်"ဟု ခေါ်၏။) စျာန်ရလျှင် သေသောအခါ ဗြဟ္မာ့ဘုံ ရောက်ရ၏။ အဘိညာဉ်ပါ ရလျှင်ကား ဤဘဝမှာပင် မြေလျှိုး မိုးပျံစသော တန်ခိုးများကို ရနိုင်သည်။ သုမေဓာရသေ့လည်း ထို အဘိညာဉ်တန်ခိုးကြောင့် အထက်ကောင်းကင်၌ စျာန်ယာဉ်မွေ့ကာ သွားလာ လှည့်လည်၍နေလေသည်။

၁၄။ ထိုသို့ စျာန်အဘိညာဉ်ဖြင့် ပျော်မွေ့နေစဉ် "ဒီပင်္ကရာ"မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလာ၏။ (နေအာရုံနှင့် တွေ့သောအခါ ပဒုမ္မာကြာပန်းများပွင့်ပုံကို ဥပမာပြု၍ အရဟတ္တမဂ် ဉာဏ်ရောင်နှင့် တွေ့သောအခါ သဗ္ဗညုတဉာဏ် ရတော်မူခြင်းကိုပင် "ဘုရားပွင့်ခြင်း"ဟု ခေါ်ကြသည်။)

၁၅။ မြတ်ဘုရားလျှင်၊ ရသေ့ရှင်၊ ဘယ်တွင် ဘယ်သို့ ကြုံသနည်း။
၁၆။ ရမ္မာမြို့တွင်၊ ဘုရားရှင်၊ ကြွဝင်ခါနီး၊ ကြုံသတည်း။
၁၇။ ကြွဝင်ခါနီး၊ ဘယ်လိုဆီး၊ ရေးဦးကြို ပြုသနည်း။
၁၈။ ညွန်ပြောင်းအပြင်၊ တံတားသွင်၊ တို့ရှင် ခင်း၍ ကြိုသတည်း။

---

၁၆။ ရမ္မာမြို့သူမြို့သား တို့သည် ဒီပင်္ကရာမြတ်စွာဘုရားနှင့် ရဟန္တာ ၄- သိန်းကို ဆွမ်းကပ်လှူဖို့ရန် ပင့်ဖိတ်၍ ဘုရားကြွလာမည့် လမ်းကို ပြင်ဆင်နေကြ၏။ ထိုအခါ သုမေဓာ ရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့် လှည့်လည်လာစဉ် ပျော်ပျော်ရွှင်ရွှင် လမ်းပြင်နေကြသော လူအများကို မြင်၍ ကောင်းကင်မှ ဆင်းကာ အကြောင်းအရာကို မေးလေသော် ဘုရားကြွလာမည် ဖြစ်၍ လမ်းပြင်နေကြ ကြောင်းကို ပြောကြသည်။ ထိုအခါ "ဘုရား" ဟူသော အသံကို ကြားသည်နှင့်တပြိုင်နက် အလွန်အားတက် ဝမ်းမြောက်လှသောကြောင့် ရှင်ရသေ့လည်း တနေရာတောင်း၍ လမ်းပြင်နေလေသည်။

၁၈။ တန်ခိုးဖြင့်ပြင်လျှင် အမြန်ပြီးမည် ဖြစ်သော်လည်း ကိုယ်ဖြင့် ရင်းနှီးမှ သာ၍ အားရသောကြောင့် ကိုယ်တိုင် မြေထမ်း၍ ညွန်ရှိသောလမ်းကို ဖို့နေစဉ်၊ လမ်းမပြီးခင် ဘုရားရှင် ကြွလာလေသည်။ ထိုအခါ ထိုညွန်ပြောင်း (ရွှံ့)ပေါ်တွင် ဘုရားရှင် မနင်းစေလိုသောကြောင့် ပါလာသော လျှော်တေ (ရသေ့ အဝတ်) နှင့် သားရေနယ်ကို ရွှံ့ညွန်ပေါ်မှာခင်း၍ ထိုအပေါ်မှာ မိမိကိုယ်ကို တံတားခင်း သကဲ့သို့ ဝပ်စင်း၍ ကြိုဆိုနေလေသည်။

**မှတ်ချက်။** ။ဤသို့ တံတားကဲ့သို့ ဝပ်စင်း၍ နေခြင်းကား (ဘုရားရှင်နှင့် ရဟန္တာ ၄-သိန်းတို့ နင်းသွားလျှင် ညွန်တွင်းမှာ နစ်မြုပ်ကြေမွသွားလောက်သည်ကို သိပါလျက်) အသက်စွန့်၍ ရဲဝံ့စွာ ဝပ်စင်းနေခြင်း ဖြစ်သည်။

၁၉။ လူ့ဘဝ်ယ်များကော၊ လူသလော၊ မိန့်ဟောဘယ်သို့ ရှိသနည်း။
၂၀။ ယသော်အလောင်း၊ ဆုမြတ်တောင်း၍၊ ခညောင်းဆက်ကမ်း၊ ငါးစည်းပန်း၊ လှူဒါန်းပူဇော် ပါသတည်း။
၂၁။ တံတားခင်းစဉ်၊ တို့အရှင်၊ စိတ်တွင် ဘယ်သို့ ကြံသနည်း။
၂၂။ ထေရ်ရှင်အများ၊ နောက်တော်နားက၊ တပါးရဟန္တာ၊ ဖြစ်နိုင်ပါလည်း၊ များစွာကယ်တင်၊ အစွမ်းမြင်၍၊ ဒီပင် ဘုရား၊ ပုံအလားသို့၊ ဘုရားတဆူ၊ ဖြစ်အံ့ဟူ၊ ဆုယူဓိဌာန် ပြုသတည်း။

---

၂၀။ ဘုရားသခင်ကိုကြိုဆိုနေကြသော ပရိသတ်ထည်းတွင်''သုမိတ္တာ'' မည်သော အမျိုးသမီးတယောက်လည်း ပါဝင်၏။ ထို အမျိုးသမီးသည် ရှင်ရသေ့ကို မြင်လျှင် မြင်ချင်း ရှေးရှေး ဘဝက အဆက်ပါလာခဲ့သူဖြစ်၍စိတ်ထည်းမှာ လွန်စွာကြည်နူးသွား၏။ ရှင်ရသေ့ကို တွေ့ရခြင်းကြောင့် သူ့မှာ လူ့ဘဝရကျိုးနပ်ပြီဟု မှတ်ထင်မိလေ၏။

ထို့ကြောင့် သူ့စိတ်ကူးဖြင့် ဆုထူးတောင်းကာ ပါလာသော ကြာပန်း ရှစ်စည်းတွင် ၃- စည်းကို ဘုရားရှင်အား ကိုယ်တိုင်ပူဇော်ဖို့ချန်၍ ၅-စည်းကို ရှင်ရသေ့လက်သို့ ဆက်ကပ်လိုက်လေသည်။ ရှင်ရသေ့လည်း (ယသော်ဓရာ အလောင်း) သုမိတ္တာ ဆက်ကမ်းလိုက်သော ကြာပန်း ၅-စည်းဖြင့် ဘုရားရှင်ကို ဝပ်စင်းနေရာမှ ပူဇော်လေသည်။ (ဤအကြောင်းကား- ယသော်ဓရာ ထေရီ အပဒါန်မှာ ပါသည်။)

၂၂။ တံတားအသွင် ခင်း၍ ဝပ်စင်းနေစဉ် အရှင်ရသေ့ စဉ်းစားသည်မှာ—

''ငါသည် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်လိုလျှင်၊ ဘုရားရှင်၏ နောက်တော်ပါ သံဃာတော်များ၏ နောက်နားက ရဟန္တာတပါးအဖြစ်ဖြင့် လိုက်သွားနိုင်လောက်သော အရည်အချင်းရှိ၏။ သို့သော် သတ္တဝါအများကို ကယ်တင်နိုင်လောက်

၂၃။ ဒီပင်္ကရာ၊ စော မြတ်စွာ၊ ထိုခါ ဘယ်သို့ မိန့်သနည်း။

၂၄။ တံတားခင်း၍၊ အလှူမွေ့သည့်၊ ရသေ့မြတ်ကား၊ ငါ့အလား သို့၊ ဘုရားတဆူ၊ ဖြစ်မည့်သူဟု၊ ဗိုလ်လူကြိတ်ကြိတ်၊ ကောင်း ချီးဟိတ်၊ ဗျာဒိတ် ပေးတော် မူသတည်း။

---

အောင် အစွမ်းသတ္တိ ရှိပါလျက် တကိုယ်တည်း အလွတ်ရုန်း သွားခြင်းကား မသင့်လျော်ချေ။ ထို့ကြောင့် ဒီပင်္ကရာဘုရား ကဲ့သို့ ဘုရားတဆူဖြစ်အောင် ကြိုးစားတော့မည်''ဟု စိတ်၌ စွဲမြဲစွာ မိဋ္ဌာန်လိုက်လေသည်။

**မှတ်ချက်**။ ။ ဤသို့ ဘုရားဖြစ်ရန် မိဋ္ဌာန်လိုက်ခြင်းကို ''ဘုရားဆု တောင်းသည်''ဟု ပြောစမှတ်ပြုကြသည်။ ကျမ်းစာတို့၌ ''ဗုဒ္ဓေါ ဘဝေါမိ= ဘုရားဖြစ်ရပါလို၏'' ဟု မလာ။ ''ဗုဒ္ဓေါ ဟေဿံ= ဘုရားဖြစ်အံ့'' စသည်ဖြင့်သာ လာသည်။

၂၄။ ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ ''အသက်ကိုစွန့်ကာ ကိုယ်ခန္ဓာကို တံတားကဲ့သို့ ခင်းနေသော ဤရသေ့သည် ငါဘုရားကဲ့သို့ နောင်သောအခါ ဘုရားတဆူဖြစ်လိမ့်မည်''ဟု ဗျာဒိတ်ပေးတော်မူသည်။ ထိုအခါ ရောက်လာသော ပရိသတ်ကြီးလည်း ကြိတ်ကြိတ် တိုးကာ ''ဘုရားအလောင်းတဲ့- ဘုရားအလောင်းတဲ့''ဟု ကောင်းချီး ပေးကြလေသည်။

ဗျာဒိတ်ပေးတော်မူပြီးလျှင် ဘုရားရှင်သည် ရသေ့အပေါ် နင်းတော်မမူပဲ ရှောင်လွှဲ၍ ကြွသွားတော်မူ၏။ ထိုအခါ ဗျာဒိတ် ရလိုက်သော အလောင်းတော် သုမေဓာသည် အလွန်ရွှင်ပျသော စိတ်ဖြင့် ဝမ်းလျားမှောက်ရာမှ ထ၍ တင်ပလ္လင် ဖွဲ့ခွေထိုင်နေ ပြီးလျှင်....ဘုရားဖြစ်ကြောင်း တရားကောင်းများကို ဆင်ခြင် တော်မူသောအခါ ''ဒါနသီလ'' စသော ပါရမီ ဆယ်ပါးကို

အစဉ်အတိုင်း မြင်တော်မူ၏။ ထိုသို့ မြင်တော်မူ၍ ထိုပါရမီများကို အပြန်အလှန် ထပ်မံ ဆင်ခြင်ပြန်ရာ ထိုဆင်ခြင်သော ဉာဏ်၏ အစွမ်းကြောင့် မြေငလျင် ပြင်းစွာ တုန်လှုပ်ရလေသည်။

**မှတ်ချက်**။ ။"နောင်အခါ မည်ကဲ့သို့ ဖြစ်လိမ့်မည်"ဟု ဘုရားတဆူ၏ မိန့်ခွန်းတော် စကားကို "ဗျာဒိတ်"ဟု ခေါ်၏။ ပါဠိ၌ "ဗျာကာသိ"စသည်ဖြင့် သုံးစွဲ၏။

**(ထက်ာ)** သုမေဓာခေါ်၊ အလောင်းတော်သည်၊ ထို ရှေးကာလ၊ ခါသမယ၌၊ ဘုရာ့တံဆိပ်၊ မိန့်ဗျာဒိတ်ကို၊ ဦးထိပ်ပန်ဆင်၊ တင်ပလ္လင်ဖြင့်၊ ဖွဲ့တင်ကျနု၊ ထိုင်ပြီးမှလျှင်၊ ဗုဒ္ဓဖြစ်ကြောင်း၊ တရားကောင်းကို၊ စုပေါင်းဆင်ခြင်၊ စုံအောင်မြင်သော်၊ ဉာဏ်စင် ထက်မြက်၊ စွမ်းအတွက်ကြောင့်၊ ဘဝဂ်ခိုက်ကြို၊ ငလျင်တုံသည်၊ မြေခုံငြိမ့်ငြိမ့် တသိမ့်သိမ့်။

## ဒုတိယ အခန်း ပြီး၏။

ဤစာဖတ်သူတို့သည် ပါရမီကောင်းမှု ဖြည့်ရာ အချိန်အခါနှင့် ဘုရားလောင်း သုမေဓာ၏ ဗျာဒိတ်ရပုံများကို သိခဲ့ကြရပြီ။ ယခုလာမည့်အခန်း၌ကား ဒါန စသော ပါရမီတို့၏သဘော (အစစ်အမှန်)ကိုလည်းကောင်း၊ ဘုရားအလောင်းပါရမီဖြည့်တော်မူပုံကိုလည်းကောင်း သိရပါလိမ့်မည်။ အတုယူနိုင်လျှင်ယူ အတုမယူနိုင်လျှင် ကြည်ညိုကြပါလေ။

# တတိယ အခန်း

(ဤအခန်း၌ ပါရမီဆယ်ပါး၏ သဘောနှင့် အလောင်းတော် ဖြည့်ကျင့်ပုံကို ပြထား၏။)

## (က) ဒါနပါရမီ ဖြည့်တော်မူပုံ

၁။ ဒါနဖြစ်ပုံ၊ ပြောပါကုန်၊ စုံစုံလင်လင် ဘယ်သို့နည်း။

၂။ လောကဂုဏ်သိန်၊ စည်းစိမ်မမက်၊ သက်သက်အလှူ၊ ခံယူသူသား၊ ချမ်းသာစေကြောင်း၊ ငဲ့ညှာစောင်း အလောင်းတော်တို့ ဒါနတည်း။

၃။ ဒါနပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ သိဝိမင်းမြတ်၊ ဝေဿန် ဇာတ်ဝယ်၊ ဖြစ်လတ် ကာလ၊ ခါ သမယ၌၊ ဒါန၊ စာဂီ၊ ပါရမီ၊ သာကီ တို့ဖျား ဖြည့်သတည်း။

---

၂။ ယခုကာလ ဒါနပြုသူ တချို့သည် "အလှူရှင်ကြီး၊ ကျောင်း-ဒကာကြီး၊ ဘုရားဒကာကြီး" စသည်ဖြင့် လောက ဂုဏ်ကိုလည်း ရလိုကြ၏။ ဤကောင်းမှုကြောင့် နောင်ဘဝ၌ လူစည်းစိမ် နတ်စည်းစိမ် စသည်ကိုလည်း တောင့်တကြ၏။

ဘုရားအလောင်းတော်ကား ထိုဂုဏ်သိန် ထိုစည်းစိမ်များကို မမက်မော မတောင်းတပေ။ မိမိ အလှူကို ခံယူသူများ ချမ်းသာစေလိုသော မေတ္တာနှင့် သနား ကရုဏာကိုသာ အရင်းခံထား၍ စွန့်ကြဲ ပေးကမ်း လှူဒါန်းတော်မူသည်။ တရံတခါ ထိုအလှူကြောင့် သဗ္ဗညုတဉာဏ် (အလုံးစုံကို သိသောဉာဏ်) ရဖို့ရန်လည်း ရည်သန် တောင့်တတော်မူ၏။

၄။ ဘုရား အလောင်း၏ ဒါနပါရမီ ဖြည့်ကျင့်တော်မူရာ ဘဝတို့သည် အလွန်များကုန်၏။ ထိုဘဝတို့တွင် သိဝိမင်းဘဝနှင့် ဝေဿန္တရာမင်း ဘဝကားအလွန် ထင်ရှား၍ အများသိပြီးသော ဘဝများ ဖြစ်ပေသည်။

၅။ သိဝိ ဘုန်းကြွယ်၊ ဘယ်သို့နွယ်၊ လှူဖွယ်ဝတ္ထု ပေးသနည်း။

၆။ သိဝိထွတ်ဘုန်း၊ သူ့မျက်လုံးကို၊ ရှင်ပြုံးကြည်ဖြူ၊ ထုတ်၍ယူ၊ လှူတော်မူခဲ့ ပါသတည်း။

၇။ ဝေဿန် မင်းမူ၊ ဘယ်သို့ဟူ၊ အလှူတော်ကြီး ပေးသနည်း။

၈။ ဝေဿန် မင်းဖျား၊ လောင်းဘုရားကား၊ ဝတ်စားဖွယ်ဟူ၊ နေ့စဉ်လှူ၍၊ ဆင်ဖြူတော်သည်း၊ လှူ၍ပြီးက၊ တောကြီး၌ပျော်၊ သမီးတော်နှင့်၊ သားတော် ကြင်ယာ လှူသည်မှာ၊ မြေပါတုန်၍ ဟည်းသတည်း။

---

၆။ ငါတို့ ဘုရားအလောင်းတော်သည် သိဝိမင်းဖြစ်ခဲ့ဘူး၏။ ထိုအခါ သိကြားမင်းသည် သိဝိမင်း၏ အလှူဒါနဘက်၌ စိတ်အား ထက်သန်ပုံကို စုံစမ်းလို၍ မျက်စိမမြင်သော ပုဏ္ဏားအိုယောင် ဟန်ဆောင်ကာ မျက်လုံးတဖက်ကို အလှူခံလာ၏။ သိဝိမင်းသည် မျက်စိတဖက်ကိုသာ အလှူခံသော သိကြားမင်းအား မျက်စိ ၂-ဖက်လုံးကိုပင်ထုတ်၍ လှူခဲ့လေသည်။ (ထိုသို့ လှူပြီးနောက် သိကြားမင်း ပြန်လာ၍ သစ္စာဆိုစေရာ ထိုသစ္စာ အစွမ်းကြောင့် မျက်လုံး အသစ်ရခဲ့လေသည်။)

၈။ ဝေဿန္တရာမင်းဘဝ၌ ဘုရားအလောင်းတော်သည် အလှူရုံကြီး ၆-ရုံ ဆောက်လုပ်စေ၍ နေ့စဉ် ၆-သိန်းတန် စားသောက်ဖွယ်နှင့် အဝတ်များကို လှူ၏။ ကလိင်္ဂတိုင်းမှ ပုဏ္ဏားတို့သည် ဆင်ဖြူတော်ကို အလှူခံ လာကြရာ၌ အဖိုးမပြတ်နိုင်အောင် ထိုက်တန်သော ဆင်ဖြူတော်ကို အဖိုးမပြတ်နိုင်အောင် ထိုက်တန်သော ဆင်၏ တန်ဆာများနှင့်တကွ လှူတော်မူ၏။

ဆင်ဖြူတော် လှူသည့်အတွက် တိုင်းသူပြည်သားတို့ မကျေနပ်မှုကြောင့် ဟိမဝန္တာ ဝင်္ကတောင်သို့ ထွက်သွားရ၍ မဒ္ဒီမိဖုရား၊ သားတော်ဇာလီ၊ သမီးတော် ကဏှာဇိန်နှင့်အတူ ရသေ့

## (ခ) သီလပါရမီ ဖြည့်ကျင့်တော်မူပုံ

၁။ သီလစောင့်ဟန်၊ ပြောပြချန်၊ တောင်းပန်ပါသည်၊ ဘယ်သို့နည်း။

၂။ ငါးပါးသီလ၊ ကိုယ်ကျင့်မျှကို၊ ကောင်းရစေကာ၊ ဥပုသ်မှာဝယ်၊ စိတ် စင်ကြယ်ဖို့၊ ရည်ရွယ် ကျန၊ စောင့်သုံးရ၊ သီလစောင့်ပုံ ဤသို့တည်း။

၃။ သီလပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

---

ဝတ်ဖြင့် နေရရှာ၏။ ထိုအခါ၌လည်း အလှူခံလာသော ဇူဇကာ ပုဏ္ဏားအား သားတော် သမီးတော် ၂-ပါးကို လှူပြန်၏။

နောက်တရက်၌ ပုဏ္ဏားယောင် ဆောင်လျက် မိဖုရားကို အလှူခံလာသော သိကြားအား မဒ္ဒီ မိဖုရားကို လှူပြန်၏။ (သိကြားမင်း ဖြစ်ကြောင်းကို ပြောပြ၍ မဒ္ဒီ မိဖုရားကို ပြန်အပ်ခဲ့သည်။) ထိုသို့ အကြီး အကျယ် လှူတိုင်းပင် မြေငလျင်ကြီး ပွဲ့တင်ဟည်းလျက် သည်းထန်စွာ တုန်လှုပ်ရလေသည်။

၂။ ၁-သူ့အသက်မသတ်ခြင်း၊ ၂-သူ့ဥစ္စာမခိုးခြင်း၊ ၃-သူ့မယား (ကိုယ့်လင်မှတပါး အခြားယောကျ်ား)တို့နှင့် မပျော်ပါးခြင်း၊ ၄-မုသား မပြောခြင်း၊ ၅-သေရည် အရက် မသောက်ခြင်း၊ ဤ ငါးပါးသီလသည် ကိုယ်ကျင့်ကောင်းရုံ ဖြည့်ရသော သီလတည်း။

ဥပုသ်သီလကား ကိုယ်ကျင့် ကောင်းရုံတွင် မကပဲ ၁-နေလွဲအခါ အစာ မစားခြင်း၊ ၂-ကမ္မ သီချင်းဆိုမှု တီးမှုတ်မှုတို့ကို မပြုမကြည့် နားမထောင်ခြင်း၊ အမွှေးအကြိုင် ပန်းနံ့သာတို့ကို မသုံးခြင်း၊ ၃-မြင့်သောနေရာ ကြီးကျယ် ခမ်းနားသောနေရာ၌ နေခြင်း အိပ်ခြင်းတို့ကို ရှောင်၍ ကိုယ့်မယား (ကိုယ့်လင်)နှင့်မျှ မပျော်ပါးပဲ ရဟန္တာကဲ့သို့ စိတ်စင်ကြယ်အောင် စောင့်ထိန်းရခြင်းတည်း။

၄။ အလိနသတ်၊ မင်းသား ဇာတ်နှင့်၊ သူမြတ် ဗောဓိ၊ ရသေ့ ၏လျှင်၊ ဖြစ်သည့်ကာလ၊ ခါသမယ၌၊ သီလပါရမီ၊ ကျင့်ဆောက်တည်၊ သာကီတို့ဖျား၊ ဖြည့်သတည်း။

၅။ အလိနသတ်၊ မင်းသားဇာတ်၌၊ မြတ်သီလဂုဏ်၊ ဘယ်လိုခြုံ၊ လုံအောင် တို့ဘုန်း ထိန်းသနည်း။

၆။ ဘီလူးအထံ၊ အစားခံဖို့၊ သွားရန်ကိစ္စ၊ ကြုံစဉ်ကလျှင်၊ သီလညှိုးမည်၊ စိုးရိမ်သည်ကြောင့်၊ ထို ဤ လက်နက်၊ မဆောင်ရှက်ပဲ၊ လက်နက် သီလ၊ ထက်မြက်စွ၊ ဗုဒ္ဓလောင်းတော်သုံးသတည်း။

၇။ ဗောဓိမည်ခေါ်၊ရသေ့ကျော်၊စောင့်သော်သီလ၊ဘယ်သို့နည်း။

၀။ လူဖြစ်စဉ်က၊ ကြင်ဖော်မ ဟု၊ အလှပြည့်ကြွယ်၊ ရသေ့မယ်ကို၊ ရှေ့ဝယ်အတင်း၊ ဘုရင်မင်းက၊ ဆောင်ကြဉ်းယူလစ်၊ ဒေါသဖြစ်လည်း၊ ဖြစ်သည့်ဒေါသ၊ မထွက်ရအောင်၊ သီလဖြင့်အုပ်၊ နိုင်အောင်ချုပ်၊ အဟုတ်တကယ် စောင့်သတည်း။

---

၄။ ငါတို့ ဘုရားအလောင်းတော်သည် များစွာသော ဘဝတို့၌ သီလပါရမီ ဖြည့်ခဲ့၏။ ထိုဘဝတို့တွင် အလိနသတ္တု မင်းသားနှင့် ဗောဓိရသေ့ဘဝကိုသာ ပြပါမည်။

၆။ ဘုရားအလောင်းတော်သည် "အလိနသတ္တု" မင်းသားဘဝ၌ ခမည်းတော်မင်း၏ ကိုယ်စား ဘီလူး အထံသို့ အစားခံဖို့ရန် သွားခွင့်ကြုံလာ၏။ ထိုအခါ တစုံတခု လက်နက်ယူသွားလျှင် ဘီလူးကို ချိန်းချောက်ရာရောက်မည်ဖြစ်၍ ငါ၏ သီလ ညှိုးနွမ်းလိမ့်မည်ဟု စဉ်းစားမိ၏။ ထို့ကြောင့် ဓား၊ လှံ၊ သေနတ် လက်နက်များကို မယူပဲ၊ သီလကိုသာ လက်နက်လို သဘောထား၍ သွားလေသည်။ ဘီလူးလည်း သူ၏ ရဲဝံ့သော အမူအရာမြင်၍ မစားဝံ့ချေ။

၀။ ဘုရားအလောင်းသည် သဒ္ဒေးဘဝမှ သဒ္ဒေးကတော်နှင့်အတူ

## (ဂ) နေကွမ္မပါရမီ ဖြည့်တော်မူပုံ

၁။ နေကွမ္မဂုဏ်၊ တောထွက်ပုံ၊ သင့်ရုံပြောပါ ဘယ်သို့နည်း။

၂။ လောကီ အာရုံ၊ ကာမဂုဏ်ကို၊ မစုံမမက်၊ စွန့်ခွါထွက်၍၊ နှစ်သက်ရာမှန်း၊ ကမ္မဋ္ဌာန်းနှင့်၊ ရဟန်းရခဲ့ ပြုသမျှ၊ ခေါ်လေ့ နေကွမ္မ ဤသို့တည်း။

၃။ နေကွမ္မ ဓာတ်၊ ပါရမီမြတ်၊ ဘယ်ဇာတ် တို့ဖျား ဖြည့်သနည်း။

---

တောထွက်၍ ရသေ့ပြုလေရာ "ဗောဓိရသေ့"ဟု ထင်ရှား၏။ ရသေ့မကလေးသည် အလွန် အဆင်းလှ၏။ ဝိသာလက္ခီ ကျယ်ဝန်းသော မျက်လုံးရှိ၏၊ သံမှိတဟာသိနီ-ခတ်ပြုံးပြုံး နေလေ့ရှိ၏။

ထိုရသေ့နှင့် ရသေ့မကလေးတို့သည် တောထည်း၌ ဆယ်နှစ်လောက်ကြာအောင် နေကြပြီးမှ လူတို့နေရာ မြို့ရွာသို့လာ၍ ဗာရာဏသီပြည် မင်းဥယျာဉ်၌ နေစဉ် ရှင်ဘုရင်က ရသေ့မကလေးကိုမြင်၍ အတင်းဆောင်ယူသွား၏။

ထိုအခါ ဗောဓိရသေ့မှာ ဒေါသ အလွန်ဖြစ်၏။ သို့သော် ထိုဒေါသကို အပြင်မထွက်ရအောင် သီလဖြင့် နိုင်အောင် ထိန်းသိမ်း ချုပ်တည်းခဲ့လေသည်။ နောက်၌ကား အလိုသို့ မပါသော ရသေ့မကလေးကို ရှင်ဘုရင်က ပြန်၍ပို့ရလေသည်။

၂။ သားသမီးနှင့် ဇနီးစသော သက်ရှိပစ္စည်း၊ ရွှေငွေ ဥစ္စာ စသော သက်မဲ့ပစ္စည်းများကို "ကာမဂုဏ်"ဟု ခေါ်၏။ (ကာမ=လိုချင်စရာ နှစ်သက်စရာ ကောင်းသော + ဂုဏ် (ဂုဏ) = မခွါနိုင်အောင် နှောင်ဖွဲ့တတ်သော အရာဝတ္ထုများကိုပင် လောက၌ မွေ့လျော် ပျော်စရာအာရုံဖြစ်၍ "လောကီအာရုံ" ဟု လည်း ခေါ်၏။)

၄။ ယုဓ္ဓယ၊ အယောဃရတို့၊ ဖြစ်ကြပါဆို၊ တို့သာကီ၊ ပါရမီ နေက္ခမ္မ ဖြည့်သတည်း။
၅။ ယုဓ္ဓယ၊ ဖြစ်ကာလ၌၊ နေက္ခမ္မဇော၊ ဘယ်သို့စော၊ မြိုင်တောခွါ၍ ထွက်သနည်း။
၆။ ယုဓ္ဓယော်၊ အိမ်ရှေ့ပျော်သည်၊ မြက်ဖူးပေါ်ဆီနှင်း၊ ကျပျောက် ခြင်းသို့၊ စိတ်တွင်းမှာကြိမ်၊ သက်ဇီဝိန်လည်း၊ မငြိမ်ခဏ၊ ချုပ် ပျက်ရဟု၊ နေက္ခမ္မဇော၊ ဤသို့စော၊ မြိုင်တောခွါ၍၊ ထွက် သတည်း။

---

ထိုကဲ့သို့ လောကီအာရုံ ကာမဂုဏ်များကို မစုံမက်တော့ပဲ စွန့်ခွါ၍ အိမ်မှထွက်ပြီးလျှင် သာသနာပ ကာလ၌ ရသေ့ လုပ်ခြင်း၊ ယခုလို သာသနာအတွင်း၌ ရဟန်းပြုလုပ်ခြင်း (မိန်းမဖြစ်လျှင် သီလရှင် = ရသေ့မ ပြုလုပ်ခြင်း) မျိုးကို "တောထွက်ခြင်း = နေက္ခမ္မ ပါရမီဖြည့်ခြင်း" ဟု ခေါ်၏။ (နေက္ခမ္မ=အကုသိုလ်မှ လည်းကောင်း၊ အိမ်မှ လည်းကောင်း ထွက်ခြင်း။)

၄။ ငါတို့ မြတ်ဘုရား အလောင်းတော်၏ နေက္ခမ္မပါရမီဖြည့် ကျင့်ရာ ဘဝတွေသည် အလွန်များပါပေ၏။ ယုဓ္ဓယ မင်းသား ဘဝနှင့် အယောဃရ မင်းသားဘဝကိုသာ မှတ်သားနှင့်ရှိ ထုတ်ပြပါမည်။

၆။ "ယုဓ္ဓယ" မည်သော အိမ်ရှေ့မင်းကလေးသည် ဆောင်း အခါ နံနက်စောစော ဥယျာဉ်တော်သို့ ထွက်သွား၏။ မြက်ဖျား ပေါ်၊ သစ်ပင်ဖျားပေါ်တို့၌ နှင်းတွေကို မြင်ရ၏။ နေထွက် လာသောအခါ နှင်းတွေ အရည်ပျော်၍ မြေပေါ်ကျကုန်၏။ နှင်းတွေ အရည်ပျော်၍ ကျကုန်သကဲ့သို့ စိတ်တွင်းမှာ တည်ရှိ သော အသက် ဇီဝိန်လည်း အချိန်ရှိသမျှ ခဏတိုင်း ပျက် နေကြသည်–ဟု တွေးမိကာ လွန်စွာငြီးငွေ့၏။ ထိုကြောင့် အိမ်ရှေ့

၇။ အယောဆရ၊ မင်းသားဘဝ၌၊ နေကမ္မမြိုင်၊ စိတ်တော်ယိုင်၊ ဂနိုင်ဘယ်သို့ ထွက်သနည်း။

၈။ အယောဆရ၊ မင်းသားကမူ၊ ဆယ်လဝမ်းတွင်း၊ သံအိမ်တွင်းမှ၊ လွတ်ကင်းပြီးနောက်၊ အရွယ်ရောက်လည်း၊ ထိုနောက် သေဘေး၊ မလွတ်သေးဟု၊ အတွေးတော်ကွန့်၊ ထီးနန်းစွန့်၊ လောင်းညွန့်ဂနိုင် ထွက်သတည်း။

(ဿ) ပညာပါရမီ ဖြည့်တော်မူပုံ

၁။ ပညာဖြစ်ပုံ၊ နည်းမျိုးစုံ၊ ကုန်အောင် ဘယ်သို့ ဖြည့်သနည်း။

၂။ တတ်အောင်လည်းသင်၊ တတ်ပြီးလျှင်လည်း၊ ပင်ကိုယ်ဉာဏ်ဖြင့်၊ ထပ်ကာဆင့်၍၊ အသင့်ပွါးတိုး၊ များအကျိုး၊ သယ်ပိုးဆောင်၍ ဖြည့်သတည်း။

---

မင်း စည်းစိမ်နှင့် နောင်ခါ ရမည့် ထီးနန်းစည်းစိမ်ကို စွန့်ခွါ၍ ရသေ့ပြုလုပ်သွားလေသည်။

၈။ အယောဆရ မင်းသားကား ဖွားမြင်ပြီးနောက် ဘီလူးရန်ကို ကြောက်သဖြင့် သံအိမ်အတွင်းမှာ ၁၆-နှစ် အရွယ်တိုင်အောင် ထား၍ ပညာသင်ပေးကြ၏။ ၁၆-နှစ် အရွယ်ရောက်သော် ထီးနန်းအပ်မည်ဟု အပြင်သို့ ဆောင်ယူကြ၏။ ထိုအခါ အမိဝမ်းတွင်း၌ ဆယ်လလောက် အောင်းပြီးလျှင် သံအိမ်အတွင်းမှာ ၁၆-နှစ် နေ၍ လွတ်ခဲ့ရသော်လည်း သေခြင်းဘေးမှ မလွတ်နိုင်သေးဟု အတွေးတော် ကွန့်၍ ထီးနန်းကို လက်မခံပဲ ပယ်စွန့်ကာ ရသေ့ပြုလုပ်သွားလေသည်။

၂။ ပညာပါရမီ ဖြည့်ရာ၌ ပဌမ တတ်သိ နားလည်အောင် သင်ရ၏။ တတ်ပြီးသော အခါ မိမိ ပင်ကိုယ် ဉာဏ်ဖြင့် တဆင့်တိုးအောင် ကြံစည်စဉ်းစားရ၏။ ထိုသို့ တတ်သိနားလည်ထားသော ပညာကို သူတပါး တတ်အောင်သင်ပြမှု၊ ထိုပညာဖြင့် အများ အကျိုး ရှိအောင် ရွက်ဆောင်မှုကို ပြုရသည်။

၃။ ပညာဉာဏ်ဓာတ်၊ ပါရမီမြတ်၊ ဘယ်ဇာတ် တို့ဖျား ဖြည့်သနည်း။

၄။ မတ်ဝိဓုရ၊ မဟောသဓတို့၊ ဖြစ်ကြခါဆီ၊ ပညာမည်၊ ပါရမီ တို့ဖျား ဖြည့်သတည်း။

၅။ ဝိဓုရမည်ဟည်း၊ အမတ်ကြီးမှာ၊ ဘယ်နည်းဘယ်ပုံ၊ ပညာ့ဂုဏ်၊ စုံအောင်ပြ၍ သွားသနည်း။

၆။ ဝိဓုရမည်လတ်၊ မင်းအမတ်မှာ၊ နတ်ပုဏ္ဏက၊ ဆိုဆုံးမလျက်၊ ဇီဝအသက်၊ လှူအောင်ဆက်၍၊ လက်နက်မဆောင်၊ ပညာရောင် ထွန်းပြောင်စေခဲ့ ပါသတည်း။

၇။ မဟောသဓာ၊ ဖြစ်သောခါဝယ်၊ ပညာတန်ခိုး၊ ဘယ့်လောက်စိုး၊ ဟိုးဟိုးကမ္ဘာ ကျော်သနည်း။

၈။ မဟော်ပဏ္ဍိ၊ ပညာရှိကား၊ မိမိပညာ၊ လက်နက်သာဖြင့်၊ ကမ္ဘာ မင်းတွေ၊ မသေစေပဲ၊ ရန်ပြေငြိမ်းအောင်၊ အကျိုးဆောင်၊ ခုတောင် ကမ္ဘာ ကျော်သတည်း။

---

၄။ ငါတို့ ဘုရားအလောင်းတော်၏ ပညာပါရမီ ဖြည့်ကျင့်ခဲ့ရာ ဘဝတွေသည် အများပင် ရှိပါပေ၏။ အမတ်ကြီး ဝိဓုရပညာရှိ နှင့် မဟောသဓ ပညာရှိ ဘဝ တို့၌ကား ပညာတန်ခိုးဖြင့် အများ အကျိုးရှိအောင် ရွက်ဆောင်ပုံ ထင်ရှားပါပေသည်။

၆။ ကြွေအန် ကစားရာ၌ ရှုံးသော ကောရဗျ မင်းသည် ဝိဓုရ အမတ်ကြီးကို ပုဏ္ဏက နတ်ဘီလူးအား ပေးလိုက်ရ၏။ ဝိဓုရ အမတ်သည် ကြမ်းတမ်းလှစွာသော ပုဏ္ဏက နတ်ကို သူ၏ပညာ အစွမ်းဖြင့် ယဉ်ကျေးအောင် ဆုံးမ၍ မိမိကို မသတ်အောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

၈။ စူဠနီဗြဟ္မဒတ် မင်းသည် ဇမ္ဗူဒိပ် မင်းပေါင်း တရာလောက်ကို ဖမ်းပြီးလျှင် အဆိပ် ခပ်သော အရက်ကို တိုက်၍ သတ်ဖို့ ကြံ၏။ မဟောသဓာသည် ထိုအကြံကို သူ၏ ဉာဏ်ဖြင့် ပျက်

## (င) ဝီရိယပါရမီ ဖြည့်တော်မူပုံ

၁။ ဝီရိယကား၊ ဘယ်လိုများ၊ ဘုရားအလောင်း ဖြည့်သနည်း။

၂။ အပြစ်ကင်းပျောက်၊ ကိစ္စရောက်က၊ မကြောက်မရွံ့၊ နောက်မတွန့်ပဲ၊ သက်စွန့်ကြိုးစား၊ လုံ့လပွါး၊ ဘုရားအလောင်း ဖြည့်သတည်း။

၃။ ဝီရိယပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ ဝဏ္ဏုပထ၊ ဇာတကနှင့်၊ ဇနကမင်းသား၊ တို့ဘုရား၊ ကြိုးစား လုံ့လ ပြုသတည်း။

---

အောင် ဖျက်ခဲ့လေသည်။ စူဠနီဗြဟ္မဒတ် မင်းနှင့် ဝိဒေဟရာဇ် မင်းတို့ စစ်ခင်းရာ၌လည်း မဟောသဓာသည် တယောက် တလေမျှ အသက်မသေရအောင် သူ၏ ပညာအစွမ်းဖြင့် စစ်ပြေငြိမ်းသည်အထိ စွမ်းဆောင်နိုင်ခဲ့ပါသည်။

၂။ အကုသိုလ် အပြစ်မရှိသော ကိစ္စများ တွေ့ကြုံလာလျှင် ကြောက်ခြင်း၊ ရွံ့ခြင်း၊ နောက်တွန့်ခြင်း မရှိပဲ (အသက်စွန့်တန်လျှင် စွန့်၍) ကြိုးစားသော အားဖြင့် ဝီရိယ (လုံ့လ) ပါရမီကို ဘုရားအလောင်း ဖြည့်တော်မူပါသည်။

၄။ ငါတို့ ဘုရားအလောင်းသည် ဘယ်အခါမှ လုံ့လ ဝီရိယ လျှော့ချလေ့ မရှိခဲ့ပါ။ ဝဏ္ဏုပထ ဇာတ်တော်နှင့် ဇနက မင်းသား ဘဝ၌ လုံ့လဝီရိယ ပြုတော်မူပုံကိုသာ မှတ်သားကြရုံ ထုတ်ပြပါမည်။

**မှတ်ချက်။** ။ဝဏ္ဏုပထဇာတ် ဟုလည်း ခေါ်၏။ ထိုဇာတ်၌ ဘုရားအလောင်း၏ ကြိုးစားပုံမှာ အသက် ကယ်ရာ ရောက်သဖြင့် ပရမတ္ထဝီရိယပါရမီ ဖြစ်လေသည်။

၅။ ဝဏ္ဏပထ၊ ဇာတ်ကာလ၌၊ ဝီရိယအား၊ တို့ဘုရား၊ ကြိုးစားဘယ်သို့ ထုတ်သနည်း။

၆။ လှည်း ကုန်သည်ပေါင်း၊ ခေါင်းဆောင်ကောင်းဟု၊ အလောင်း မြတ်စွာ၊ ထိုစဉ်ခါဝယ်၊ ရေ–စာ ရအောင်၊ လုံ့လဆောင်၊ မြားမြောင်အသက် ကယ်သတည်း။

၇။ မင်းသား ဇနက်၊ ဘယ်အချက်၊ ဘယ်တွက် လုံ့လ ပြုသနည်း။

၈။ မင်းသား ဇနက်၊ သင်္ဘောပျက်လည်း၊ စိတ်စက်မညစ်၊ အားကုန် လှစ်၍၊ လက်ပစ်ကူးကာ၊ ကြိုးစားပါ၊ လွန်စွာ ထူးကဲ ပါသတည်း။

---

၆။ လှည်းကုန်သည် အပေါင်း၏ ခေါင်းဆောင်ကောင်း (လှည်းမှူးကြီး) ဖြစ်ခဲ့သော ငါတို့ဘုရားအလောင်းသည် ရေမရှိသော သဲကန္တာရခရီး၌ ရေမရသဖြင့် သေကြရတော့မည် ဖြစ်သော လှည်းကုန်သည်များ၏ အသက်ကို ရေရအောင် ကြိုးစား၍ ကယ်ဆယ်ခဲ့ပါသည်။

၈။ မဟာဇနကမင်းသားသည် သင်္ဘောစီးသူ လူပေါင်းခုနစ်ရာ နှင့်အတူ ပင်လယ်ကူးစဉ် သင်္ဘောပျက်လေရာ လူအားလုံးပင် မကြိုးစားတော့ပဲ အသေခံကြသော်လည်း အလောင်းတော် မင်းသားကလေးကား ၇-ရက်လုံးလုံး လက်ပစ်ကူးကာ လွန်စွာ ကြိုးစားခဲ့ပါသည်။

ထို့နောက် မဏိမေခလာနတ်သမီးကယ်ဆယ်၍ အသက်ဘေးမှ လွတ်မြောက်ရုံမက မိထိလာပြည်ကြီးကိုပင် စိုးစံရပါသည်။ လက်ပစ်ကူး၍ မကြိုးစားလျှင်ကား ကယ်ဆယ်သူနှင့်တွေ့နိုင်မည် မဟုတ်၍ အများနည်းတူ အသက်သေဖို့ပင် ဖြစ်လေသည်။

## (၈) ခန္တီပါရမီ ဖြည့်တော်မူပုံ

၁။ ခန္တီတရား၊ သည်းခံခြင်း၊ စိတ်ထားဘယ်သို့ ဖြည့်သနည်း။

၂။ လူမိုက်အမူ၊ ငါပြန်ပြုလျှင်၊ သူလိုငါလဲ၊ လူမိုက်ပဲဟု၊ စိတ်ထဲ တွေးဆ၊ အေးမြမြနှင့်၊ ဒေါသမထွက်၊ စိတ်မပျက်၊ သက်သက် အနာခံသတည်း။

၃။ ခန္တီပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ မျောက်မင်းဘဝ၊ ရသေ့ဘဝ၌၊ သည်းခံရမည်၊ ထိုခန္တီ၊ သာကီ တို့ဖျား ဖြည့်သတည်း။

၅။ မျောက်မင်းဖြစ်စဉ်၊ ဘယ်သို့လျှင်၊ တို့ရှင် သည်းခံပါသနည်း။

၆။ အသက်ကယ်ထား၊ မိုက်ပုဏ္ဏားက၊ သနားမပြု၊ ကျောက်ဖြင့် ထုလည်း၊ ရန်တုမပြန်၊ သည်းညည်းခံလျက်၊ လူ့ထံရောက်ဖွယ်၊ ထပ်၍ကယ်၊ အိုဘယ်ထူးပေ့ ခန္တီတည်း။

---

၂။ "ငါ့အပေါ်၌ လူမိုက်ပြုသောစော်ကားမှုကို ငါကပြန်ပြုလျှင် ငါလဲသူ့လို လူမိုက်ဖြစ်မှာပဲ"ဟု စိတ်ထဲမှာတွေးဆ၍ ဒေါသ မထွက်ပဲ စိတ်ပျက်အားငယ်၍လည်း မနေပဲ စိတ်အေးအေးနှင့် မိမိကသာ အနာခံလိုက်ခြင်းသည် ခန္တီပါရမီ၏ သဘောတည်း။

၄။ ငါတို့ ဘုရားအလောင်းတော်သည် အများအကျိုးကို သယ်ပိုး ရွက်ဆောင်၍ ခေါင်းဆောင်ရသောဘဝတိုင်းမှာ သည်းခံခြင်း ခန္တီပါရမီ ဖြည့်ရမည်သာ။ မျောက်မင်းဘဝ၊ ခန္တီဝါဒီရသေ့ ဘဝတို့၌ကား ဘုရားအလောင်းတော်သည် ကြားရ မြင်ရသူ တိုင်း အသည်းနာလောက်အောင် သည်းခံတော်မူခဲ့ပါပေသည်။

၆။ ဘုရားအလောင်းတော်သည် အားကောင်းသော မျောက်မင်း ဖြစ်၏။ ပုဏ္ဏားတယောက်ကား သစ်ပင်တက်ရာ၌ သစ်ခက်ကျိုး၍ ချောက်ထဲကျနေ၏။ ထိုပုဏ္ဏားကို မျောက်မင်းတွေ့၍ ချောက် ထဲမှ ကယ်တင်လေသည်။ ထို့နောက် မောပန်းသဖြင့် သူ့ပေါင်

၇။ ခန္တိဝါဒေ့၊ ရှင်ရသေ့ကား၊ ဘယ်၍ဘယ်မျှ၊ သည်းခံရ မှတ်ကြ
စမ်းချင် ပါသတည်း။

၈။ တနေ့သောခါ၊ ဥယျာဉ်သာဝယ်၊ ကလာဗုမင်း၊ မိုက်မာန်ပြင်း၍၊
အတင်းလက်ခြေ၊ ဖြတ်တောက်စေလည်း၊ စိတ်နေမပျက်၊သည်းခံ
လျက်ပင်၊ အသက်ဆုံးတောင်၊ မမုန်းအောင်၊ ဘုန်းခေါင်ခန္တိ
ဖြည့်သတည်း။

---

ပေါ် ခေါင်းအုံးကာ အိပ်ပျော်နေရှာသော မျောက်မင်းအသား
ကို ပုဏ္ဏားစားလို၍ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုလေသည်။

ထိုအခါ မျောက်မင်း လန့်နိုး၍ သစ်ပင်ပေါ် ခုန်တက်ပြေး
ပြီးလျှင် တခြားရန်သူကို မမြင်သောကြောင့် ပုဏ္ဏားထုမှန်း
သိလေသည်။ ထိုသို့သိသော်လည်း အပြစ်တင်ရုံသာ တင်၍
ထိုရန်သူပုဏ္ဏားကိုပင် မျက်စိလည်ကာ သေရှာမည်ကိုလည်းစိုး
(အောက်သို့လည်း မဆင်းဝံ့သောကြောင့်) သစ်ပင်ချင်း ခုန်
ကူးကာ လူသွားလမ်းရောက်ရအောင် လမ်းပြရှာပါသေးသည်။

၈။ ခန္တိဝါဒီ ရှင်ရသေ့သည် ကလာဗုမင်း၏ ဥယျာဉ်၌ နေ၏။
မင်းနှင့် နန်းတော်သူ မိဖုရားတို့သည် ပျော်ပွဲစား ထွက်လာ
ကြ၏။ မင်းသည် မိဖုရားငယ်တယောက်၏ ပေါင်ပေါ်မှာ
ခေါင်းအုံး၍ အိပ်ပျော်နေ၏။ အခြားမိဖုရားတို့သည် ဥယျာဉ်၌
လှည့်လည်ကြလေရာ ရှင်ရသေ့ကို တွေ့၍ တရားနာနေကြ၏။

ရှင်ဘုရင် အိပ်ရာမှနိုးလတ်သော် မိဖုရားတွေကိုမမြင်၍ မေးရာ
ရသေ့ထံ တရားနာနေကြောင်း မိဖုရားငယ်က သံတော်ဦး
တင်သဖြင့် စိတ်ဆိုးဆိုးနှင့် လိုက်လာ၏။ ရသေ့ကိုတွေ့ရလျှင်
''အဘယ်ဝါဒရှိသလဲ''ဟု မေး၍''ခန္တိဝါဒရှိသည်''ဟုဖြေဆို၏။
ထိုအခါ ''သင့်ခန္တိအကြောင်း သိစေမယ်''ဟု ပြော၍ အာဏာ
သား တို့ကို ခေါ်ပြီးလျှင်လက်ဖြတ် ခြေဖြတ် ခိုင်းလေ၏။

## (ဆ) သစ္စာပါရမီ ဖြည့်တော်မူပုံ

၁။ သစ္စာမြဲအောင်၊ ဘယ်သို့ဆောင်၊ ဘုန်းခေါင် ဖြည့်ရပါသနည်း။

၂။ လူသူအများ၊ အထင်မှားဖို့၊ မုသားမပါ၊ ကြွားမဝါပဲ၊ သစ္စာတည်အောင်၊ ပြောတိုင်းဆောင်၊ ဘုန်းခေါင် ဤသို့ ဖြည့်သတည်း။

၃။ သစ္စပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ ပဏ္ဍိတ်သစ္စ၊ မင်းသုတတို့၊ ဖြစ်ကြခါဆီ၊ သစ္စာမည်၊ ပါရမီတို့ဖျား ဖြည့်သတည်း။

---

ထိုသို့စော်ကားပြီးနောက် ရှင်ရသေ့၏ မျက်စိကွယ်ရာသို့ရောက်သောအခါ ကလာဗုမင်းကို မြေမျိုလေတော့၏။ အလောင်းတော် ရှင်ရသေ့လည်း မကြာမီ ဆုံးလေတော့၏။ ဤသို့လျှင် ငါတို့ဘုရားအလောင်းတော်သည် အသက်ဆုံးသည့်တိုင်အောင် ဒေါသမထွက် စိတ်မပျက်ပဲ သက်သက်အနာခံကာ ကလာဗုမင်းကို အနိုင်ယူခဲ့ပါသည်။

၂။ လိမ်၍ ပြောခြင်း၊ ပြောတဲ့အတိုင်း မလုပ်ခြင်းကား လူအများကို အထင်မှားအောင် လှည့်စားခြင်း မည်၏။ ထို့ကြောင့် လူတယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ အထင်မမှားအောင် မုသားလည်းမပြော၊ ကြွားဝါ၍သည်း မပြောပဲ ပြုနိုင်သလောက်ပြော၍ ပြောသည့်အတိုင်း ပြုခြင်းသည် သစ္စာပါရမီ၏ သဘောတည်း။

၄။ ဘုရားအလောင်းတော်သည် ပါရမီမရင့်သေးမီက ပါဏာတိပါတ စသောပြစ်မှုများ ပြုတန်သလောက် ပြုမည်ဖြစ်သော်လည်း မုသားကိုကား(သူတပါး အကျိုးပျက်အောင်) သစ္စာဖျက်၍

၅။ ပဏ္ဍိတ်သစ္စ၊ ရသေ့ဘဝ၌၊ လောက ကောင်းအောင်၊ သစ္စာ
ဆောင်၊ ဘုန်းခေါင် ဘယ်သို့ ပြုသနည်း။

၆။ ပဏ္ဍိတ်သစ္စ၊ ရသေ့ဘဝ၌၊ လောကလူထု၊ ကွဲပြားမှုဝယ်၊ သူ့
အဓိဋ္ဌာန်၊ သစ္စာမှန်အောင်၊ ဇွဲသန်သန်ထား၊ ဟောညွှန်ကြား၊
အများညီအောင် ပြုသတည်း။

---

ဘယ်တော့မှ မဆိုခဲ့ပေ။ သစ္စပဏ္ဍိတ ဘဝနှင့် သုတသောမမင်း
ဘဝ၌ကား အထင်အရှားပင် သစ္စာပါရမီကို ဖြည့်ကျင့်တော်
မူခဲ့ပါသည်။

၆။ ဘုရားအလောင်းတော်သည် "သစ္စပဏ္ဍိတ" အမည်ရသော
ရသေ့ အဖြစ်ဖြင့် ဟိမဝန္တာ၌ နေ၏။ ထိုအခါ လူအများသည်
(ယခုအခါ ပါတီချင်း ကွဲသကဲ့သို့) ကွဲပြားနေကြ၏။ ရသေ့
သူမြတ်သည် ထိုမညီမညွတ် ဖြစ်နေပုံကို ဒိဗ္ဗစက္ခုဖြင့် လှမ်း၍
မြင်ရ၏။

ထိုအခါ "ငါသည် သတ္တဝါအများကို ကယ်ဆယ်လိုသော
ဆန္ဒဖြင့် ဘုရားဖြစ်ရန် အဓိဋ္ဌာန် ပဋိညာဉ် ပြုထားသူဖြစ်၏။
ငါ၏ ပဋိညာဉ်သည် မှန်ကန်ရာရောက်အောင် (သစ္စာ တည်
အောင်) ယခုပင်သွား၍ ညီညွတ်ရေးတရား ဟောမည်"ဟု
ကြံစည်ကာ ဟိမဝန္တာမှလာ၍တရားဟောလေသည်။ လူအများ
လည်း ထိုတရားကြောင့် စေ့စပ် ညီညွတ်ကြလေသည်။

**မှတ်ချက်။** ။ဤဝတ္ထု၌ "ဘုရားဖြစ်အောင် ကြိုးစားမည်"ဟူသော
ပဋိညာဉ်(ဝန်ခံချက်)အတိုင်း ကြိုးစား၍ အများကောင်းအောင်
ပြုခြင်းကိုပင် "သစ္စာ"ဟု ဆိုသည်။

၇။ သုတသောမ၊ မင်းဘဝဝယ်၊ ဗုဒ္ဓလောင်းလျှာ၊ မြတ်သစ္စာ၊ ကောင်းစွာ ဘယ်သို့ ဖြည့်သနည်း။

၈။ မဟာသုတ-မင်းသောမလည်း၊ သာဒ-ပေါရိ၊ ဖမ်းယူမိသော်၊ သူ၏လက်က၊ လွတ်ပြီးမှလျှင်၊ မုချပြန်မည်၊ ဝန်ခံသည့်ကို၊ ကြံစည်ကြောက်ရွံ၊ နောက်မတွန့်ပဲ၊ အသက်စွန့်က၊ ပြန်၍လာ၊ သစ္စာတည်အောင် ဖြည့်သတည်း။

---

၈။ ဘုရားအလောင်းတော်သည် မဟာသုတသောမမင်း ဖြစ်စဉ် ရှင်ဘုရင်ဘဝမှ လူသားစားမှုကြောင့် ထွက်လာခဲ့ရသော "ပေါရိသာဒ"မည်သူ တယောက်လည်း တောထဲမှာနေ၏။ ထိုပေါရိသာဒသည် တနေ့သောအခါ သစ်ငုပ်စူး၍ ခြေဖပါး၌ ဖြစ်သောအနာကို "နတ်မင်း ကယ်မပါ၊ ၇-ရက်အတွင်း ပျောက်အောင် မလျှင် ဇမ္ဗူဒိပ်မင်းအပေါင်း၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ပါမည်"ဟု ဝန်ခံထား၏။ အစာမရ၍ သူ့ဘာသာပျောက်သွားသည်ကို "နတ် မသည်"ဟု ထင်ကာ ဇမ္ဗူဒိပ်မင်းတို့ကို ယဇ်ပူဇော်ရန် ဖမ်းထားလေသည်။

သုတသောမမင်းသည် ပေါရိသာဒလက်သို့ ရောက်သောအခါ ပုဏ္ဏားတဦး အထံ၌ တရားဂါထာ နားထောင်ဖို့ရန် ဝန်ခံခဲ့သော ဣတိ(ဂတိ)ကို သတိရ၍ "တရားနာပြီးလျှင် ပြန်လာပါမည်"ဟု ပေါရိသာဒထံ တောင်းပန်၏။ ပေါရိသာဒလည်း တက္ကသိုလ်ပညာ သင်စဉ်က ဆရာဖြစ်ခဲ့ဘူး၍ ပြန်လွှတ်လိုက်၏။ တရားနာပြီးသောအခါ သတ်တော့မည်ကို သိပါလျက် သစ္စာ မဖျက်ပဲ မကြောက်မရွံ့ အသက်စွန့်၍ ပြန်လာခဲ့ပေသည်။ (သို့သော်သုတသောမမင်း၏တရားစကားကြောင့် မင်းအားလုံးပင် အသတ်မခံရတော့ပဲ ပေါရိသာဒလည်း သူ့ထီးနန်းကို သူပြန်ရလေသည်။)

## (ဇ) အဓိဋ္ဌာန်ပါရမီ ဖြည့်တော်မူပုံ

၁။ မြဲမြဲမြံမြံ၊ ဇွဲသန်သန်၊ ဓိဋ္ဌာန်ဘယ်သို့ ဖြည့်သနည်း။

၂။ ရည်ရွယ်သမျှ၊ မပျက်ရအောင်၊ ဒါနစသည်၊ ပါရမီကို၊ တာရှည်မြဲမြံ၊ ဇွဲသန်သန်၊ ဓိဋ္ဌာန်၍သို့ ဖြည့်သတည်း။

၃။ ဓိဋ္ဌာန်ပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ လောင်းတေမိယ၊ မင်းသားဘဝ၌၊ ဓိဋ္ဌာနမည်၊ ပါရမီ၊ သာကီတို့ဖျား ဖြည့်သတည်း။

၅။ တေမိမင်းသား၊ ဘယ်လိုမျှား၊ စိတ်ထား ဓိဋ္ဌာန် ပြုသနည်း။

၆။ မင်းမပြုဝံ့၊ လွန်ကြောက်ရွံ့၍၊ ဆွံ့-အ-လေဟန်၊ နားထိုင်းဟန်ဖြင့်၊ သဏ္ဌာန်ပြုလစ်၊ ဆယ့်ခြောက်နှစ်ဟု၊ပျို့မျစ်သည့်တိုင်၊ ဓိဋ္ဌာန်ခိုင်၊ တောမြိုင်ရောက်အောင် ပြုသတည်း။

---

၂။ (အဓိ = စွဲစွဲမြဲမြဲ၊ ဝါ - ဇွဲသန်သန်+ဌာန = တည်တံ့ခြင်း) ဒါန စသောပါရမီကို စွဲစွဲမြဲမြဲ ဇွဲကောင်းကောင်းနှင့် ပြုလုပ်မည်ဟု ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်သည့်အတိုင်း ပြုလုပ်မှုကို "အဓိဋ္ဌာန်"ဟု ခေါ်၏။

၄။ ဘုရားအလောင်းသည် ထိုအဓိဋ္ဌာန်ပါရမီကို တေမိမင်းသားဘဝ၌ ဖြည့်ကျင့်တော်မူခဲ့ပါသည်။

၆။ ဘုရားအလောင်း တော်သည် "တေမိမင်းသား = တေမိယမင်းသား"ဖြစ်ခဲ့ဘူး၏။ ထိုမင်းသားမဖြစ်မီ ဘဝက နတ်ပြည်၌ ဖြစ်ခဲ့ဘူး၏။ နတ်ပြည်မရောက်မီ ဘဝ၌ ငရဲကျခဲ့၏။ ငရဲမကျမီ ဘဝ၌ ရှင်ဘုရင်ဖြစ်ခဲ့၏။ ထိုရှင်ဘုရင်ဘဝ၌ သတ်မှုဖြတ်မှုများကို အမိန့်ပေးခဲ့ရသဖြင့် ငရဲကျရခြင်း ဖြစ်သည်။

တေမိမင်းသားကလေးသည် တလသားအရွယ်ရောက်၍ ထီးဖြူအောက်၌ ပက်လက်ကလေးနေစဉ် ထီးဖြူကို မြင်ရသည်မှ

## (၈၂) မေတ္တာပါရမီ ဖြည့်တော်မူပုံ

၁။ မေတ္တာဖြစ်ပုံ၊ စနစ်ကုန်၊ စုံစုံဘယ်သို့ ပြောမည်နည်း။

၂။ မိမိအပေါ်၊ သူ-မတော်လည်း၊ သူတော်မြတ်ဖျား၊ လောင်းဘုရားတို့၊ သူများပြစ်ဆာ၊ မရှုပါပဲ၊ ကိုယ်သာသူ့ကျိုး၊ ဆောင်သယ်ပိုး၊ ရိုးရိုးမေတ္တာ ပွါးသတည်း။

---

စ၍ ရှေးဘဝတွေကို သိမြင်သော "ဇာတိဿရ=ဘဝဟောင်းအောက်မေ့နိုင်သော" ဉာဏ်ကို ရလေသည်၊ ထိုအခါ မင်းပြုခဲ့ပုံနှင့် ငရဲကျခဲ့ရပုံကိုတွေးကာ လွန်စွာကြောက်ရွံ့သဖြင့် ပဒုမ္မာကြာပန်းကလေး နွမ်းသလို ညှိုးနွမ်းသွားရှာလေသည်။

ထိုဖြစ်ပုံကို (ရှေးက မိခင်ဟောင်းဖြစ်ခဲ့ဘူးသော) ထီးချက်စောင့်နတ်သမီးမြင်၍ "သားကြီး တေမိယ....မကြောက်ပါနှင့်။ မင်းမလုပ်ချင်လျှင် "အ,အ၊ အဆွံ၊ နားထိုင်း"တဲ့ ဟန်ကိုဆောင်နေလိုက်ပါဟု အကြံပေးလေသည်။ ထိုအခါမှစ၍ ငိုလည်း မငို၊ အရွယ်ရောက်လည်း မထိုင်မထ၊ ပြောသမျှလည်း မကြားသလို ဟန်ဆောင်၍နေလိုက်ရာ အသက် တဆယ့်ခြောက်နှစ် ကြာလေသည်။ ထိုအခါကျမှ "ထီးနန်းနှင့် မတန်ဘူး"ဟု အယူရှိ၍ ခမည်းတော်မင်းကြီးက တောထဲသို့ ထုတ်သတ်ဖို့ရန် အမိန့်ပေးလေရာ တောထဲရောက်သော် ရသေ့ရဟန်း ပြုသွားလေသည်။

၂။ မေတ္တာဟူသည် သူတပါးတို့ကို ကြီးပွါးစေလို ချမ်းသာစေလိုသော သဘောတည်း။ ထို့ကြောင့် မြင့်မြတ်သောစိတ်ဓာတ်ရှိသူတို့သည် မိမိအပေါ်၌ သူတပါးက မတော်မတရား ပြုထားစေကာမူ ထိုသူ၏ အပြစ်အနာအဆာကို (လက်စား ချေမည်ဟု) မရှုတော့ပဲ အကြောင်းကိစ္စပေါ်လာလျှင် ကိုယ်ကသာ သူ့အကျိုးကို ဆောင်ရွက်ကြလေသည်။

၃။ မေတ္တာပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။
၄။ သုဝဏ္ဏသာမ၊ ရသေ့ဘဝနှင့်၊ ကေရာဇာ၊ ဖြစ်သောခါ၊ မေတ္တာတို့ဖျား ဖြည့်သတည်း။
၅။ သုဝဏ္ဏသျှာမ်၊ ရသေ့မွန်ကား၊ ချိန်မှန်ခါခါ၊ ဘယ်ဆီမှာ၊ မေတ္တာဘယ်သို့ ပွါးသနည်း။
၆။ သုဝဏ္ဏသျှာမ်၊ ရသေ့မွန်ကား၊ ချိန်ခါရှည်ညောင်း၊ သားကောင်ပေါင်း၌၊ အကြောင်းလျော်စွာ၊ ချစ်မေတ္တာ၊ ကောင်းစွာ ဤသို့ ပွါးသတည်း။
၇။ ကေရာဇာ၊ မင်းဖြစ်ခါ၊ မေတ္တာဘယ်သို့ ပွါးသနည်း။
၈။ တိုင်းပြည်လုယူ၊ မင်းရန်သူလည်း၊ ရန်သူဟုပင်၊ မမှတ်ထင်ပဲ၊ မိခင်ပမာ၊ ချစ်မေတ္တာ၊ မြဲစွာဤသို့ ပွါးသတည်း။

---

၄။ သုဝဏ္ဏသာမရသေ့ကို "သုဝဏ္ဏသျှာမ်" ဟု အများသိနေကြ၏။ ငါတို့ဘုရားအလောင်းတော်သည် သတ္တဝါတို့အပေါ် များသောအားဖြင့် မေတ္တာထားလေ့ ရှိ၏။ သုဝဏ္ဏသျှာမ် ရသေ့ကလေးဘဝနှင့် ကေရာဇမင်းဘဝတို့၌ကား အထင်အရှား မေတ္တာပွါးတော် မူခဲ့ပါသည်။

၆။ ဘုရားအလောင်းသည် သုဝဏ္ဏသျှာမ်ရသေ့ကလေး ဖြစ်စဉ်တောထဲ၌ မျက်မမြင် မိဘ ၂-ပါးကို ပြုစုနေ၏။ တောထဲ၌ရှိကြသော ခြင်္သေ့၊ သစ်၊ ကျားနှင့် တောကောင်အလေ့တောထဲမှာ ပျော်မွေ့ကြသော သမင်၊ ဒရယ်၊ ချေ စသောသားကောင်များအပေါ်၌လည်းကောင်း၊ ငှက် တိရစ္ဆာန်တို့အပေါ်၌လည်းကောင်း တကယ့်မေတ္တာစိတ်ဖြင့် ချစ်ခင်နေရရှာပေသည်။

၈။ ဘုရားအလောင်းသည် "ကေရာဇာ" မည်သော မင်းဖြစ်ခဲ့ဘူး၏။ ထိုအခါ ထိုမင်း၏ မေတ္တာတရား အားကြီးကြောင်းကိုကြား၍ အခြားမင်းတယောက်သည် စစ်တပ်ဖြင့် တိုင်းပြည်ကို

## (ည) ဥပေက္ခာပါရမီ ဖြည့်တော်မူပုံ

၁။ လျစ်လျူရှုတာ၊ ဥပေက္ခာ၊ သည်ဟာ ဘာ့ကြောင့် ကောင်းသနည်း။

၂။ လူကိုမရှု၊ သူတို့ပြုသည့်၊ အမှုအပေါ်၊ တော်မတော်ဖြင့်၊ စော်စော်ကားစေ၊ ကောင်းပြုပေလည်း၊ စိတ်နေမခု၊ ချစ်မပြုပဲ၊ လျစ်လျူရှုကာ၊ ဥပေက္ခာ၊ သည်ဟာ ဒါ့ကြောင့် ကောင်းသတည်း။

၃။ ဥပေက္ခာပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ လောမဟံသ၊ ဖြစ်ကာလ၌၊ ဥပေက္ခာမည်၊ ပါရမီ၊ သာကီတို့ဖျား ဖြည့်သတည်း။

၅။ လောမဟံသ၊ သူကောင်းဘဝ၌၊ ဥပေက္ခာပြု၊လျစ်လျူရှု၊ ဘယ်မှုအပေါ် ထားသနည်း။

---

လုယူဖို့ရန် လာ၏။ ထိုအခါ ရန်သူမင်းကိုပင် ရန်သူဟု သဘောမထားပဲ မိခင်၏မေတ္တာကဲ့သို့ တကယ့်မေတ္တာဖြင့် ခုခံတိုက်ခိုက်မှု မပြုပဲ တိုင်းပြည်ကို စွန့်လိုက်လေသည်။ (ထိုမေတ္တာကြောင့်ပင် နောင်အခါ ထိုမင်းတို့ ချစ်ခင်ကြ၍တိုင်းပြည်ကိုပြန်ရလေသည်။)

၂။ မုန်းလည်းမမုန်း ချစ်လည်း မချစ်ပဲ အလယ်အလတ်၌ တည့်မတ်သော စိတ်ကို "ဥပေက္ခာ ပြုခြင်း = လျစ်လျူရှုခြင်းဟု" ခေါ်၏။ ထိုသို့ရှုရာ၌လည်း ပုဂ္ဂိုလ်ကို ရှုသည်မဟုတ်။ ထို ပုဂ္ဂိုလ်များ ပြုသော အမှုအပေါ်၌သာ (စော်ကားလည်း မမုန်း၊ ရိုသေလေးစားလည်း မချစ်ပဲ) လျစ်လျူရှုခြင်း ဖြစ်သည်။

၄။ ဘုရားအလောင်းတော်သည် "လောမဟံသ" ဖြစ်စဉ် အခါ၌ မြင်ရသူတို့ ကြက်သီး မွေးညှင်း ထလောက်အောင် ဤ ဥပေက္ခာ ပါရမီကို ဖြည့်တော်မူခဲ့ပါသည်။ (လောမ=ကြက်သီး မွေးညှင်းတို့ကို+ဟံသ=ရွှင်စေ (ထစေ)လောက်အောင် ကျင့်သူ။)

၆။ သင်္ချိုင်းမြေတွင်၊ လျှောင်းနေစဉ်ဝယ်၊ ဝန်းကျင်ရွာသား၊ ကလေးများတို့၊ အနားသို့လာ၊ မတော်တာဖြင့်၊ ပြောင်ကာပြုကြ၊ပေးလှူကြလည်း၊ ဒေါသမမုန်း၊ ချစ်မပြုံး၊လုံးလုံးလျစ်လျူရှုသတည်း။

---

၆။ ဘုရားအလောင်းသည် မိဘတို့ ကွယ်လွန်သောအခါ များစွာ ကျန်ရစ်သော စည်းစိမ်တို့ကို မက်မောခြင်း မရှိပဲ ရသေ့ပြုလို၏။ သို့သော် ရသေ့ ပြုလုပ်သွားလျှင် လူအများ အထင်ကြီး၍ ချီးမွမ်းကြလိမ့်မည်ဟု ယူဆသဖြင့် ရသေ့လည်း မလုပ်ပဲ အဝတ် တထည်ဖြင့် ရောက်ရာ ပေါက်ရာ ထွက်ခွါသွားလေ၏။

လေးလေးစားစားပြုသောနေရာ၌ ကြာကြာမနေ တရက်သာ နေ၏။ မလေးမစား ပြုသူများသော နေရာ၌သာ ကြာကြာ နေ၍ ဥပေက္ခာပါရမီကို ဖြည့်ကျင့်လေသည်။ ရွာတရွာ၌ကား ဘုရားအလောင်းကို ကလေးတွေနှင့် သေသောက်ကြူးတွေက အများဆုံး ပြောင်ကြ လှောင်ကြကုန်၏။

အလောင်းတော်သည် သုသာန်၌ လူရိုးကိုခေါင်းအုံး၍ အိပ်၏။ ကလေးတို့လာ၍ တံထွေး ထွေးကြ၊ ကျင်ကြီး ကျင်ငယ်စွန့်ချ ကြကုန်၏။ ထိုသူတို့ အပေါ်၌ စိတ်မဆိုး။ တချို့ လိမ္မာသူ တို့က ပန်းနံ့သာနှင့် စားကောင်း သောက်ဖွယ်ကို ပေးလှူကြ ကုန်၏။ ထိုသူတို့ အပေါ်၌လည်း မချစ်။ ၂-မျိုးလုံး အပေါ်၌ လျစ်လျူရှုကာ ဥပေက္ခာဖြင့် နေလေသည်။ (ထိုဘဝ၌ လောက ဓံကို အခံနိုင်ဆုံးပင် ဖြစ်လေသည်။)

**(လင်္ကာ)** လေးသင်္ချေ့ကိန်း၊ ကပ် တသိန်းမျှ၊ ထိန်းသိမ်းရသား၊ ပါရမီများကို၊ ဘုရားအလောင်း၊ ဘဝပေါင်း၌၊ အကြောင်း တိုက်ဆိုံ ဖြည့်ကျင့်ပုံဝယ်၊ အကုန် မကျန်၊ မသိမှန်လည်း၊ သိတန် သမျှ၊ ကြည်ညိုရ၍၊ ဗုဒ္ဓစောမြတ်၊ မနောခတ်၌၊ မပြတ် ရှိအောင်၊ သတိဆောင်လျှင်၊ ခုနောင် သင်တို့ ဘေးကင်းဖို့။

**တတိယအခန်း ပြီး၏။**

# စတုတ္ထ အခန်း

## (တုသိတာ စံတော်မူပုံ နှင့် လူ့ပြည်၌ ပဋိသန္ဓေ နေတော်မူပုံ)

၁။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်အမှန်၊ ဆုတူးပန်၊ ချိန်တန်ဘယ်မှာ ပြည့်သနည်း။

၂။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်အမှန်၊ ဆုတူးပန်၊ ဝေဿန်ဘဝ ပြည့်သတည်း။

၃။ ဝေဿန်ဘဝ၊ ဆုံးကာလ၊ ဌာနဘယ်သို့ မြန်းသနည်း။

၄။ ဝေဿန္တရာ၊ ဆုံးသောအခါ၊ တုသိတာသို့၊ မြန်းသတည်း။

---

၂။ အကျဉ်း ၁၀-ပါး၊ အကျယ် ၃၀-ပြားသော ပါရမီများကို ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ဖြည့်ကျင့်တော်မူခဲ့ရာ (ဒါနပါရမီ ဖြည့်ကျင့်ပုံ၌ ပြခဲ့သော) ဝေဿန္တရာမင်း ဘဝ၌ ပါရမီတော်အားလုံး ပြည့်စုံလေသည်။ ဤနေရာဝယ် ဘုရားအလောင်းတော် ပါရမီဖြည့်ပုံကို စဉ်းစားသော အခါ သုမေဓာဘဝ ဒါနဖြင့် စခဲ့ပြီးလျှင် ဝေဿန္တရာမင်း ဘဝ၌လည်း ဒါနဖြင့်အုပ်၍ နိဂုံးချုပ်တော်မူပုံကို တွေ့ရပေသည်။

၄။ ဝေဿရာမင်း ဘဝဆုံးသောအခါ မဒ္ဒီမိဖုရားနှင့်အတူ တုသိတာ နတ်ပြည်၌ (သိကြားမင်းကဲ့သို့) "သန္တုသိတ" နတ်မင်း အဖြစ်မြင့် စံမြန်းတော် မူလေသည်။ (ဘွဲ့မည်အားဖြင့် "သေတကေတု" မည်သောဟု ဆိုကြ၏။)

၅။ တုသိတာ၌တွင်၊ ဘယ်သို့လျှင်၊ တို့ရှင် ဘယ်မျှ ကြာသနည်း။

၆။ နတ်တုသိတာ၊ များထက်သာ၊ နှစ်ရှာ သက်စေ့ ကြာသတည်း။

၇။ သက်တမ်းစေ့တွင်၊ ဘယ်သို့လျှင်၊ ထိုစဉ် အဖြစ် ယူသနည်း။

၈။ သက်တမ်းစေ့ခါ၊ နတ် ဗြဟ္မာကို၊ ညီညာ ဖျဖျ၊ ရောက်လာကြ၍၊ ဗုဒ္ဓဖြစ်ရန်၊ များတောင်းပန်၊ လူ့ထံသန္ဓေ တည်ဖို့တည်း။

---

၆။ ဘုရားအလောင်းနတ်သားသည် တုသိတာ နတ်နန်း၌ စံမြန်းတော်မူသောအခါ တုသိတာနတ် အားလုံးထက် အဆင်းလှ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု (ဒုက္ခဟူသမျှ) တခုမျှမရှိ။ အခြွေအရံလည်း များ၏။ တုသိတာနတ် အားလုံးကို အုပ်စိုးရ၏။

ဘုရားအလောင်းသည် ပါရမီမပြည့်သေးခင်ကာလ၌ နတ်ပြည် ဗြဟ္မာ့ပြည်မှာ အသက်တမ်းကုန်အောင် မနေပဲ (လူ့ပြည်၌ ပါရမီဖြည့်ဖို့ရန်) စုတေခဲ့၏။ ထိုဘဝ၌ကား ပါရမီပြည့်နေပြီဖြစ်၍ တုသိတာနတ်ဘုံ၏ ထုံးစံဖြစ်သော အသက်တမ်းစေ့အောင် နေတော်မူသည်။ (ထိုဘုံ၏ အသက်တမ်းသည် ယခုလူတို့ တွက်ကိန်းဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း ကြာ၏။)

၈။ ဘုရားအလောင်း အသက်တမ်းစေ့၍ စုတေခါနီးသောအခါ စကြဝဠာ (ကမ္ဘာ) တသောင်း၌ ရှိကြသော နတ်နှင့် ဗြဟ္မာတို့သည် များသောအားဖြင့် စုပေါင်း၍ ဘုရားအလောင်း နတ်သားအထံသို့ လာကြ၏။ ထိုသို့ လာပြီးလျှင် "ဘုရားဖြစ်ဖို့ အချိန်တန်ပါပြီ။ လူ့ပြည်၌ ပဋိသန္ဓေနေ၍ ဘုရားဖြစ်တော်မူပါ" ဟု တောင်းပန်ကြလေသည်။

၉။ **တောင်းပန်သောခါ၊ တို့လောင်းလျာ၊ ဘယ်ဟာကိစ္စ ပြုသံ နည်း။**

၁၀။ **တောင်းပန်သောခါ၊ တို့လောင်းလျာ၊ ငါးဖြာကြည့်မှု ပြုသ တည်း။**

၁၁။ **ကြည့်မှုငါးပါး၊ ဘယ်ဟာများ၊ မှတ်သားဘယ်သို့ ပြောမည် နည်း။**

၁၂။ **ကာလ-ဒီပ၊ ရပ်ဒေသနှင့်၊ ကုလမျိုးဆက်၊ မယ်တော်တွက်၊ အသက်ရှည်ဖို့ ကြည့်သတည်း။**

---

၁၀။ နတ်ပြဟ္မာတို့က လူ့ပြည်၌ ပဋိသန္ဓေ တည်နေဖို့ရန် တောင်းပန် သောအခါ ချက်ချင်း တာဝန်မခံသေးပဲ ငါးပါးသော ကြည့် ဖွယ်တို့ကို ကြည့်တော်မူသည်။

၁၂။ ကြည့်ဖွယ် ငါးပါးကား....

(၁) **အခါကာလ** — လူတို့၏ အသက်တမ်း အနှစ် တသိန်းမှအောက် အနှစ်တရာ အထက်၌သာ ဘုရားဖြစ်ဖို့ရန် အချိန်အခါ ဖြစ်သည်။

(၂) **ဒီပ(ကျွန်း)** — ကျွန်းကြီး လေးကျွန်းတွင် "ဇမ္ဗုဒီပ" ခေါ် တောင်ကျွန်း၌သာ ဘုရားပွင့်ရိုး ရှိ၏။

(၃) **ဒေသ(အရပ်)** — တောင်ကျွန်းတွင်လည်း "မဇ္ဈိမဒေသ" ခေါ် သော အိန္ဒိယတိုင်း၌သာ ဘုရားပွင့်ရိုး ရှိ၏။

(၄) **ကုလ(အမျိုး)** — မဇ္ဈိမဒေသတွင်လည်း ခတ္တိယ (မင်း) မျိုး၊ ဗြာဟ္မဏ (ပုဏ္ဏား) မျိုးတို့၌သာ ဘုရားပွင့်ရိုးရှိ၏။

(၅) **မယ်တော့် အသက်**—မယ်တော်ဖြစ်မည့်သူသည် သီလစင်ကြယ်သူ ဖြစ်၍ ဘုရားအလောင်း ဖွားပြီးနောက် ၇-ရက်ကြာလျှင် နတ် ရွာစံရလောက်သော အသက်ရှိရမည်။ သည့်ထက် တိုလည်း မတိုရ၊ ရှည်လည်း မရှည်ရ။

၁၃။ ကြည့်မှုငါးဖြာ၊ စုံသောခါ၊ လောင်းလျာ ဘယ်သို့ မိန့်သနည်း။

၁၄။ ကြည့်မှုငါးဖြာ၊ စုံသောခါ၊လောင်းလျာ ဝန်ခံတော့သတည်း။

၁၅။ ဝန်ခံပြီးလျှင်၊ ထိုချိန်တွင်၊ တို့ရှင်ဘယ်သို့ ဖြစ်သနည်း။

၁၆။ ဝန်ခံပြီးလျှင်၊ မကြာခင်၊ တို့ရှင် စုတေခဲ့သတည်း။

၁၇။ စုတေပြီးလျှင်၊ တို့အရှင်၊ ဘယ်တွင် သန္ဓေ တည်သနည်း။

၁၈။ မာယာဒေဝီ၊ မဟေသီ၏၊ ရွှေညီ အပေါင်း၊ ခေါင်းဦးခိုက်၊ ကြာဝမ်းတိုက်၊ စွဲပိုက်သန္ဓေ တည်သတည်း။

---

၁၄။ ကြည့်ဘွယ်ငါးပါးကို ကြည့်ရှုသောအခါ အားလုံး စုံလင်စွာ မြင်ရသဖြင့် "ဘုရားဖြစ်ဖို့ရန် လူ့ပြည်၌ ဖြစ်မည်"ဟု ဝန်ခံ (ကတိ) ပြုတော်မူလေသည်။

၁၆။ ထိုသို့ဝန်ခံပြီး၍ မကြာမီပင် တုသိတာမှ စုတေတော်မူခဲ့၏။ ထိုသို့စုတေရာ၌ အခြားသူတို့ကဲ့သို့ မေ့မေ့ မူးမူး မဟုတ်ပဲ သတိနှင့် ဉာဏ် အခြေခံလျက် စုတေခဲ့ခြင်း ဖြစ်သည်။

၁၈။ စုတေပြီးနောက် မိဖုရားငယ်တို့၏ ဦးခိုက်ရာဖြစ်၍ အကြီးဆုံး ထိပ်ခေါင်တင် မိဖုရားဖြစ်သော မာယာဒေဝီ၏ ဝမ်းတိုက်၌ ပဋိသန္ဓေ တည်နေတော်မူသည်။

ထိုအခါ အိန္ဒိယတိုင်း မြောက်ပိုင်းဖြစ်၍ ဟိမဝန္တာနှင့်လည်း နီးကပ်သော (ယခုအခါ "နီပေါ"ပြည်ဟု ခေါ်သော)အရပ်၌ "ကပိလဝတ်" နေပြည်တော်ရှိ၏။ ထိုနေပြည်တော်၌ အစဉ်အဆက် မင်းမျိုးမပျက်ခဲ့သော"သာကီဝင်မျိုး" ဝယ် သုဒ္ဓေါဒန မဟာရာဇာသည် မာယာဒေဝီနှင့် ပဇာပတိဂေါတမီ ညီမရင်း ၂-ပါးကို မိဖုရားမြှောက်၍ ထီးနန်းစံလျက်ရှိသည်။

၁၉။ အလောင်းတော်ရှင်၊ သန္ဓေဝင်၊ ထိုစဉ် ဘယ်သို့ဖြစ်သနည်း။

၂၀။ အလောင်းတော်ရှင်၊ သန္ဓေဝင်၊ ပွဲတင်မြေကြီး လှုပ်သတည်း။

၂၁။ ဒေဝီမာယာ၊ ထိုချိန်ခါ၊ ထူးစွာ ဘယ်သို့ ဖြစ်သနည်း။

၂၂။ ဝါဆိုလပြေ့၊ ဥပုသ်နေ့၌၊ ချမ်းမြေ့နှလုံး၊ ဥပုသ်သုံးကာ၊ စက်ပျော်ရာဝယ်၊ ဝမ်းကြာ တိုက်တွင်၊ ဆင်ဖြူဝင်၊ မိခင် အိပ်မက် မက်သတည်း။

---

၂၀။ ဘုရားအလောင်းသည် ထို မာယာဒေဝီမဟေသီ၏ ဝမ်းတိုက်၌ ပဋိသန္ဓေတည်သည်နှင့် တပြိုင်နက် မြေလျှင် ပြင်းစွာ တုန်လှုပ်လေသည်။

၂၂။ ဘုရားအလောင်း ပဋိသန္ဓေ တည်ရာနေ့သည် ဝါဆိုလပြည့်နေ့ ဖြစ်၍ မာယာဒေဝီသည် ရှစ်ပါးသီလ ဥပုသ်ကို စောင့်သုံးတော်မူလျက် အသရေရှိသော နန်းဆောင်စက်ရာ၌ စက်တော်ခေါ (အိပ်ပျော်)နေစဉ် အောက်ပါ အိပ်မက်ကို မက်လေသည်။

"နတ်မင်းကြီး ၄-ယောက်တို့သည် မိမိကို အိပ်ရာနှင့်တကွ ဆောင်ယူသွား၍ အနဝတတ်အိုင်၌ ရေချိုးစေကြ၏။ ထို့နောက် နတ်အဝတ်ကို ဝတ်စေ၍ ပန်းနံ့သာတို့ကို လိမ်းကျံ ပန်းဆင်စေကြ၏။ ထို့နောက် ငွေတောင်၏ အတွင်း၌ ရွှေဗိမာန်ဝယ် အရှေ့ဘက် ဦးခေါင်းပြု၍ အိပ်စေကြလေသည်။ ထိုအခါ ဆင်ဖြူတော်တစီးသည် လက်ယာနံပါးကို ဖောက်၍ ဝမ်းတွင်း ဝင်သလို ဖြစ်သွားသည်"ဟု အိပ်မက် မက်လေသည်။

၂၃။ မယ်တော်ဝမ်းတွင်၊ အောင်းနေစဉ်၊ တို့ရှင် ဘယ်သို့ ထူးသနည်း။

၂၄။ မယ်တော့် ဝမ်းတွင်၊ အောင်းနေစဉ်လည်း၊ တို့ရှင်လောင်းလျာ၊ မယ်တော်ပါ၊ လူ့ရွာဆင်းရဲ ကင်းသတည်း။

---

၂၄။ လူတို့ထုံးစံအားဖြင့် အမိဝမ်းတွင်း အောင်းနေရသူမှာ လွန်စွာ ဆင်းရဲကြရ၏။ ကိုယ်ဝန်ဆောင်ရသူများလည်း မသက်သာကြ။ ဘုရားအလောင်းကား သားအိမ် အတွင်းမှာပင် သက်သက်သာသာ နေရ၏။ မယ်တော်မှာလဲ ပေါ့ပေါ့ ပါးပါးပင် နေနိုင်၏။ ဤအားလုံးကိုခြုံ၍ လယ်တီဆရာတော်ဘုရား၏ လင်္ကာကား – (လပြည့်ကို "လပြေ့"ဟု ဖတ်။ ကြာသပတေးနေ့=ကြွက်မင်းနေ့။)

**(လင်္ကာ)** သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင် စကြာဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရှန်းရှန်းစိုသည့်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြွေကြည်ဖြူ၊ သန္ဓေယူသည်....နတ်လူငြိမ်းဘို့ ကိန်းပါကို။

စတုတ္ထအခန်း ပြီး၏။

# ပဉ္စမ အခန်း

## (ဖွားမြင်တော်မူသည်မှ စ၍ ထီးနန်း စံတော်မူပုံ အထိ)

၁။ ဆယ်လစေ့တွင်၊ တို့အရှင်၊ ဘယ်တွင် ဖွားတော် မူသနည်း။

၂။ ကဆုန်လမည်၊ ပုဏ္ဏမီဝယ်၊ လုမ္ဗိနီသာရှင်း၊ ဥယျာဉ်တွင်း၌၊ အင်ကြင်းပင်ခက်၊ လက်တဖက်ဖြင့်၊ ကိုင်လျက် မယ်တော်၊ ရပ်နေသော်၊ ဖွားတော်မူခဲ့ပါ သတည်း။

၃။ သောင်းလောကဓာတ်၊ ပြဟ္မာနတ်၊ ချဉ်းကပ်ဘယ်သို့ ပြုသနည်း။

---

၂။ ဝါဆိုလပြည့်နေ့၌ ပဋိသန္ဓေတည်နေခဲ့သော ဘုရားအလောင်းသည် နောက်တနှစ် ကဆုန်လပြည့်နေ့၌ ဆယ်လစေ့၏။ ထိုအခါ မာယာဒေဝီသည် ဆွေတော်မျိုးတော်များ၏ နေရာ ဒေဝဒဟပြည်သို့ အခြွေအရံဖြင့် ဝေါတော် (ထမ်းစင်)စီး၍ ထွက်တော်မူလာခဲ့၏။

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား၌ လုမ္ဗိနီခေါ်မင်္ဂလာ အင်ကြင်းဥယျာဉ်တော် ရှိ၏။ ထိုဥယျာဉ်တော်၌ အင်ကြင်းပင်များသည် အလွန်ရှုချင်ဖွယ် ပွင့်၍နေ၏။ မာယာဒေဝီသည် ဥယျာဉ်တော်သို့ဝင်၍ အလွန်လှပစွာ ပင်လုံးကျွတ် ပွင့်နေသော အင်ကြင်းပင်၏အခက်ကို လက်တဖက်ဖြင့် လှမ်း၍ကိုင်လိုက်တော်မူစဉ် တရားဟောပလ္လင်မှ ဓမ္မကထိက ကလေး ဆင်းလာသကဲ့သို့ ချမ်းချမ်းသာသာ အလွန်သန့်ရှင်းစွာ ဖွားမြင်တော်မူလာလေသည်။ ထိုအခါ မြေလျှင်ကြီးစွာ တုန်လှုပ်၏။

၄။ ဘုရားလောင်းလျာ၊ ဖွားသောခါဝယ်၊ ဗြဟ္မာနတ်များ၊ မနေအားပဲ၊ ထံပါးချဉ်းကပ်၊ လွန်လေးမြတ်၊ ပျပ်ဝပ်ခံယူကြသတည်း။

၅။ နတ်တို့လက်မှ၊ ဘယ်သို့ကြွ၊ ဗုဒ္ဓလောင်းတော် စံသနည်း။

၆။ နတ်တို့လက်မှ၊ လူတို့က၊ ဗုဒ္ဓလောင်းတော် ယူသတည်း။

၇။ လူတို့လက်မှ၊ ဘယ်သို့ကြွ၊ ဗုဒ္ဓလောင်းတော် မြန်းသနည်း။

၈။ လူတို့လက်မှ၊ လွတ်ပြီးစတွင်၊ ဗုဒ္ဓလောင်းတော်၊ မြောက်သို့မျှော်၊ ကြွတော်မူပါလေသတည်း။

---

၄။ နတ် ဗြဟ္မာ အများလည်း မဖွားမီကပင် ကြိုတင်၍ ရောက်လာကြ၏။ သုဒ္ဓါဝါသတုံသား ဖြစ်သော ရဟန္တာဗြဟ္မာကြီးတို့သည် ဖွားမြင်လာသော ဘုရားအလောင်းတော်ကို ရွှေဇာတဘက်ဖြင့် ခံလင့်ကြပြီးလျှင် မယ်တော်ရှေ့သို့ပြကာ "အရှင်မိဖုရား ဝမ်းမြောက်တော်မူပါ။ တန်ခိုးကြီးသော သားရတနာ ဖွားပါပြီ"ဟု ပြောဆိုကြလေသည်။ ဗြဟ္မာမင်းတို့လက်မှတဆင့် စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်သည် နူးညံ့ညက်ညောသော သစ်နက်ရေဖြင့် ခံယူကြကုန်၏။

၆။ နတ်တို့လက်မှတဆင့် လူတို့က ဘွဲ့ဖြူအဝတ်ဖြင့် ခံယူကြလေသည်။

၈။ လူတို့လက်မှဆင်း၍ မြေပေါ်၌ တည့်တည့်မတ်မတ် ရပ်တော်မူပြီးလျှင် (ရှေးရှု အရပ် အထောင့်အရပ်နှင့် အထက် အောက် အရပ် အားလုံးပေါင်း) အရပ်ဆယ်မျက်နှာကို လှည့်လည်ကြည့်တော်မူ၏။ ထိုအခါ နတ် ဗြဟ္မာတို့ ဦးညွတ်ကြ၊ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြ၏။ ထိုနောက် မြောက်အရပ်သို့ ခုနစ်လှမ်း ကြွတော်မူသည်။

၉။ မြောက်သို့ကြွခါ၊ ထိုနေရာ၊ လောင်းလျာ ဘယ်သို့ မိန့်သနည်း။

၁၀။ ငါ အဦးဆုံး၊ အကြီးဆုံးနှင့်၊ အမြတ်ဆုံးပင်၊ ငါသာလျှင်၊ ထိုစဉ် လောင်းလျာ မိန့်သတည်း။

၁၁။ မိန့်ပြီးသောအခါ၊ လောင်းလျာနှင့်၊ မာယာ မယ်တော်၊ ဘယ်မှာနေ၊ စံပျော် မူပါလေသနည်း။

၁၂။ နှစ်ပြည်ထောင်ပျော်၊ ဆွေမျိုးတော်က၊ မယ်တော်ဘုရား၊ လောင်းဗုဒ္ဓကို၊ ကပိလသို့၊ ပြန်၍ပို့၊ ထိုမြို့စံပျော် ပါသတည်း။

၁၃။ မယ်တော်မာယာ၊ ဘယ်သောခါ၊ နတ်ရွာ စံတော် မူသနည်း။

၁၄။ အလောင်းဘုရား၊ ဖွားပြီးသည့်နောက်၊ ၇-ရက်မြောက်သော်၊ မြတ်မယ်တော်၊ စံပျော် တုသိတာ မှာတည်း။

---

၁၀။ မြောက်အရပ်သို့ ကြွပြီး၍ တည့်တည့်မတ်မတ် ရပ်နေသောအခါ များစွာသော နတ် ဗြဟ္မာ တို့သည် မိန့်မြွက်မည့်အသံကို နားခံလိုကြသဖြင့် အလွန်ငြိမ်သက် တိတ်ဆိတ်စွာ နားစိုက်နေကြစဉ်– "အဂ္ဂေါဟ မသ္မိ=ငါသည် အဦးအဖျားဆုံး။ ဇေဋ္ဌောဟ မသ္မိ=ငါသည် အကြီးဆုံး။ သေဋ္ဌောဟ မသ္မိ=ငါသည် အမြတ်ဆုံး" ဟု မရွံ့မကြောက် မိန့်မြွက်တော်မူလေသည်။

၁၂။ ထိုအခါ မယ်တော်မာယာသည် သားတော်ကို အားရ ဝမ်းသာစွာ ပွေ့ယူတော်မူ၍ ရင်ခွင်၌ နေစေတော်မူ၏။ ကပိလဝတ်ပြည်နှင့်ဒေဝဒဟပြည်သား ၂-ပြည်ထောင် ဆွေတော်မျိုးတော်များလည်း ဘုရားအလောင်းနှင့် မယ်တော် မာယာဒေဝီကို ကပိလဝတ် နေပြည်တော်သို့ ဝမ်းသာအားရ ပြန်၍ ပို့ကြလေသည်။

၁၄။ ဘုရားအလောင်း ဖွားတော်မူပြီးနောက် ခုနစ်ရက်မြောက်သောအခါ မယ်တော်မာယာစုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။ (စုတေရခြင်းမှာလည်း သားဖွားရခြင်းနှင့်စပ်သော ဒုက္ခကြောင့် မဟုတ်ပါ)။ ဘုရားအလောင်း ကိန်းဝပ်ရာ ဝမ်း

၁၅။ ဗုဒ္ဓလောင်းလျာ၊ မည်သည့်၊ ဘယ်ခါ ဘယ်သို့ မှည့်သနည်း။

၁၆။ ဖွားမြင်ပြီးနောက်၊ ၅-ရက်မြောက်သော်၊ ရှစ်ယောက် ပုဏ္ဏား၊ လက္ခဏာများကို၊ ရှုစားပြီးက၊ မည်နာမ၊ သိဒ္ဓတ္ထ ဟု မှည့်သတည်း။

---

တိုက်၌ နောက်ထပ် မည်သူမျှ ပဋိသန္ဓေ မနေထိုက်သော ကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားမယ်တော်တိုင်း ၇-ရက် ကြာလျှင် စုတေရမြဲဓမ္မတာ ဖြစ်၏။ ထို့ကြောင့်ပင် အလောင်း တော်များ ပဋိသန္ဓေမနေခင် မယ်တော်၏အသက်တမ်းကို ကြည့် ကြရလေသည်။

၁၆။ ဘုရားအလောင်းတော် ဖွားမြင်ပြီးနောက် ၅-ရက်မြောက် သောအခါ ခမည်းတော် သုဒ္ဓေါဒန မဟာရာဇာသည် လက္ခဏာ ကျမ်းနှင့်တကွ ဗေဒင်အတတ်၌ အဆုံးတိုင်အောင် တတ်မြောက် ကုန်သော ပုဏ္ဏား တရာ့ရှစ်ယောက်ကို ဖိတ်ခေါ်၍ နံ့သာမျိုးစုံ လိမ်းကျံထားသော နေရာဝယ် ပန်းပေါက်ပေါက် ကြဲ၍ နို့ဃနာ ထမင်းကို ကျွေးလေသည်။ ထို့နောက် အတတ်ဆုံး ပုဏ္ဏားရှစ်ယောက်ကို ရွေးချယ်၍ ဘုရားအလောင်းတော်၏ ရုပ်လက္ခဏာကို ကြည့်ရှုစေလေသည်။

ထိုအခါ ၃၂-ပါးသော ယောကျ်ားမြတ်လက္ခဏာကို တွေ့ရ၍ ၇-ယောက်သော ပုဏ္ဏားတို့က လူ့ဘောင်မှာနေလျှင် စကြာမင်း၊ တောထွက်သွားလျှင် ဗုဒ္ဓအစစ် (ဘုရား) ဖြစ်ပါလိမ့်မည်ဟု ဟောပြောကြ၏။ အငယ်ဆုံး ကောဏ္ဍညပုဏ္ဏားကမူ "မုချ ဘုရား ဖြစ်ရမည်" ဟု ဟောလေသည်။

ထိုအဟောအတိုင်း လူ့ဘောင်မှာနေသည်ဖြစ်စေ၊ တောထွက် သည်ဖြစ်စေ ရမည့်အကျိုးကား မယုတ်လျော့နိုင်။ လိုရာအကျိုး ပြီးစီးရမည်သာဖြစ်၍ ပါဠိလို "သိဒ္ဓတ္ထ" ဟု နာမည်မှည့်ကြ လေသည်။ (သိဒ္ဓ=ပြီးစီးသော+အတ္ထ=အကျိုးရှိသည်။)

၁၇။ လောင်းသိဒ္ဓတ္ထ၊ ဘယ် အရွယ်ကျ၊ ရာဇ ဘိသိက် ခံသနည်း။

၁၈။ ဆယ့်ခြောက်နှစ်လောက်၊ ရွယ်တော်ရောက်၍ ၊ တတ်မြောက် သိပ္ပ၊ လောင်းသိဒ္ဓ၊ ရာဇဘိသိက် ခံသတည်း။

၁၉။ မောင်းမ တို့ကား၊ ဘယ့်လောက်များ၍၊ ထိပ်ထားအတူ၊ ဘိသိက်ယူ၊ ဘယ်သူ မိဖုရား ဖြစ်သနည်း။

၂၀။ မောင်းမတို့ကား၊ လေးသောင်းများ၍၊ ထိုအများဝယ်၊ ထိပ် ထားဖွယ်မှာ၊ လနှယ် နေနှင့်၊ အသရေတင့်သည့်၊ အကျင့် သဒ္ဓေး၊ လှပဂေး၊ ရွှေသွေး ယသော်ဓရာတည်း။

---

၁၈။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် သက်တော် တဆယ့် ခြောက်နှစ် ရှိသောအခါ မင်းသားတို့ တတ်သင့်သော အတတ် များ တတ်မြောက်ပြီးဖြစ်၏။ ထိုအခါ၌ ရာဇအဘိသိက် ခံတော် မူသည်။ ("အဲဘိသေက"ဟူသော ပါဠိကို "အဘိသိက်"ဟု ခေါ်၏။ "ရှင်ဘုရင် မြောက်သောအခါ ရေစင်ဖြင့် ဦးထိပ်၌ သွန်းလောင်းခြင်း"တည်း။)

၂၀။ ရှင်ဘုရင် ဖြစ်သောအခါ သာကီဝင် မင်းဆွေမင်းမျိုးတို့ သည် အရွယ်ရောက်သော သမီးတော်များကို ဆက်သ(ပေးပို့) ကြ၏။ ထိုအားလုံး ၄–သောင်း ရှိ၏။ ထို ၄–သောင်းကို "မောင်းမ=မိဖုရားငယ်"ဟု ခေါ်၏။

မယ်တော်မာယာနှင့် မောင်နှမအရင်း တော်သော သုပ္ပဗုဒ္ဓ သာကီဝင်မင်းမှာ "ယသောဓရာ(ယသော်ဓရာ)"ဟု ခေါ်သော သမီးတော်ရှိ၏။ ထိုသမီးတော်သည် အကျင့် သိက္ခာ အလိမ္မာ အားဖြင့် သဒ္ဓေး-ဟု ဆိုရလောက်၏။ ရုပ်အဆင်းမှာ ရွှေကဲ့သို့ ဝင်းဝါပြေပြစ်၍ အလှအရာဝယ် ဆိုစရာမရှိသဖြင့် "ပဂေး"ဟု ခေါ်ထိုက်၏။ ("ပဂေဝ-အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့ နည်း"ဟူသော ပါဠိစကားကို "ပဂေး"ဟု သုံးစွဲကြသည်။)

၂၁။ မင်းဖြစ်ပြီးသော်၊ ဘယ်နန်းပေါ်၊ စံပျော် ဘယ်သို့ နေသနည်း။

၂၂။ ရမ္မ-သုဘ၊ သုရမ္မဟု၊ နန်းမ သုံးဆောင်၊ ဝင်းဝင်းပြောင်၊ ဘုန်းခေါင် လှည့်စီ စံသတည်း။

---

ထိုကဲ့သို့ အလှပဂေး အကျင့်သိက္ခာ အလိမ္မာသဗ္ဗေး ဖြစ်သော ယသော်ဓရာမင်းသမီးကလေးသည် ဘုရားအလောင်းနှင့်ဘိသိက်အတူ ခံယူဖို့ရာ လနှင့်နေ တင့်တယ်သကဲ့သို့ ကျက်သရေ ရှိရကား မောင်းမ ၄-သောင်း တို့၏ ထိပ်ကထားရသော မိဖုရား ဖြစ်လေသည်။

၂၂။ ခမည်းတော် သုဒ္ဓေါဒနမဟာရာဇာသည် သားတော်ကို စကြာမင်း ဖြစ်စေလို၏။ တောထွက်၍ ရသော့ ရဟန်းပြုခြင်း (ဘုရားဖြစ်ခြင်း)ကို မလိုလား။ ထို့ကြောင့် တောထွက်၍ မသွားနိုင်အောင် အလွန်ခမ်းနားသော နန်းမသုံးဆောင် စီမံ၍ ၁၆-နှစ် အရွယ်တော်မှာ ရှင်ဘုရင့်အရာကို လွှဲအပ်တော်မူလေသည်။

ရမ္မ-မည်သောနန်းတော်သည် နွေရာသီ၌စံတော်မူဖို့ရာ ဘုံအဆင့် ၉-ထပ်ရှိ၏။ သုဘ-မည်သော နန်းတော်သည် မိုးရာသီ၌ စံတော်မူဖို့ရာ ဘုံအဆင့် ၇-ထပ်ရှိ၏။ သုရမ္မ-မည်သော နန်းတော်သည် ဆောင်းရာသီ၌ စံတော်မူဖို့ရာ ဘုံအဆင့် ၅-ထပ်ရှိ၏။ ထို နန်းတော်တွင်း၌ နေသူအားလုံး (အယုတ်ဆုံး တံခါးစောင့်မှစ၍) မိန်းမတွေချည်းသာ ဖြစ်၏။ ဘုရားအလောင်းတော်သည် ထို နန်းမ ၃-ဆောင်၌ ရာသီအလိုက် တလှည့်စီ စံတော်မူကာ လွန်စွာ ချမ်းမြေ့တော်မူလေသည်။

ဤအားလုံးကိုခြုံ၍ဤကျမ်းနှင့်လျော်အောင် ပြင်ထားသော လယ်တီဆရာတော်ဘုရား၏ လက်ာကို မှတ်သားရာ၏။ ထိုလက်ာ၌ မဟာသက္ကရာဇ် ဟူသည် ယခု သက္ကရာဇ် မဟုတ်။ ထိုစဉ်က အသုံးပြုသော သက္ကရာဇ်တည်း။ လပြည့်ကိုလည်း ''လပြေ့''ဟု ဖတ်။ မြေကြီးကိုလည်း ''မဟီ''ဟု ပါဠိလို ခေါ်သည်။

**(လက်ာ)** သန္ဓေ ယူကာ၊ ဆယ်လ ကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူ၍၊ ရွယ်မူပျိုမျစ်၊ ဆယ့်ခြောက်နှစ်သော်၊ နန်းသစ်ထီးဖြူ၊ ဆောင်းတော်မူသည်၊ နန်းသူဆွေတို့ ချမ်းသာဘို့။

## ပဌမ အခန်း ပြီး၏။

အမှာ။ ။ဤအခန်းထိအောင် ဘုရားအလောင်းတော် ပါရမီဖြည့်ခဲ့ပုံ၊ တုသိတာ နတ်ပြည်၌ စံတော်မူပုံ၊ ထိုတုသိတာမှ လူ့ပြည်၌ အမျိုးအမြတ်ဆုံး သာကီဝင်မင်းမျိုးမှာ ဖြစ်ရပုံ၊ စကြာမင်း ဖြစ်လောက်အောင် ရုပ်လက္ခဏာ ကောင်းပုံ၊ ထီးနန်း စံပုံ များကို သိကြရပြီ။ နောက်အခန်း၌ ထိုမျှ ကြီးကျယ်သော စည်းစိမ်ကိုသော်လည်း စွန့်ခွါ၍ တောထွက်တော်မူနိုင်ပုံကို အားရဘွယ်ရာ တွေ့ကြရပါလိမ့်မည်။

# ဆဋ္ဌ အခန်း

## (နိမိတ်ကြီး ၄-ပါးမြင်၍ တောထွက်တော်မူခြင်း)

၁။ နှစ်ပေါင်းမည်မျှ၊ လောင်းဗုဒ္ဓ၊ ရာဇ စည်းစိမ် စံသနည်း။

၂။ ဆယ့်သုံးနှစ်မျှ၊ လောင်းဗုဒ္ဓ၊ ရာဇစည်းစိမ် စံသတည်း။

၃။ ထီးနန်းစံစဉ်၊ တို့အရှင်၊ ဘယ်တွင် သံဝေ ဖြစ်သနည်း။

၄။ ဥယျဉ်တော်သာ၊ ထွက်အလာဝယ်၊ အို နာ သေသူ၊ ရဟန်း
ဟူ၍၊ လေးဆူ နိမိတ်၊ နဟ်ပြုဟိတ်ကြောင့်၊ ရွှေစိတ် ငြိုငြင်
ထိုခါတွင်၊ တို့ရှင် သံဝေ ဖြစ်သတည်း။

---

၂။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသည် တဆယ့် သုံးနှစ်မျှ ထီးနန်းစည်းစိမ်ကို စံစားတော်မူ၍ သက်တော် ၂၉-နှစ်ရှိလေပြီ။ ထိုအချိန်ရောက်မှပင် အတွင်း ဉာဏ်တော်လည်း ရင့်သန်တော်မူလေ၏။

၄။ ထိုသို့ ဉာဏ်တော်ရင့်ချိန်မှာ ဥယျာဉ်တော်သို့ အခြွေအရံများစွာဖြင့် ထွက်လာသော ဘုရားအလောင်းအား သုဒ္ဓါဝါသ ဘုံသား ရဟန္တာ နတ် ဗြဟ္မာ ကြီးများသည် သူအို-သူနာ-သူသေ-ရဟန်းဟူသော ၄-မျိုးကို ဖန်ဆင်း၍ ဘုရားအလောင်းနှင့် (မေးလျှင် ဖြေဖို့ရာ)ရထားမောင်းသူ မြင်ရုံမျှ ပြကြလေသည်။

ဘုရားအလောင်းသည် ထိုအချိန်အထိ သူအို-သူနာ-သူသေတို့ကို မမြင်ဘူးသေး။ မမြင်အောင်လည်း ခမည်းတော်က အထူးစောင့်ရှောက်ထား၏။ ထို့ကြောင့် ဉာဏ်တော်ရင့်ချိန်မှာ ပဌမစ၍ တမျိုးပြီးတမျိုး အစဉ်အတိုင်းမြင်ရသော ဘုရားအလောင်းသည် အလွန် ထိတ်လန့်၍ နန်းစည်းစိမ်တွင် မပျော်ရွှင်နိုင်အောင်

၅။ သံဝေဂဖြစ်စဉ်၊ ဘယ်သို့လျှင်၊ တို့ရှင် ထပ်၍ ကြုံသနည်း။

၆။ ဥယျာဉ်မင်္ဂလာ၊ ကန်တော်သာမှ၊ ပြန်လာလေသော်၊ ရထား ပေါ်ဝယ်၊ သားတော်ဖွားကြောင်း၊ သတင်းကောင်း၊ ထပ် လောင်းကြားရ ပြန်သတည်း။

၇။ သားတော် ဖွားအင်၊ ကြားလိုက်လျှင်၊ စိတ်တွင်ဘယ်သို့ ဖြစ် သနည်း။

၈။ သားတော် ဖွားအင်၊ ရွှေနားဆင်၍၊ ကြားလျှင် ကြားချင်း၊ အချစ်ပြင်း၊ ရိုးတွင်းခြင်ဆီ စိမ့်သတည်း။

---

စိတ်ငြိုငြင်တော်မူလေသည်။ (သံဝေဂ=ဉာဏ်နှင့်ယှဉ်၍ ထိတ် လန့်ခြင်း။)

ထိုသို့သံဝေဂဖြစ်နေစဉ် တရားကျင့်နေသောရဟန်းတော်အသွင် ကိုမြင်ရသောအခါ အားကျတော်မူရကား "တောထွက်၍ရဟန်း ပြုတော့မည်"ဟု အကြံ ဖြစ်တော်မူလေသည်။ (သူအိုစသော ၄-ပါးကို သံဝေဂရခြင်း၏ အကြောင်း နိမိတ်ဖြစ်၍ "နိမိတ် ၄-ပါး"ဟု ခေါ်၏။)

၆။ ဘုရားအလောင်းတော်သည် ထိုနေ့အဖို့၌ ဥယျာဉ်တော်ဝယ် ခါတိုင်းကဲ့သို့ မပျော်ပဲ ညနေ စောင်းသော် ဥယျာဉ်တော်မှာ ရှိသော မင်္ဂလာ ရေကန်တော်ဝယ် ရေချိုးတော် မူ၏။ ထို့နောက် နန်းတော်သို့ ပြန်ဖို့ရန် ရထားပေါ်သို့ရောက်လျှင်ပင် "ယသော်ဓရာမိဖုရားမှသားဦးရတနာဖွားမြင်ကြောင်း"သတင်း ကောင်းကို ကြားရလေသည်။

၈။ သားတော် ဖွားမြင်ကြောင်း ကြားလျှင်ကြားချင်း ချစ်ခင် နှစ်သက်မှု ပီတိသည် အရိုးတွင်းကခြင်ဆီအထိ စိမ့်သွားလောက် အောင် ဖြစ်ပေါ်လာလေသည်။ ထိုသို့ဖြစ်ပေါ်လာ၍ စဉ်းစား သည်မှာ—

၉။ အချစ်ပြင်းစွာ၊ ဖြစ်သောခါ၊ နှုတ်မှာ ဘယ်သို့ မိန့်သနည်း။
၁၀။ ရာဟုပမာ၊ ငါ့ကိုသာလျှင်၊ မြဲစွာဖမ်းဖို့၊ သားတော်ကို့၊ ဤသို့ ထိုခါ မိန့်သတည်း။
၁၁။ နန်းတော်ရောက်ခါ၊ လောင်းလျာ၊ စိတ်မှာ ဘယ်သို့ ဖြစ်သနည်း။
၁၂။ နန်းတော်ရောက်သော်၊ အလောင်းတော်လည်း၊ မပျော်မရွှင်၊ စက်ရာခွင်၊ ကပ်ဝင် စက်တော် ခေါ်သတည်း။
၁၃။ စက်ရာထက္ကင်၊ ဘာကိုမြင်၊ တို့ရှင် ဘယ်သို့ ဖြစ်သနည်း။
၁၄။ သန်းခေါင်ကာလ၊ စက်ရာထသော်၊ မောင်းမခြွေရံ၊ အိပ်ကြဟန်မြင်၊ သုသာန်ထင်၊ တို့ရှင် ထွက်ဖို့ ကြံသတည်း။

---

"သားတော် တယောက်အတွက် ဤမျှလောက် အနှောင်အဖွဲ့ကြီးနေလျှင် နောင်အခါ သားတော်အများ ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ သာ၍ တောထွက်ဖို့ ခဲယဉ်းလိမ့်မည်" ဤသို့ တွေးတော်မူကာ "ယနေ့ညပင် တောထွက်အံ့" ဟု ကြံစည်တော်မူလေသည်။

၁၀။ "ရာဟုဂြိုဟ်သည် လကို ဖမ်းသကဲ့သို့ တောမထွက်နိုင်အောင် ငါ့ကို ဖမ်းမည့် သားတော်ပဲ"ဟု တွေး၍ "ရာဟုဇာတော= ရာဟုဖွားပြီ"ဟု နှုတ်တော်က မြွက်လိုက်လေ၏။ ထိုစကားကို ကြား၍ သားတော်ကို "ရာဟုလာ"ဟု နာမည်မှည့်ကြသည်။ (ရာဟု=ရာဟုကဲ့သို့+လာ=ဖမ်းယူတတ်သူ။)

၁၂။ နန်းတော်သို့ ရောက်သော အခါ တီးမှုတ် ဖြေဖျော်ကြသည်ကို ခါတိုင်းကဲ့သို့ ပျော်ပျော်ရွှင်ရွှင် မရှုစားလိုပဲ စက်ရာပေါ်ဝယ် စက်တော်ခေါ်လေတော့သည်။

၁၄။ ဘုရားအလောင်း စက်တော်ခေါ်လျှင် အခြေအရံ မောင်းမတို့လည်း အနီးအပါး၌ အိပ်ကြလေ၏။ နံ့သာဆီမီးများလည်း လင်းလျက်ရှိ၏။ မောင်းမတို့လည်း ဒူးပေါ် ပေါင်ပေါ်နှင့်

၁၅။ တောထွက်ဖို့ရန်၊ စိတ်တော်ကြံ၊ ဘယ်ထံ ဘာကို ပြုသနည်း။
၁၆။ တောထွက်ဖို့ရန်၊ စိတ်တော်ကြံ၍၊ မောင်ဆန်နှိုးကာ၊ မြင်းတော်သာ၊ ပြင်လာခဲ့ဖို့ မိန့်သတည်း။
၁၇။ မြင်းတော်ပြင်စဉ်၊ ထိုချိန်တွင်၊ တို့ရှင် ဘာကို ပြုသနည်း။
၁၈။ ဖွားစသားတော်၊ ရှုအံ့မျှော်၍၊ ယသော်ဓရာ၊ ဆောင်တော်သာ၊ ထိုခါ လှမ်းတော်မူသတည်း။

---

တချို့က သွားရည်ကျလျက်၊ တချို့က လျှာထွက်လျက်၊ တချို့က ယောင်ယမ်းလျက်၊ တချို့က လည်ပင်တစောင်းကျလျက် အိပ်နေကြကုန်၏။

ဘုရားအလောင်းသည် သန်းခေါင် အချိန်ဝယ် စက်တော်ခေါ်ရာမှ နိုးသောအခါ ထိုအိပ်ပျော်နေကြပုံကို မြင်၍ မိမိကိုယ်တိုင် နန်းတော်မှာ နေရသလိုမထင်ပဲ သုသာန်သင်္ချိုင်းမှာ ရောက်နေရသလို၊ အိပ်နေသော မောင်းမတို့ကိုလည်း သူသေတွေလို တွေးမိကာ ယခုပင် တောထွက်တော့မည်ဟု ကြံတော်မူလေသည်။

၁၆။ တောထွက်ဖို့ ကြံတော်မူပြီးနောက် (အလိုရှိလျှင် အသင့်နိုးအောင်) တံခါးခုံကို ခေါင်းအုံး၍အိပ်နေသော အတွင်းဝန်ဆန္နကိုနှိုး၍ "ကဏ္ဍက" မြင်းတော်ကို ပြင်ခဲ့ဖို့ရန် မိန့်တော်မူလေသည်။

**မှတ်ချက်။** ။ ဆန္နသည် ဘုရားအလောင်းကို တောမထွက်စေလို၊ စကြာမင်းသာ ဖြစ်စေလို၏။ ထို့ကြောင့် မြင်းတော်ကို မပြင်လိုသော်လည်း အမိန့်ကို မလွန်ဆန်ဝံ့၍ ပြင်ရလေတော့သည်။

၁၈။ ဆန္နအမတ် မြင်းတော်ကိုပြင်နေစဉ် ဖွားခါစ သားတော်ကို ရှုစားတော်မူလို၍ ယသော်ဓရာမိဖုရား၏ အဆောင်တော်သို့ ကြွတော်မူလေသည်။

၁၉။ ဆောင်တော်အနား၊ လောင်းဘုရား၊ စိတ်ထား ဘယ်သို့ ဖြစ်သနည်း။

၂၀။ ဖွားစသားမယား၊ ပွေ့လိုသော်လည်း၊ ယသော်နိုးမည်၊ စိုးရိမ်သည့်ကြောင့်၊ မချီပွေ့ပဲ၊ စိတ်အားခဲ၊ မနဲချုပ်၍ပြန်သတည်း။

၂၁။ ယသော်ဓရာ၊ ခန်းဆောင်သာမှ၊ ပြန်လာပြီးလျှင်၊ တို့အရှင်၊ ထိုစဉ် ဘာကို ပြုသနည်း။

၂၂။ ယသော်ဓရာ၊ ခန်းဆောင်သာမှ၊ ပြန်လာပြီးသော်၊ မြင်းတော်ကဏ္ဍက၊ မှူးဆန္နနှင့် တကွအတူ၊ ထွက်တော်မူ၊ ရွှေးရှု တောသို့ မြန်းလာသနည်း။

---

၂၀။ ထိုအခါ မိဖုရားအဆောင်တော်ဝယ် နံ့သာတိုင်များ ခပ်မှိန်မှိန် လင်းလျက်ရှိ၏။ မြလေးပန်းဟုံ့၏အလယ်မှာ သားတော်နှင့်အတူ ယသော်ဓရာ စက်တော်မူနေ၏။ ဘုရားအလောင်းတော်သည် အဆောင်တော်၏ တံခါးခုံပေါ်၌ ခြေတော်တင်၍ ရပ်ကြည့်နေ၏။ သားတော်ကိုမြင်လျှင် ပွေ့ယူလိုက်ချင်၏။ ပွေ့ယူလျှင် ယသော်ဓရာနိုး၍ တောထွက်ဖို့အရေးကား ဝေးသွားတော့မည်။ သို့ဖြစ်၍ သားတော်ကို မပွေ့ယူတော့ပဲ "ဘုရားဖြစ်မှ သားချစ်ကိုရှုအံ့" ဟု စိတ်အားတော်ခဲ၍ မနည်းကြီးချုပ်တည်းကာ ပြန်လှည့်တော်မူခဲ့ပါသည်။

**မှတ်ချက်။** ။ ဆန္နအမတ် မြင်းတော်ကို ပြင်သောအခါ ကဏ္ဍက မြင်းသည် အလွန်ဝမ်းသာစွာ မြည်ဟည်းလေ၏။ သို့သော်— မနိုးအောင် နတ်တို့က ပြုလုပ်ထားသဖြင့် မည်သူမျှ မနိုးကြချေ။

၂၂။ ယသော်ဓရာ၏ ခန်းဆောင်မှ ထွက်တော်မူလာပြီးလျှင် အသင့်ပြင်ထားသော ကဏ္ဍက မြင်းတော်ကိုစီး၍ ဆန္နအမတ်နှင့်အတူ တောထွက်တော် မူလေသည်။

၂၃။ တောထွက်လေရာ၊ ထိုအခါ၊ ဘယ်မှာ ဘယ်သူ တားသနည်း။

၂၄။ ယာဉ်ပျံစကြာ၊ ၇-ရက်ကြာလျှင်၊ ရောက်လာတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ပြန်လည်စေငြား၊မာရ်နတ်သား၊ ဆီးတား တောင်းပန် လေသတည်း။

၂၅။ မာရ်နတ်တားသော်၊ တို့လောင်းတော်၊ ထုတ်ဖော် ဘယ်သို့ မိန့်သနည်း။

၂၆။ ယာဉ်ပျံစကြာ၊ ရောက်မည့်ခါကို၊ ကောင်းစွာငါသိ၊ လိုမရှိဟု၊ အတိအလင်းသာ၊ပြန်ငြင်းကာ၊ ထွက်လာမြဲပင် ထွက်သတည်း။

၂၇။ နတ် နှင့် ပြဟ္မာ၊ ထိုချိန်ခါ၊ ညီညာဘယ်သို့ ဝိုင်းသနည်း။

---

**မှတ်ချက်။** ။မြင်းထိန်းတို့သည် မြင်း၏အမြီးရင်းကို ဆွဲကိုင်ကာ ခြေ ၂-ဖက်ဖြင့် မြင်း၏ ပေါင် ၂-ဖက်ကို မြဲစွာရစ်ပတ်၍ လိုက်ကြ ရ၏။ ဝိဓုရအမတ်ကြီးသည်ပင် ပုဏ္ဏက နတ်ဘီလူး နောက်သို့ ဤနည်းဖြင့် လိုက်သွားခဲ့ရဘူးသည်။

၂၄။ ထိုသို့ ထွက်တော်မူလာ၍ မြို့တံခါးပြင်ဘက်သို့ ရောက်သော အခါ မာရ်နတ်သားသည် ကောင်းကင်၌ရပ်လျက် "၇-ရက် ကြာလျှင် ၄-ကျွန်းလုံးကို အစိုးရသော စကြာမင်း ဖြစ်ဖို့ရန် စကြာယာဉ်ပျံတော် ရောက်လာပါလိမ့်မည်။ တောမထွက်ပါ နှင့်"ဟု ဆီးတားလေသည်။

၂၆။ မာရ်နတ် တားသောအခါ "အို မာရ်နတ်.... ၇-ရက် ကြာ လျှင် စကြာရတနာ ဆိုက်ရောက်လာမည့်အကြောင်းကို သိပါ ၏။ ထိုစကြာမင်းစည်းစိမ်ကိုလည်း အလိုမရှိပါ။ ဗုဒ္ဓ ဖြစ်အောင် သာ ကြိုးစားတော့မည်"ဟု ငြင်းဆန်၍ ထွက်မြဲ ထွက်တော် မူလေသည်။

၂၈။ နတ်နှင့်ဗြဟ္မာ၊ ထိုခါနိခါဝယ်၊ ညီညာဝိုင်းအုံ၊ ပန်းမျိုးစုံဖြင့်၊ မီးစုံထွန်းကာ၊ ရွှေနောက်မှာ၊ ဝဲယာ လိုက်ပါကြသတည်း။

၂၉။ ဗြဟ္မာ နှင့် နတ်၊ ခြံရံပတ်၍၊ ထွက်လတ်ပြီးနောက်၊ ဘယ်ချိန်လောက်၊ ဘက်ရောက် မြန်းတော်မူသနည်း။

၃၀။ ဗြဟ္မာနှင့် နတ်၊ ခြံရံပတ်၍၊ ထွက်လတ်လေရာ၊ မိုးသောက်ခါ၊ နေဝ်မာ မြစ်ကမ်း ရောက်သတည်း။

---

၂၈။ ထိုသို့ ထွက်လာသောအခါ ဘုရားဖြစ်ဖို့ရန် စောင့်မျှော်နေကြသော နတ် ဗြဟ္မာ တို့သည် အလွန်ပျော်ရွှင်ကြသဖြင့် တချို့က မီးရောင်စုံ ညှိထွန်း၍၊ တချို့က ပန်းပေါက်ပေါက်နှင့် ပန်းမျိုးစုံကို ကြဲဖြန့်၍၊ တချို့က ဘုန်းတော်ဖွဲ့ ဂီတတို့ကို ရွတ်ဆို၍ ဝဲယာ ရွှေနောက်က အလွန် ကြည်နူးဘွယ်ရာ လိုက်လာကြလေသည်။

၃၀။ ထိုသို့ ထွက်လာသော ဘုရားအလောင်းသည် နံနက် လင်းသောအခါ အနေဝ်မာမြစ်ကမ်းသို့ ရောက်တော်မူ၏။ထို့နောက် ဤဘက်ကမ်းမှတဆင့် ရှစ်ဥသဘ ဝေးသော ဟိုဘက်ကမ်းသို့ ကူးဖို့ရန် ခြေတော်ဖြင့် အချက်ပေးလိုက်ရာ မြင်းတော်လည်း လွှားကနဲ ခုန်ကျော်၍ ဟိုဘက်ကမ်းပေါ်သို့ ရောက်လေသည်။

ထိုသို့ တောထွက်တော်မူလာရာ နေ့သည် ဝါဆိုလပြည့် (ကျားမင်းဖြင့် မှတ်သားအပ်သော) တနင်းလာနေ့ ဖြစ်၏။ ထိုအားလုံးကို ခြုံ၍ (သင့်တော်အောင် ဖြတ်ပိုင်းထားသော) လယ်တီဆရာတော် ဘုရားကြီး၏ လင်္ကာကား—

**(လင်္ကာ)** နန်းသစ် ထီးဖြူ၊ ဆောင်းတော်မူ၍၊ ရှယ်မူနှုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြပိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ ပင်စုံမြိုင်ရိပ် ခန်းမှာကို။

**ဆဋ္ဌ အခန်း ပြီး၏။**

# သတ္တမ အခန်း

## (ရဟန်းပြုသည်မှ စ၍ ဘုရားဖြစ်သည့်အထိ)

၁။ နေ့်မာကမ်းပေါ်၊ ရောက်လတ်သော်၊ ဆံတော် ဘယ်သို့ ပယ်သနည်း။

၂။ နံ့သာ ကြိုင်လှောင်၊ ဆံဥသျှောင်ကို၊ ဘုန်းခေါင် ရွှေလက်၊ သန်လျက်ဖြင့်၊ တဖက်ကိုင်ကာ၊ ကိုယ်တိုင်သာ၊ ကောင်းစွာ ပယ်ရိတ်ပါသတည်း။

၃။ ပယ်ရိတ်ပြီးသော်၊ ထိုဆံတော်၊ ဘုန်းမော်ဘယ်သို့ ပြုသနည်း။

၄။ ဗုဒ္ဓကေန်၊ ဖြစ်မည်မှန်မူ၊ ဤဆံကေသာ၊ ကောင်းကင်မှာပင်၊ ကောင်းစွာတည်ရန်၊ စိတ်တော်ကြံ၊ မိဋ္ဌာန်မြှောက်၍ ပစ်သတည်း။

---

၂။ ဘုရားအလောင်းတော်သည် အနေ့်မာမြစ်ကမ်း၏ သဲသောင်ပြင်ဝယ် မြင်းပေါ်မှ ဆင်းတော်မူ၏။ ထိုနောက် ဆံဥသျှောင် (ဆံထုံးတော်)ကို လက်တဖက်ဖြင့် ကိုင်၍ သန်လျက်ဖြင့် ကိုယ်တော်တိုင် ပယ်ရိတ်လေသည်။

၄။ ထိုနောက် ဆံထုံးတော်ကို "ဘုရား ဖြစ်မည် မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌ တည်စေသတည်း"ဟု မိဋ္ဌာန်၍ ကောင်းကင်သို့ မြှောက်ပစ်လိုက်ရာ ကောင်းကင်မှာပင် တည်နေလေသည်။

၅။ ကောင်းကင် တည်လတ်၊ ဆံတော်မြတ်၊ ဘယ်ရပ် ဘယ်မှာ ကိန်းသနည်း။

၆။ ကောင်းကင်တည်မူ၊ သိကြားယူ၍၊ စူဠာမဏိ၊ အမည်ရှိသား၊ စေတီတော်မှာ၊ ထာပနာ၊ ဝတိံသာ၌ ကိန်းသတည်း။

၇။ သပိတ်သက်န်း၊ ရဖို့မှန်း၊ လှူဒါန်း ဘယ်သူပြုသနည်း။

၈။ ဃဋိကာရ၊ အမည်ရသည့်၊ ဗြဲကသဟာ၊ မင်းဗြဟ္မာ၊ ဆင်းကာ ကပ်လှူပါသတည်း။

၉။ မြင်းတော်ကဏ္ဍက၊ မတ်ဆန္နတို့၊ ပြန်ကြသလား၊ ဘယ်လိုများ၊ ထူးခြား ဖြစ်ပါသေးသနည်း။

---

၆။ ကောင်းကင်၌ တည်နေသော ဆံတော်ကို ရတနာ ပန်းကလာပ်ဖြင့် သိကြားမင်း ခံယူ၍ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီ တည်ပြီးလျှင် ထိုစေတီတော်မှာ ထာပနာ လေသည်။ (ထာပနာ=အတွင်း၌ သွင်းထားခြင်း။)

၈။ ကဿပ မြတ်စွာဘုရား၏ လက်ထက်တော်၌ မိဘကို ပြုစုလုပ်ကျွေးနေသော ဃဋိကာရ (အိုးလုပ်သမား)နှင့် ငါတို့ဘုရားအလောင်း "ဇောတိပါလ" လုလင်သည် မိတ်ဆွေသဟာ (သဟာယ်ချင်း=သူငယ်ချင်း) ဖြစ်ကြ၏။

ဘုရားအလောင်း တောထွက်တော်မူလာချိန်၌ ထို ဃဋိကာရသည် ဗြဟ္မာမင်း ဖြစ်နေ၏။ ရှေးက သဟာယ (သူငယ်ချင်း) ဖြစ်ဘူးသော ထို ဃဋိကာရ ဗြဟ္မာသည် ရဟန်းပြုလိုသော ဘုရားအလောင်းအား သပိတ်နှင့်သက်န်းကို လှူဒါန်းလာလေသည်။

**၁၀။** **မြင်းတော်ကဏ္ဍက၊** မတ်ဆန္နတို့၊ ပြန်ကြဖို့ရာ၊ မိန့်**သောခါ**ဝယ်၊ ပြန်ရှာပြီးနောက်၊ မျက်ကွယ် ရောက်သော်၊ မြင်းတော် ဝမ်းနဲ၊ နှလုံးကွဲ၊ သေပွဲဝင်ရ ရှာသတည်း။

**၁၁။** ရဟန်းဖြစ်ထ၊ ဘယ်သို့ကြွ၊ ဘယ်မှ ဘယ်သူ တွေ့သနည်း။

**၁၂။** ရဟန်းဖြစ်က၊ ရာဇဂြိုဟ်ကြွ၊ ဗိမ္ဗိသာရ တွေ့သတည်း။

---

၁၀။ ထိုသို့ ရဟန်းပြုပြီးသောအခါ ဆန္နအမတ်ကို ပြန်လွှတ်၍ ခမည်းတော်နှင့် မိထွေးတော်တို့အား ကျန်းမာ ချမ်းသာ ကြောင်းကို သံတော်ဦးတင်ဖို့ရန် အမိန့်ရှိလေသည်။ ဆန္နအမတ်သည် မပြန်လိုသော်လည်း အမိန့်တော်ကို မလွန်ဆံဝံ့၍ ကဏ္ဍက မြင်းနှင့် အတူ ဘုရားအလောင်းကို ရှိခိုးဝပ်ချ၍ ပြန်ရရှာလေသည်။

ကဏ္ဍကမြင်းတော်လည်း ခွဲခါနီး၌ သခင်၏ နီမြန်းသော ခြေဖဝါးတော်ကို လျှာဖြင့်လျက်ရှာသေး၏။ ထို့နောက် ခွဲရသဖြင့် ဝမ်းအနည်းကြီးနည်းကာ ဘုရားအလောင်း၏ မျက်စိတဆုံးအရောက်လောက်မှာ အတွင်းနှလုံးကွဲ၍ စုတေပြီးနောက် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား ဖြစ်လေသည်။

**မှတ်ချက်။** ။ဘုရားဖြစ်ပြီးသောအခါ ထို ကဏ္ဍကနတ်သား လာ၍ တရားနာလေရာ သောတာပန်ဖြစ်၏။ ဆန္နကား ရဟန်းပြု၍ ဘုရားကို အလွန်ချစ်ခင် အားကိုးနေသဖြင့် တရားမရရှာသေး။ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးမှ အချစ်ပြယ်ကာ ရဟန္တာ ဖြစ်လေသည်။

၁၂။ ရဟန်းပြုပြီးသောအခါ အနော်မာမြစ်ကမ်း၏အနီး "အနုပိယ" မည်သော သရက်တော၌ ၇-ရက်မျှ နေတော်မူပြီးနောက် ရသေ့ ရဟန်း ပေါများသော ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၏။

၁၃။ ဒုက္ကရစရိယာ၊ ဘယ်နေရာ၊ ဘယ့်လောက်ကြာအောင် ကျင့်သနည်း။

၁၄။ ဥရုဝေလ၊ တောဌာနဌ်၊ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ လောင်းလျာ ကျင့်မိပါသတည်း။

---

မြို့တွင်းသို့ ဆွမ်းခံဝင်သောအခါ "ထိုမျှလောက် ချောမောသပ္ပါယ်၍ ၂၉-နှစ်မျှအရွယ် ရှိသေးသော ရသေ့ ရဟန်းကို မမြင်ဘူးကြသော မြို့သူမြို့သားတို့သည် "လူလော-နတ်လော" ဟု တွေးတောကာ တအံ့တသြ ကြည့်ရှုကြလေသည်။

ထိုနောက် ဗိမ္ဗိသာရမင်းကိုယ်တိုင် လိုက်လာပြီးလျှင် ပဏ္ဍဝတောင်ခြေမှာ ဆွမ်းဘုဉ်းပေးပြီး၍ ထိုင်နေသော ဘုရားအလောင်းတော်ကို မြင်ရုံမျှဖြင့် အားရကြည်ညိုကာ ထီးနန်းစည်းစိမ်ကို ပေး၍ အမျိုးဇာတ်ကို မေးလေသည်။

ထိုအခါ စည်းစိမ်ကို အလိုမရှိကြောင်း၊ သာကီဝင် ခတ္တိယ (မင်း)မျိုး ဖြစ်ကြောင်း၊ တရားကျင့်လို၍ ထွက်လာကြောင်းကို မိန့်တော်မူရာ ဘုရားဖြစ်သောအခါ မိမိနိုင်ငံကို အစောဆုံး ကြွလာဖို့ရန် လျှောက်ထားလိုက်လေသည်။

၁၄။ (ဒုက္ကရ = ခဲယဉ်းစွာ ပြုကျင့်ရသော = ကျင့်နိုင်ခဲသော+ စရိယာ = အကျင့်။) လူ နတ် ဗြဟ္မာ အားလုံးပင် အလွန် ပင်ပင်ပန်းပန်း ကျင့်မှုကို ကျေနပ်လေ့ ရှိကြ၏။ ထိုအချိန်၌ ထိုပင်ပန်းသော အကျင့်ကို ရသေ့အများကျင့်၍ တချို့ကား ဘုရားဟုပင် ဝန်ခံနေကြ၏။ ထို့ကြောင့် ဘုရားအလောင်းတော်သည် ဥရုဝေလတော၌ အားအင်ဗလ လုံ့လဝီရိယအစွမ်းကို သတ္တဝါတို့အား ပြရရောက်အောင် နေ့မအား ညမအား အားသွန်ကြိုးစား၍ တရားကျင့်တော် မူလေသည်။ အစားအစာလည်း လွန်စွာနည်းပါးလေ၏။ တနေ့လုံးမှ ပဲပြုတ်ရည်

၁၅။ ထိုမှ တဖန်၊ အကျင့်မှန်၊ ထပ်မံ ဘယ်သို့ ပြုသနည်း။
၁၆။ ထိုမှတဖန်၊ အကျင့်မှန်၊ ဆွမ်းခံစား၍ ကျင့်သတည်း။

---

ကလေး တလက်ဆုပ်လောက်သာ သောက်၏။ တနေ့လုံးမှ ဆီးသီးကလေး တလုံးလောက်သာ စား၏။

ဤကဲ့သို့ အစာနည်းပါးသည့်ပြင် အလွန်အမင်း ကြိုးစားမှုကြောင့် ခန္ဓာကိုယ်နွမ်း၍ အသားအရေလည်း ခြောက်ခန်းသွား၏။ ဝါဝင်းသော အဆင်းတော်သည် ညိုမဲသွား၏။ ၃၂-ပါးသော ယောကျ်ားမြတ် လက္ခဏာတော်လည်း အများအားဖြင့် ကွယ်ပျောက်လေတော့၏။ ရှေ့ဘက် ဝမ်းပြင်နှင့် ကျောသည် ကပ်နေ၏။ တခါတုန်းကသော် ကျင်ကြီး စွန့်ရာ၌ ပစ္စမဂ် (ကျင်ကြီးထွက်လမ်း) ရှုံ့တွနေသောကြောင့် ကျင်ကြီးမထွက်နိုင်ပဲ မူးမိုက်၍ လဲသွားဘူးလေသည်။

၁၆။ ထိုသို့ ၆-နှစ်မျှ ကျင့်ပြီးသောအခါ အစာနည်းပါး၍ ခန္ဓာကိုယ် အင်အားမရှိလျှင် "တရားမရနိုင်" ဟု ဆင်ခြင်တော်မူကာ ဆွမ်းခံစား၍ တရားကျင့်တော်မူပြန်သည်။ ထိုသို့ ဆွမ်းခံစား၍ မကြာခင် အသားအရေသည် နဂိုအတိုင်း စိုပြည်ဝါဝင်း၍ အားအင်လည်း ပြည့်လာ၏။ ၃၂-ပါးသော ယောကျ်ားမြတ် လက္ခဏာတော်လည်း ပြန်၍ ပေါ်လာလေတော့၏။ ထို့ကြောင့် မှန်မှန်စား၍ ကျင့်သော ဤအကျင့်သာ အကျင့်မှန် ဖြစ်သည်။

သို့သော် ဘုရားအလောင်း ဒုက္ကရစရိယာ ကျင့်တော်မူစဉ် ပဉ္စဝဂ္ဂီ (၅-ယောက် အစုရှိသော) ကောဏ္ဍည အစရှိသော ရသေ့တို့သည် ကျင့်ဖော်ကို အလွန်အားရ၍ "ဗုဒ္ဓဖြစ်လျှင် တရားဦး နာမည်" ဟု မျှော်လင့်ကာ ဘုရားအလောင်းကို ပြုစု လုပ်ကျွေး နေကြ၏။ ဆွမ်းခံ၍ စားသောအခါ၌ကား ဒုက္ကရစရိယာ

၁၇။ ဗုဒ္ဓဖြစ်ဖွယ်၊ နေ့၌ဝယ်၊ ဘယ်သူ ဆွမ်းတော် ကပ်သနည်း။

၁၈။ ဗုဒ္ဓနေ့မှာ၊ သုဇာတာလျှင်၊ ဃနာနို့ဆွမ်း၊ ခွက်ပါကမ်း၊ လှူဒါန်း ဆက်ကပ် ပါသတည်း။

၁၉။ နို့ဆွမ်း ဃနာ၊ ဘုဉ်းပေးကာ၊ ခွက်မှာ ဘယ်သို့ သုံးသနည်း။

၂၀။ နေရဉ္ဇရာ၊ မြစ်ကမ်းသာဝယ်၊ လောင်းလျှာ ရပ်နား၊ ဆွမ်းကို စား၍၊ ဘုရားဖြစ်ရန်၊ ယနေ့မှန်လျှင်၊ ဆန်စေမြစ်ညာ၊ ဓိဋ္ဌာန်ကာ၊ ရေမှာ ရွှေခွက် မျှောသတည်း။

---

ကျင့်နေသလို အားမရကြတော့ပဲ ဘုရားအလောင်းထံမှ ခွဲ၍ မိဂဒါဝုန်တောသို့ သွားရောက်နေထိုင်ကြလေသည်။

၁၈။ ဥရုဝေလတော၏ အနီး၌ “သေနာ”မည်သော နိဂုံး ရှိ၏။ ထို နိဂုံး သဌေး၏ သမီးသည် “သုဇာတာ”မည်၏။ ထို သတို့ သမီးသည် အပျိုဘဝတုန်းက ညောင်ပင်ကြီးသို့ ချဉ်းကပ်၍ “အမျိုးတူ သဌေးသားနှင့် လက်ထပ်ရအောင် သားဦးရတနာ ရအောင် စောင်မပါ။ တောင့်တတိုင်း ပြည့်စုံလျှင် နှစ်စဉ်ပူဇော် ပါမည်”ဟု နတ်ကိုတောင်းပန်ဘူး၏။

ထိုတောင့်တတိုင်း ပြည့်သောကြောင့် ကဆုန်လပြည့်နေ့၌ ရုက္ခစိုးနတ်ကို နှစ်စဉ်ပူဇော်မြဲ ဖြစ်၏။ ထိုနေ့၌ကား ကျွန်မ တယောက်နှင့် အတူ နံနက်စောစော အပူဇော်လာသောအခါ ညောင်ပင် အောက်၌ ထိုင်နေတော်မူသော အလွန်သပ္ပါယ် လှပသော ဘုရားအလောင်းကိုပင် သူ့ကိုစောင်မသော နတ် ဟု ထင်၍ အလွန်ကြည်ညိုရကား နို့ဃနာဆွမ်းကို ရွှေခွက်ပါ လှူဒါန်း ဆက်ကပ်လေသည်။ (နို့ထမင်းပျစ်ပျစ်ကို “ဃနာ နို့ဃမင်း”ဟုခေါ်၏။ ဃန = ပျစ်သော။)

၂၀။ သုဇာတာ၏ ဃနာနို့ဆွမ်းကို နေရဉ္ဇရာ မြစ်ကမ်း၌ လေးဆယ့် ကိုးလုတ် ဘုဉ်းပေးတော်မူ၏။ ထိုသို့ ဘုဉ်းပေးပြီးလျှင် “ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေ

၂၁။ ဘယ်နေရာတွင်၊ နေ့သန့်စင်၍၊ ထိုပြင်တခန်း၊ ညနေချမ်း၊ ကြွလှမ်းရွေးရှု ဘယ်သို့နည်း။

၂၂။ အင်ကြင်းတောတွင်၊ နေ့သန့်စင်၍၊ ထိုပြင်တခန်း၊ ညနေချမ်း၊ ကြွလှမ်း ဗောဓိပင်သို့တည်း။

၂၃။ ဗောဓိပင်သာ၊ ရောက်သောခါ၊ လောင်းလျာ ဘယ်သို့နေသနည်း။

၂၄။ ဗောဓိပင်မြတ်၊ အရှေ့ရပ်၌၊ ချဉ်းကပ်ထိုင်ကာ၊ ဘာဝနာ၊ ကောင်းစွာ ပွါး၍ နေသတည်း။

---

သတည်း''ဟု မိဋ္ဌာန်၍ မြစ်ရေမှာ မျှောလေ၏။ ရွှေခွက်လည်း ရေညာသို့ ဆန်တက်လေတော့သည်။

၂၂။ ထိုနောက် ထိုမြစ်ကမ်းနှင့် မလှမ်းမကမ်းဝယ် အင်ကြင်းတော၌ နေ့သန့်စင်တော်မူ၏။ (နေ့ အခါ၌ တရားဖြင့် စိတ် သန့်ရှင်းအောင် နေခြင်းကို ''နေ့သန့်စင်''ဟု ခေါ်၏။) ညနေချမ်း၌ကား ထိုနေရာမှ ဗောဓိညောင်ပင်သို့ ကြွတော်မူ၏။ ထိုသို့ ကြွတော်မူရာ လမ်း၌ မြက်ရိတ်၍ ပြန်လာသော ပုဏ္ဏား တယောက်က ဘုရားအလောင်းအား မြက်စည်းကလေးရှစ်စည်းကို လှူလိုက်လေသည်။

၂၄။ ဘုရားအလောင်းတော်သည် ဗောဓိညောင်ပင်သို့ ရောက်သောအခါ အရှေ့ဘက်မှ ဗောဓိပင်သို့ ကပ်ဝင်၍ အသင့်ယူလာသော မြက်ရှစ်စည်းကို ဖြန့်ခင်းတော်မူ၏။ ထိုနောက် ဗောဓိပင်ကို နောက်ကျောပြုလျက် အရှေ့ဘက်သို့ မျက်နှာမူ၍ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူသည်။

ထိုသို့ ထိုင်နေခြင်းကား အခြားအခါ ထိုင်နေခြင်းနှင့်မတူ။ ''အရေ အကြော အရိုးတို့သာ ကြွင်းကျန်၍ အသားနှင့် အသွေးတွေ ခြောက်ခန်း သွားစေကာမူ ဘုရားမဖြစ်လျှင်

၂၅။ ထိုသို့နေခါ၊ ဘယ်သူလာ၊ ဘာကို အရေးဆိုသနည်း။
၂၆။ ထိုသို့နေခါ၊ မာရ်နတ်လာ၊ နေရာပလ္လင် လုသတည်း။

---

ဤတင်ပလ္လင်ခွေကိုမဖျက်တော့အံ့”ဟု အလွန်စွဲမြဲသော ဇွဲ ဝီရိယဖြင့် ဓိဋ္ဌာန်၍ ထိုင်နေတော် မူခြင်းဖြစ်သည်။ ထိုသို့ ထိုင်နေပြီးလျှင် အာနာပါန ကမ္မဋ္ဌာန်း ဘာဝနာကို စီးဖြန်း ပွားများနေတော်မူသည်။

ထိုအချိန်၌ နေမဝင်သေး၊ ဗောဓိပင်မှ အရွက်ဟောင်းများသည် တဖျောက်ဖျောက် ကြွေကျ၍ အရွက်သစ် အညွန့်ကလေးတွေ သန္တာနီကလေးများကဲ့သို့ ထွက်နေကာ လွန်စွာ ကြည်နူးဘွယ်ရာ အချိန်ပါပေတည်း။

၂၆။ ထိုသို့ ထိုင်နေပုံကို မြင်ရသော မာရ်နတ်သည် အနှောင့်အယှက်မပေးလိုသော သဘောဖြင့် သူ၏ အာဏာ ပြန့်နှံ့ရာဖြစ်သော နတ်စစ်သည် အပေါင်းကို ဆင့်ခေါ်၍ သူကိုယ်တိုင်လည်း ဂိရိမေခလာ ဆင်ပြောင်ကြီးကို တက်စီးကာ စစ်တပ်ကြီးချီ၍ လာလေသည်။

ထိုသို့စစ်တပ်ချီ၍ လက်နက်မျိုးစုံ ခြိမ်းခြောက်သံ မျိုးစုံတို့ဖြင့် အနှောင့် အယှက် ပေးနေသော မာရ်နတ်ကို ဘုရားအလောင်းတော်သည် ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်စစ်တပ်ဖြင့် ခုခံတော်မူ၏။ နောက်ဆုံး၌ “ဝေဿန္တရာမင်း ဘဝတုန်းက ဒါနပါရမီ ဖြည့်တော်မူစဉ် အသင်မြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်ဖူးသည် မဟုတ်လော”ဟု မိန့်တော်မူ၍ လက်တော်ဖြင့် မြေကြီးကို ညွှန်ပြတော်မူလိုက်ရာ သွက်သွက်ခါအောင် ပြင်းထန်စွာ တုန်လှုပ်လေသည်။

ထိုအခါ ဂိရိမေခလာ ဆင်ပြောင်ကြီးသည် ဒူးတုပ်၍ ဝပ်နေရ၏။ စစ်တပ်တို့လည်း လန့်၍ ပြေးကြ၏။ ဤသို့နေမဝင်မီ

၂၇။ မာရ်နတ်မင်းရန်၊ အောင်ပြီးပြန်၊ ဘယ်ဉာဏ် ဘယ်ချိန် ရသနည်း။

၂၈။ ညဉ့်ဦး အလယ်ယာမ်၊ မိုးသောက်ယာမ်၊ ဉာဏ် (ပု–ဒိ–အာ) ရသတည်း။

---

မာရ်နတ်၏ရန်ကို အောင်တော် မူပြီးနောက် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေမြဲ ထိုင်နေကာ ကမ္မဋ္ဌာန်း ဘာဝနာကို ဆက်လက်၍ ပွားများတော် မူလေသည်။

၂၈။ ကမ္မဋ္ဌာန်းဘာဝနာကိုဆက်လက်၍ ကြိုးစားတော်မူသော ဘုရားအလောင်းတော်သည် ညဉ့်ဦးယာမ် အချိန်မှာ (ပု) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူ၏။ ထိုဉာဏ်၏ အစွမ်းဖြင့် ရှေးရှေးဘဝများစွာ၌ ဖြစ်ခဲ့သမျှ အားလုံးကို သိတော်မူသည်။ (ပုဗ္ဗေ=ရှေးရှေးဘဝ၌ + နိဝါသ = နေထိုင်ခဲ့ ဖြစ်ခဲ့သမျှကို+ အနုဿတိ=အောက်မေ့နိုင်ခြင်း။)

ထို့နောက် သန်းခေါင်ယာမ် ခေါ် ညဉ့်လယ်ယာမ်၌ (ဒိ) ဒိဗ္ဗစက္ခု ဉာဏ်ကို ရတော်မူ၏။ ထိုဉာဏ်၏ အစွမ်းဖြင့် နတ်မျက်စိကဲ့သို့ အလွန်ဝေးကွာသော အရပ်မှာရှိသော သတ္တဝါကိုလည်းကောင်း၊ အလွန် သေးငယ်သော သတ္တဝါကိုလည်းကောင်း မြင်တော်မူရသည်။ (ဒိဗ္ဗ = နတ်မျက်စိနှင့်တူသော+ စက္ခု = ဉာဏ်အမြင်။)

ထို့နောက် မိုးသောက်ယာပ်ခေါ် နောက်ဆုံးယာမ် အရုဏ်တက်ချိန်၌ (အာ) အာသဝက္ခယ ဉာဏ်ခေါ် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူ၏။ ထိုဉာဏ်၏ အစွမ်းဖြင့် စိတ်အစဉ်မှာ ကိန်းဝပ်နေသော ကိလေသာတွေ အကြွင်းအကျန်မရှိ ကုန်ခန်းသွားလေသည်။

၂၉။ အဘယ်ဉာဏ်တော်၊ ရလတ်သော်၊ ဘုန်းမော် ဗုဒ္ဓဖြစ်သနည်း။
၃၀။ လပြည့် ကဆုန်၊ ချိန်အရုဏ်ပယ်၊ သုံးဆယ်နှင့်ငါး၊ သက်တော်အားဖြင့်၊ တရေးကုန်စင်၊ အစုံမြင်ဖို့၊ သဗ္ဗညုဉာဏ်တော်၊ ရလတ်သော်၊ ဘုန်းမော် ဗုဒ္ဓ ဖြစ်သတည်း။

---

၃၀။ ထိုသို့ အရဟတ္တမဂ်ဉာဏ် ရလျှင်ပင် သဗ္ဗညုတဉာဏ်ဟု ခေါ်သော ဉာဏ်တော်ကြီးကိုလည်း တခါတည်းရပြီး ဖြစ်လေတော့၏။ ဥပမာ—ရှင်ဘုရင်ဖြစ်ဖို့ ဘိသိက် မြှောက်လိုက်သည်နှင့် တပြိုင်နက် တိုင်းပြည်အားလုံးကိုလည်း အပိုင်ရတော့ သကဲ့သို့တည်း။ ထို သဗ္ဗညုတ ဉာဏ်တော်၏ အစွမ်းဖြင့် သိစရာဟူသမျှ မကျန်ရအောင် အလုံးစုံကို အကုန်အစင် သိမြင်တော်မူသည်။ (သဗ္ဗ = အလုံးစုံကို + ညုတာ = သိနိုင်သူ၏ ဖြစ်ကြောင်း ဉာဏ်တော်။) ထို သဗ္ဗညုတဉာဏ်တော်ကို ရသောကြောင့်ပင် ဘုရားရှင်ကို "ဗုဒ္ဓ = အလုံးစုံ သိသော ဘုရား" ဟု ကိုယ်တော်တိုင်လည်း ဝန်ခံတော်မူ၏။ စုံစမ်း စိစစ်သောအခါ ပညာရှိ ပါမောက္ခကြီးတို့ကလည်း အသိအမှတ် ပြုကြရလေသည်။

ထိုအချိန်မှာ "ကေန် ဘုရားဖြစ်တော့မည်" ဟု ယုံကြည်နေကြသော တန်ခိုးကြီးသော နတ်မင်း ဗြဟ္မာမင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ အလွန်တည်ငြိမ်၍ အထူးကြည်လင်သော မျက်နှာတော်ကို မြင်ရသောအခါ လွန်စွာအားရ "ဘုရားဖြစ်ပြီ" ဟု ယူဆ၍ ပန်းမျိုးစုံတို့ဖြင့် ပူဇော်ကြလေ၏။ ကမ္ဘာမြေကြီးလည်း ဝမ်းသာအားရသကဲ့သို့ ဘုရားရှင်၏ ဉာဏ်တော် တန်ခိုးကြောင့် အမျိုးမျိုး ယိမ်းထိုးကာ ပြင်းထန်စွာ တုန်လှုပ်ပါလေသည်။

ထို ဗုဒ္ဓမြတ်စွာ ဖြစ်တော်မူရာ နေ့သည် သက်တော်လည်း ၃၅-နှစ် တင်းတင်းပြည့်ရာ ကဆုန်လပြည့် (ဆင်မင်းဖြင့် မှတ်သားအပ်သော) ဗုဒ္ဓဟူးနေ့တည်း။ လယ်တီ ဆရာတော်ဘုရား၏ **လင်္ကာကို အောက်ပါအတိုင်း မှတ်ပါ။ (မြွေပရမေ—**

အမြတ်ဆုံး မြေ။ ထိုမြေပလ္လင်၌ ညောင်ပင်ကြီးကို "ဗိတာန် ထီး"ကဲ့သို့ ဆောင်း၍ နေတော်မူသည်ဟု ထို လင်္ကာ၌ ဆိုလို သည်။)

(လင်္ကာ) တောရပ် မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန် ထီးနှင့်၊ မငြီး ကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခပင်း၊ အမိုက်သင်းကို၊ အရှင်း ပယ်ဖျောက်၊ အလင်းရောက်က၊ ထွန်းတောက် ဘုန်းမော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းဘွယ်ကို့။

သတ္တမ အခန်း ပြီး၏။

# အဋ္ဌမ အခန်း

## (ဘုရားဖြစ်သည်မှ စ၍ ဓမ္မစကြာ ဟောတော်မူသည် အထိ)

၁။ ဘုရားဖြစ်လျှင်၊ တို့မြတ်ရှင်၊ ဘယ်တွင် ဆက်၍ စံသနည်း။

၂။ ဘုရားဖြစ်လျှင်၊ ဗောဓိပင်၌၊ တင်ပလ္လင်ဖွဲ့ကာ၊ ၇=ရက်ကြာ၊ ဆက်ကာစံနေ ပါသတည်း။

၃။ ထိုပလ္လင်္က၊ သတ္တာဟနောက်၊ ဘယ်ဆီရောက်၊ ဘယ်လောက် ကြာအောင် စံသနည်း။

၄။ ဗောဓိပင်ရှေ့၊ မြောက်နားကွေ့၌၊ ရပ်၍ တိတ်တိတ်၊ ပလ္လင် စိတ်ဖြင့်၊ မမှိတ်မသုန်၊ ရှုလျက်တုန်၊ နေပုံ ၇-ရက်ကြာသတည်း။

---

၂။ ဘုရားဖြစ်တော်မူပြီးသောအခါ ထိုဗောဓိပင်အောက်မှာပင် ဖွဲ့ခွေထားသော တင်ပလ္လင်ကို မဖျက်သေးပဲ ၇-ရက်ကြာအောင် ဖလသမာပတ်ကို ခံစားတော်မူကာ ထိုင်မြဲထိုင်နေတော် မူ၏။ ဤသို့ ထိုင်နေရာ ၇-ရက်ကို "ပလ္လင်္ကသတ္တာဟ" ဟု ခေါ်၏။

၄။ ထိုနေရာ၌ ၇-ရက်ကြာသောအခါ "သိဒ္ဓတ္ထမင်းသည် ယခုအထိ ဘုရားဖြစ်သေးဟန်မတူ။ နေရာပလ္လင်ကို ခင်မင်တုန်းပင် ရှိသေး၏" ဟု တချို့နတ်တို့က တွေးကြလေ၏။ ထိုအခါ ထိုနေရာ ပလ္လင်မှထ၍ ကောင်းကင်သို့ တက်ကြွပြီးလျှင် လက်ဝဲ လက်ယာ မျက်လုံး လက်ရုံး ၂-ဖက်တို့မှ ရေနှင့်မီးစုံ ပြိုင်၍ထွက်စေသော တန်ခိုးကို ပြတော်မူ၏။ ထိုအခါကျမှ ထိုနတ်တို့လည်း ဘုရား ဖြစ်ကြောင်း ယုံကြည်ကြလေသည်။

ထို့နောက် ကောင်းကင်မှဆင်း၍ ဗောဓိပင်၏အနီး အရှေ့ မြောက်အရပ်၌ ရပ်တော်မူ၍ ဘုရားဖြစ်ရာ ပလ္လင်နေရာကို ၇-ရက် တိတိ မမှိတ်သောမျက်စိဖြင့် ကြည့်ရှုတော်မူသည်။ ထိုအချိန်ကို "အနိမိသသတ္တာဟ" ဟု ခေါ်၏။ (အနိမိသ=မျက်စိ မမှိတ် ခြင်း။)

၅။ အနိမိသ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက် ကြာအောင် စံသနည်း။

၆။ မဟာဗိပင်သာ၊ ရပ်တည်ရာနှင့်၊ မကွာအကြား၊ ရှေ့နောက် သွားဖို့၊ အလျားစင်္ကြံ၊ ၇-ရက်မှန်၊ တုန့်ပြန် လျှောက်၍ နေ သတည်း။

၇။ ထိုစင်္ကမ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ့်လောက် ကြာအောင် စံသနည်း။

၈။ ဗောဓိပင်ထောက်၊ အနောက်မြောက်သို့၊ ကြွရောက်တုန်လျှင်း၊ နတ်ဖန်ဆင်းသည့်၊ သန့်ရှင်းရတနာ၊ ဃရမှာဝယ်၊ ဘိဓမ္မာ တရား၊ ဆင်ခြင်ပွား၊ ချိန်ကား ၇-ရက် ကြာသတည်း။

---

၆။ အနိမိသသတ္တာဟ လွန်ပြီးသောအခါ ဗောဓိပင်နှင့် ရပ်တော်မူရာ အကြား၌ အရှေ့အနောက် ရှည်လျားသော စင်္ကြံဝယ် ၇-ရက်ကြာအောင် စင်္ကြံကြွ၍ နေတော်မူ၏။ (ထိုအချိန်ကို "စင်္ကမသတ္တာဟ"ဟု ခေါ်သည်။ သတ္တ=၇+အဟ=ရက်။)

၈။ ထို စင်္ကမသတ္တာဟ လွန်သောအခါ ဗောဓိပင်၏ အနောက် မြောက်သို့ ကြွတော်မူ၏။ ဤနေရာ၌ နတ်တို့ဖန်ဆင်းထားသော "ရတနာဃရ=ရတနာစံကျောင်းတော်" ရှိ၏။ ထိုကျောင်း တော်၌ ၇-ရက်တိုင်အောင် နေတော်မူကာ အဘိဓမ္မာတရားကို ဆင်ခြင်တော်မူ၏။

အထူးအားဖြင့် အဘိဓမ္မာ၏ အဆုံးဖြစ်သော ပဋ္ဌာန်းတရား တော်ကြီးကို ဆင်ခြင်တော်မူ၏။ ထိုအခါ နက်နဲသော တရား တော်ဝယ် ဉာဏ်တော်ကျက်စား၍ အားရပါးရ ရှိလှသော ကြောင့် စိတ်အလွန်ကြည်တော်မူ၏။ စိတ်တော်ကြည်မှုကြောင့် ဖြစ်သော အသွေးအသားတော်လည်း အထူးကြည်လင်ရကား

၉။ ရတနာဃရ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ့်လောက်ကြာအောင် စံသနည်း။

၁၀။ ရတနာဃရ၊ သတ္တာဟမှ၊ အဇပါလ၊ မည်ရညောင်ပင်၊တို့ဖျားရှင်၊ ကပ်ဝင် ၇-ရက် စံသတည်း။

၁၁။ အဇပါလ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက်ကြာအောင် စံသနည်း။

၁၂။ အဇပါလ၊ သတ္တာဟမှ၊ မုစလိန္ဒ၊ မည်ရကျည်းပင်၊ တို့ဖျားရှင်၊ ကပ်ဝင် ၇-ရက် စံသတည်း။

---

ကိုယ်တော်မှ ရောင်ခြည်တော် အလင်းဓာတ်များ ထွက်ဖြာကွန့်မြူးတော်မူလေသည်။ (ထိုအချိန်ကို "ရတနာဃရ သတ္တာဟ" ဟု ခေါ်သည်။ အဘိဓမ္မာ တရားရတနာကို ဆင်ခြင်ရာ ကာလဖြစ်၍လည်း "ရတနာဃရသတ္တာဟ" ဟု ခေါ်သတတ်။)

၁၀။ ရတနာဃရ သတ္တာဟ နောက်၌ အဇပါလ မည်သော ပင်ညောင်ပင်သို့ ကြွတော်မူ၍ ၇-ရက်ကြာအောင် ဖလသမာပတ်ချမ်းသာကို ခံစားတော်မူ၏။ နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်စိတ်အကြိမ်များစွာ ဖြစ်စေခြင်းကို "ဖလသမာပတ်" ဟု ခေါ်၏။ ထိုသို့ နေရသည့်အခါ ဘုရားရဟန္တာများ၏ အတွက် အလွန်ချမ်းသာပေသည်။ (အဇ = ဆိတ်+ပါလ= စောင့်ရှောက်သူ။ "ဆိတ်ကျောင်းသမားတို့နားနေရာ ညောင်ပင်" ဟု ခေါ်ကြ၏။ ထိုညောင်ပင်သည် ဗောဓိပင်မှ ၃၂-လံ ကွာဝေးသတတ်။)

၁၂။ ထို ၇-ရက် လွန်ပြီးသောအခါ ဗောဓိပင်၏ အရှေ့တောင်မျက်နှာဝယ် အလံငါးဆယ် ကွာသောအရပ်၌ "မုစလိန္ဒ=ကျည်းပင်" ရှိ၏။ ထိုကျည်းပင်အနီး၌ ရေအိုင်ကိုလည်း "မုစလိန္ဒအိုင်" ဟု ခေါ်၏။ ထို ကျည်းပင်အောက်သို့ကြွ၍ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူကာ ၇-ရက်ကြာအောင် သီတင်းသုံးတော်မူ၏။ ("မုစလိန္ဒ သတ္တာဟ" ဟု ထိုအချိန်ကို ခေါ်၏။)

၁၃။ မုစလိန္ဒ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ့်လောက် ကြာအောင် စံသနည်း။

၁၄။ မုစလိန္ဒာ၊ ၇-ရက်ကြာသော်၊ ရာဇာယတန၊ နာမခေါ်တွင်၊ လင်းလွန်းပင်၊ ကပ်ဝင် ၇=ရက် စံသတည်း။

၁၅။ ၇=ရက်မျှ၊ ပြည့်ကာလ၊ ဘယ်က ဘယ်သူ လာသနည်း။

၁၆။ ခုနစ်ရက်မျှ၊ ပြည့်ကာလဝယ်၊ တပုဿနှင့်၊ ဘလ္လိကမည်၊ လှည်းကုန်သည်၊ ဥက္ကလာပြည်မှ လာသတည်း။

---

ထိုအခါ ၇-ရက်စွေသောမိုးကြီး ရွာသွန်းလေရာ လွန်စွာ ချမ်းအေးလေ၏။ ထိုရေအိုင်မှ နဂါးကြီးသည် ဘုရားထံလာ၍ အခွေတို့ဖြင့် ဘုရားရှင်ကို ရစ်ပတ်ကာ ဦးထိပ်၌ ပါးပျဉ်းဖြင့် ဖုံးထားလေ၏။ ထိုကိုအတုယူ၍ ယခုအခါ "နဂါးရုံဘုရား" တည်ထားကြလေသည်။

၁၄။ လင်းလွန်းပင်ကို ပါဠိလို "ရာဇာယတန"ဟု ခေါ်၏။ မုစလိန္ဒမှ ဗောဓိပင်နှင့်အလံ ၄၀-ကွာသော ထို ရာဇာယတနသို့ ကြွ၍ ၇-ရက်ပတ်လုံး ဖလသမာပတ်ချမ်းသာကို ခံစား၍ နေတော်မူ၏။ ၇-ရက်ပြည့်သောအခါ သိကြားမင်းလာ၍ ဆက်ကပ်သော ဆေးရှစ်ရှားသီးကို ဘုဉ်းပေးတော်မူ၍ ဝမ်းလျှော စေတော်မူ၏။

ထို့နောက် သိကြားကပ်လှူသော နွယ်ချို တံပူကို ဝါး၍ အနဝတတ်ရေစင်ဖြင့် မျက်နှာသစ်တော်မူ၏။ ထိုအချိန်အထိ မည်သည့် အာဟာရကိုမျှ ဘုဉ်းပေးတော် မမူရသေး။ သုဇာတာ၏ ဃနာနို့ဆွမ်း ၄၉-လုတ်သည် ထို ၇-သတ္တာဟ(၄၉-ရက်) အတွက် ဘုရားရှင်မှာ ဩဇာပြန့်လျက် ရှိလေသည်။

၁၆။ ထိုသို့ မျက်နှာသစ်ပြီး၍ ရာဇာယတန၌ ထိုင်နေတော် မူစဉ် "ဥက္ကလာ"မည်သော ဇနပုဒ်မှ တပုဿနှင့် ဘလ္လိက မည်သော

၁၇။ ဥက္ကလာပြည်သား၊ နောင်ညီများ၊ ဘုရား ဘာကို လှူသနည်း။
၁၈။ ဥက္ကလာပြည်သား၊ နောင်ညီများတို့၊ ဘုရားရှင်ကို၊ လွန်ကြည်ညို၊ မုန့်ကို လှူကြလေသတည်း။
၁၉။ နောင်ညီတို့မှာ၊ ကိုးကွယ်ရာ၊ ဘာကို ရ၍ သွားသနည်း။
၂၀။ နောင်ညီ နှစ်ဖော်၊ အလွန်ပျော်၊ ဆံတော်ဓာတ်များ ရသတည်း။

---

လှည်းကုန်သည် ညီနောင် ၂-ယောက်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းလာကြလေရာ ဆွေမျိုးဖြစ်ခဲ့ဘူးသော နတ်၏ ညွှန်ပြချက်ကြောင့် ဘုရားရှင်ကို ဖူးတွေ့ကြရလေသည်။

၁၈။ ထို နောင်ညီ ၂-ယောက်တို့သည် ဘုရားရှင်ကို လွန်စွာကြည်ညိုရကား လှော်၍ ထောင်းထု ကြိတ်ထားသော မုန့်မှုန့်နှင့် (သကြား ထောပတ် ပျားရည်တို့ ပေါင်းစပ်၍ မုန့်မှုန့်နှင့် ဆုပ်ထားသော) မုန့်ဆုပ်ကို ကပ်လှူလေသည်။

ဘုရားရှင်သည် ထို အာဟာရကို ဘုဉ်းပေးတော်မူပြီးသော အခါ တရားဟောတော်မူ၏။ ကုန်သည်ညီနောင် တို့လည်း ဘုရားနှင့် တရား ရတနာ ၂-ပါးကို ပဌမဆုံး ကိုးကွယ် ဆည်းကပ်ရသော ဥပါသကာများ ဖြစ်ကြလေသည်။

၂၀။ ထို့နောက် ရောက်သောနေရာ၌ အမြဲအမှတ်တရ ကိုးကွယ်ဖို့ရာ ချီးမြှင့်ပါရန် လျှောက်ကြလေ၏။ ဗုဒ္ဓမြတ်စွာသည် လက်ျာ လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ငြိကပ်ပါလာသော ဆံတော်များကို ချီးမြှင့်တော်မူလေသည်။

ထို ညီနောင် ၂-ယောက်တို့သည်လည်း အလွန်ဝမ်းမြောက်စွာ ခံယူ၍ ဥက္ကလာပြည်သို့ ပြန်ရောက်သောအခါ ဆံတော်များကို ရွှေကလာပ်ပေါ် တင်ပြီးလျှင် အသစ်တည်အပ်သော စေတီ တွင်းသို့ ထည့်သွင်း ထားပနာကြလေသည်။

၂၁။ ရာဇာယတန၊ သတ္တာဟမှ ကြွ၍ ဘယ်တွင် စံနေစဉ်၊ တို့ရှင် ဘယ်စိတ် ဖြစ်သနည်း။

၂၂။ ထိုမှ တဖြာ၊ အဇပါသို့၊ ပြန်ကာ အကြွ၊ ရောက်ခါစဝယ်၊ များလှစိတ်ထား၊ ညွှံ့သည့်အားကြောင့်၊ တရားအထူး၊ မတန်ဘူး၊ စိတ်ကူး တို့ရှင် ဖြစ်သတည်း။

---

**မှတ်ချက်။** ။ဥက္ကလာကို "ဥက္ကလာပ"ဟု ခေါ်၍ ရန်ကုန်မြို့တော်ကို ဥက္ကလာဇနပုဒ် နေရာဟု လည်းကောင်း၊ ရွှေတိဂုံကို ထိုဆံတော် ဌာပနာရာ စေတီတော်ဟုလည်းကောင်း ပြောကြ၏။ "ဥက္ကလာ ဇနပုဒ်သည် အိန္ဒိယမှာ ရှိ၏" ဟုလည်း ပြောကြ၏။

၂၂။ ပုဒ္ဓမြတ်စွာသည် ရာဇာယတနမှ အဇပါလ ပင်ညောင်ပင်သို့ ပြန်ကြွတော်မူ၏။ ရောက်၍ မကြာမီပင် တရားတော်ကို ဆင်ခြင်တော် မူ၏။ ထိုအခါ အောက်ပါအချက်များကို မြင်တော်မူရလေသည်။ တရားတော်သည် ရိုးရိုးဉာဏ်ဖြင့် မသိနိုင်လောက်အောင် ခက်လည်းခက်၏။ ဉာဏ်ဖြင့်လှမ်း၍ မယူနိုင်လောက်အောင် နက်လည်းနက်နဲ၏။

သတ္တဝါတို့၏ စိတ်နေစိတ်ထားကား တပ်မက်မှု လိုချင်မှု ရာဂ(လောဘ)၊ လိုချင်တိုင်းမရ၍ စိတ်မကျေနပ်မှု ဒေါသ၊ အကျိုးအပြစ်နှင့် တရားသဘောကို နားမလည်နိုင်မှု မောဟ၊ ဤတရား ၃-ပါး အားကြီးနေ၏။ ထို့ကြောင့် "လောဘ ဒေါသ မောဟကို ဆန့်ကျင်ဘက် ပြုရမည့် တရားတော်သည် လောဘ ဒေါသ မောဟ ဖုံးနေသော သတ္တဝါတို့နှင့် မထိုက်တန်"ဟူသော အကြံတော်ဖြစ်၍ စိတ်တော်မှာ တရားမဟောလိုသော အခြင်းအရာ ဖြစ်ပေါ်လာလေသည်။

၂၃။ စိတ်ကူးဖြစ်ခါ၊ ဘယ်သူလာ၊ ဘယ်အရာကို လျှောက်သနည်း။
၂၄။ သဟမ္ပတိဗြဟ္မာ၊ ဆိုသူလာ၊ ဟောပါတရား လျှောက်သတည်း။
၂၅။ တရားဟော့ရန်၊ လက်သင့်ခံ၍၊ ဟောရန်ဓမ္မ၊ ဘယ်ဒေသ ဗုဒ္ဓ ကြွဟော် မူသနည်း။
၂၆။ မိဂဒါဝုန်၊ သားမျိုးစုံသည့်၊ ရဂုံဒေသ၊ တို့ဗုဒ္ဓ၊ ဓမ္မဟောရန် ကြွသတည်း။
၂၇။ ဘယ်သူတို့အား၊ အမူးထား၊ ဘယ်တရားကို ဟောသနည်း။
၂၈။ ပဥ္စဝဂ္ဂီများ၊ အမူးထား၍၊ အများရောက်လာ၊ နတ်ဗြဟ္မာ၊ စကြာတရား ဟောသတည်း။

---

၂၄။ ထိုအခါ "သဟမ္ပတိ"မည်သော ဗြဟ္မာမင်းသည် အကြံတော်ကို သိ၍ နတ် ဗြဟ္မာ တို့နှင့်အတူ လာပြီးလျှင် "မြတ်စွာဘုရား.... တရားဟော်တော်မူပါ။ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးသော သတ္တဝါအများ ရှိကြပါသေး၏။ ထိုသူတို့မှာ တရားမနာ ရခြင်းကြောင့် ဆုတ်ယုတ်နေကြပါသည်။ တရားတော်ကို သိ လွယ်သူများ ရှိပါလိမ့်ဦးမည်"ဟု လျှောက်ထား တောင်းပန် လေသည်။

၂၆။ ဗုဒ္ဓမြတ်စွာသည် "တရား ဟောတော်မူမည်"ဟု ပဋိညာဉ်(လက်ခံတော်)မူပြီးနောက် တရားဟောတော်မူဖို့ရန် ဗာရာဏသီမြို့၊ မိဂဒါဝုန်တောသို့ ကြွချီတော်မူသည်။ (မိဂ=သမင်၊ ဒရယ် စသော သားကောင်တို့၏။ ဒါယ=ဘေးမဲ့ပေးရာ တော။ "မိဂဒါဝုန်"ဟု ခေါ်၏။)

၂၈။ ဗုဒ္ဓမြတ်စွာ ကျင့်နေတော်မူစဉ်က ပြုစုခဲ့ဘူးသော ပဥ္စဝဂ္ဂီ(ရသေ့ ၅-ဦး အစု)သည် ဘုရားကြွလာတော်မူသည်ကို မြင်သောအခါ "ရှင်ဂေါတမသည် တရားထူးမရပဲ ကမ္မဋ္ဌာန်းမှထွက်၍ လာတတ်ပေါများအောင် လှည့်လည်နေသည်"ဟု အယူရှိကြသောကြောင့် "ခရီးဦး မကြိုတမ်း"ဟု ကတိ(ဂတိ) ထားကြကုန်၏။

၂၉။ ဓမ္မစကြာ၊ ဟောသောခါ၊ သတ္တဝါ ဘယ်လောက် ကျွတ်သနည်း။

၃၀။ အရှင်ကောဏ္ဍည၊ အမှူးစ၍၊ ဓမ္မစကြာသစ်၊ ဟောဖော်လှစ်သော်၊ ဆယ့်ရှစ်ကုဋေ၊ နတ် ဗြဟ္မာ၊ ထိုနေရာတွင် ကျွတ်သတည်း။

---

သို့သော် အနားရောက်လာသောအခါ ကတိမတည်နိုင်ကြပဲ သပိတ် သင်္ကန်း လှမ်းယူသူကယူ၊ ခြေဆေးဖို့ ရေခတ်သူကခတ်၊ ထိုင်ဖို့ နေရာယူသူကယူနှင့် ပျာပျာသလဲ ခရီးဦးကြို၍ ဝတ်ပြုကြကုန်၏။ ထို့နောက် ဘုရားဖြစ်ကြောင်းကိုလည်း သဘောပေါက်ကြ၍ တရားနာဖို့ စိတ်ညွတ်လာကြလေသည်။

ထိုအခါ ဝါဆိုလပြည့် စနေနေ့ နေဝင်လုခါနီး လမင်းကြီးလည်း ထွက်ပြူလာချိန်ဝယ် "တရားဦး နာမည်"ဟု အားခဲနေကြသော စကြဝဠာတသောင်းမှ နတ်ဗြဟ္မာ အပေါင်းလည်း ထက်အောက်ပြည့်မျှ ရောက်ရှိလာကြကုန်၏။

၃၀။ ထိုအချိန်မှာ ဗုဒ္ဓမြတ်စွာသည် ပဥ္စဝဂ္ဂီ အမှူးထား၍ နတ် ဗြဟ္မာ ပရိသတ်ကြီးအား "ဓမ္မစကြာ"တရားကို စ၍ဟောပြတော်မူသည်။ တရားတော်ကြီး ပြီးဆုံးသောအခါ အရှင်ကောဏ္ဍည သည် နတ် ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေနှင့်အတူ သောတာပန် ဖြစ်လေ၏။

ဝါဆိုလပြည့်ကျော် ၁-ရက်မှစ၍ တရား မရသေးသော ရသေ့များကို အထူးစောင့်ရှောက်တော်မူကာ တရားကိုလည်း ဟော၊ ကျင့်လည်း ကျင့်တော်မူရာ.... ၁-ရက်နေ့ အရှင်ဝပ္ပ၊ ၂-ရက်နေ့ အရှင်ဘဒ္ဒိယ၊ ၃-ရက်နေ့ အရှင်မဟာနာမ၊ ၄-ရက်နေ အရှင်အဿဇိတို့ သောတာပန် ဖြစ်ကြလေ၏။ ရသေ့ဘဝမှ ရဟန်းဘဝသို့ အားလုံးရောက်ကြလေသည်။ လယ်တီ ဆရာတော်ဘုရား၏ လင်္ကာကား....

(လင်္ကာ) ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီးသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီဖြင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊
ခသြောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့
ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊
ဟောဖော်ထားသည်....တရားနတ်စည် ရွှန်းတယ်ကို့။

အဋ္ဌမ အခန်း ပြီး၏။

# နဝမ အခန်း

(ဤအခန်း၌ ဂုဏ်တော် ၉-ပါးကို ပြယား၏။ ဂုဏ်တော်များ၏ မူရင်းနာမည် မပျက်စေလိုသောကြောင့် လက်ာများ မချောပဲ ရှိသည်ကို သည်းခံ၍ ဖတ်ပါ။)

၁။ ဘုရားဖြစ်သော်၊ တို့ဘုန်းမော်၊ ဂုဏ်တော် မည်မျှ ကျော်သနည်း။

၂။ ဂုဏ်တော်မှန်က၊ အနန္တပင်၊ သိကြအများ၊ ဂုဏ်တော်ကား၊ ၉-ပါး ပုံ့နှံ့၊ ကျော်သတည်း။

---

၂။ လူအများ၌ ရှိရိုးရှိစဉ်ထက် သာလွန်သော အရည်အချင်းကို "ဂုဏ်"ဟု ခေါ်၏။ ဘုရားဖြစ်သောအခါ ရရှိအပ်သော ဂုဏ်တော်များသည် အနန္တ(ရေတွက်၍ မဆုံးနိုင်အောင်)မြားမြောင်ပါပေ၏။

မှန်၏။ မြတ်စွာဘုရား၏ ကာယကံ ဟူသမျှ ဉာဏ်တော်ရှေ့သွားရှိ၏။ (ဉာဏ်တော်ဖြင့် စဉ်းစားပြီးမှ ပြုတော်မူ၏။) ဝစီကံ၊ မနောကံ ဟူသမျှလည်း ထို့အတူပင် ဉာဏ်တော်ရှေ့သွားရှိ၏။ ကချော်ကချွတ် ပြုလေ့ပြောလေ့ မရှိ။ ယောင်ယောင်မှားမှား ပြုလေ့ပြောလေ့မရှိ။ ပျာယီးပျာယာ ပြုလေ့ပြောလေ့ မရှိ။ ဤသို့ စသည်ဖြင့် များလှပေသည်။

သို့သော် ထိုဂုဏ်တော်များသည် အများသိမဟုတ်။ နီးနီးကပ်ကပ် နေ၍ ဉာဏ်ရှိသူတချို့သာ သိနိုင်သည်။ အများသိဖြစ်၍ ပြဟွာပြည်တိုင်အောင် ပုံ့နှံ့သော ဂုဏ်တော်ကား ၉-ပါး ရှိပါသည်။

၃။ ဂုဏ်တော် ၉=သွယ်၊ ပွါးနှံ့ကြွယ်၊ အဘယ်အဘယ် တို့ပါနည်း။

၄။ ဣတိပိ သောဘဂဝါ၊ အရဟံ–သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော–လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မ သာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ-ဘဂဝါ၊ ဤ ၉-ဖြာ၊ မှတ်ပါ ဂုဏ်တော် အနှံ့တည်း။

၅။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် အရဟံ ရသနည်း။

၆။ ကိလေသာကင်း၊ ဝေးသန့်ရှင်း၍၊ မင်းမင်းပြည်သူ၊ အလှူတော်မှန်၊ ပူဇော်ခံဖို့၊ ထိုက်တန်သည့်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် အရဟံ ရသတည်း။

---

၁။ ဣတိပိ သော ဘဂဝါ အရဟံ။
၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ။
၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော။
၄။ ဣတိပိ သော ဘဂဝါ သုဂတော။
၅။ ဣတိပိ သော ဘဂဝါ လောကဝိဒူ။
၆။ ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ။
၇။ ဣတိပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ။
၈။ ဣတိ သော ဘဂဝါ ဗုဒ္ဓေါ။
၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ။

**မှတ်ချက်။** ။အနုတ္တရော+ပုရိသ ဒမ္မသာရထိ ကို ၂-ပါး ခွဲ၍ ဂုဏ်တော် ၁၀–ပါးဟုလည်း ယူကြ၏။

၆။ အရဟံဟူသော ပါဠိသည် "ကိလေသာတို့မှ ဝေးကွာ၏" ဟူသောအနက်"ပူဇော်ခြင်းကို ခံတော်မူထိုက်၏"ဟူသော အနက်ကိုပြ၏။ စိတ်ကို ညစ်ပေစေတတ် ပူပန်စေတတ်သော လောဘ ဒေါသ မောဟ မာန စသည်ကို "ကိလေသာ"ဟု ခေါ်၏။

၇။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် သမ္မာ သမ္ဗုဒ္ဓ ရသနည်း။
၈။ သိထိုက်သိရန်၊ ကြွင်းမကျန်အောင်၊ အမှန်ကိုယ်တိုင်၊ သိမြင်နိုင်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် သမ္မာသမ္ဗုဒ္ဓ ရသတည်း။

---

ဗုဒ္ဓမြတ်စွာသည် ထိုကိလေသာတို့မှ ဝေးကွာ သန့်ရှင်းတော်မူ၏။ အခြား ရဟန္တာ အရှင်မြတ်တို့လည်း ကိလေသာမှ ကင်းကြပါ၏။ သို့သော် အထုံဝါသနာ (အငွေ့ အသက်) ကျန်နေသေး၏။ ပုထုဇဉ် ဘဝတုန်းက ဒေါသကြီးလျှင် ဒေါသ ကုန်သွားသော်လည်း ဒေါသ အရှိန်ကလေးကား ကျန်နေသေး၏ စသည်ဖြင့် သိပါလေ။ ဗုဒ္ဓမြတ်စွာကား ထိုအငွေ့အသက်မျှ မကျန်အောင် ကိလေသာမှ ဝေးစွာ ကင်းကွာတော်မူသည်။

ထိုသို့ကိလေသာမှ ဝေးကွာတော် မူသောကြောင့်ပင်(အမိုက်သရိုက်ကင်းသော လယ်ယာ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အပင်ကြီး၍ အသီးထွားစေ နိုင်သကဲ့သို့) လှူဒါန်း ပူဇော်သမျှကိုလည်း အကျိုးများစွာ ရစေနိုင်ရကား ပူဇော်ခြင်းကို ခံယူထိုက်ပါပေသည်။

၈။ "သမ္မာ+သံ+ဗုဒ္ဓ" ဟူသော ပါဠိသည် "အမှန်+ကိုယ်တော်တိုင်+သိမြင် နိုင်၏"ဟူသော အနက်ကို ပြ၏။ လောက၌ သိဖွယ်ရာ ဟူသမျှကို ဗုဒ္ဓမြတ်စွာသည် အကုန်အစင် သိမြင်တော်မူ၏။ ထိုသို့ သိမြင်ရာ၌ "တခုတလေမျှ မှားသွားသည်"ဟူ၍ မရှိ။ အားလုံး အမှန် ချည်းသာ ဖြစ်၏။

ထိုသို့ အမှန်အတိုင်း သိဖို့ရန်လည်း မည်သူ့ ထံမျှ နည်းမခံရ။ ကိုယ်တော်၏ ပင်ကိုယ်ဉာဏ်ဖြင့် ကိုယ်တော့်ဘာသာ သိတော်မူ၏။ ထိုသို့ သိနိုင်သော ဉာဏ်တော်ကိုပင် သဗ္ဗညုတာ ဉာဏ်တော်ဟု ခေါ်၏။ (သဗ္ဗ=အလုံးစုံကို+ညု=သိနိုင်သူ၏+တာ=ဖြစ်ကြောင်းဉာဏ်။)

၉။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် ဝိဇ္ဇာစရဏသမ္ပန္န ရသနည်း။

၁၀။ အသိပညာ၊ ဉာဏ်ဝိဇ္ဇာနှင့်၊ ကောင်းစွာကျင့်ပုံ၊ စရဏစုံ၊ ဂုဏ်တော် ဝိဇ္ဇာစရဏသမ္ပန္န ရသတည်း။

---

**သတိပြု။** ။ ဤနေရာ၌ စာဖတ်မှုကို ရပ်နား၍ ဘုရားရှင်၏ ၃၅-နှစ် အရွယ် သပ္ပါယ်သော ကိုယ်တော်၏ အတွင်း၌ ကိလေသာ အညစ် အကြေးတို့မှ သန့်ရှင်း စင်ကြယ်သော စိတ်တော်ကို လည်းကောင်း၊ ထို စိတ်တော် နှင့် သမ္ပယုတ ဉာဏ်တော်ကြီး ယှဉ်နေပုံကို လည်းကောင်း အာရုံ ယူလိုက်စမ်းပါ။

၁၀။ ပညာ၊ ဉာဏ၊ ဝိဇ္ဇာ ဟူသော ပါဠိသည် "အသိ" ဟူသော အနက်ကို ပြ၏။ စရဏ ဟူသော ပါဠိသည် "အကျင့်" ဟူသော အနက်ကို ပြ၏။ ဗုဒ္ဓ မြတ်စွာသည် ထို ဝိဇ္ဇာ၊ ထို စရဏတို့နှင့် ပြည့်စုံတော်မူ၏။

ဝိဇ္ဇာသည် ဘုရားဖြစ်ခန်း၌ ပြခဲ့သော ပု-ဒိ-အာ ၃-ပါး၊ ဝိပဿနာဉာဏ် စသည် ထည့်၍ တနည်း ၈-ပါးရှိ၏။ ထို ၃-ပါး ၈-ပါးကို ရတနာ့ဂုဏ်ရည်မှာ ပြထားပြီ။

စရဏသည် ၁၅-ပါးရှိ၏။ ထိုတဆယ့်ငါးပါးကိုလည်းရတနာ့ ဂုဏ်ရည်၌ ပြခဲ့ပြီ။ အသိဉာဏ် ဝိဇ္ဇာသည် မျက်လုံးနှင့် တူ၏။ အကျင့် စရဏသည် ခြေနှင့်တူ၏။ မျက်လုံးနှင့် ခြေထောက် ၂-မျိုးလုံး ပြည့်စုံမှ လိုရာအရပ်သို့ ရောက်နိုင်သကဲ့သို့ ဝိဇ္ဇာနှင့် စရဏ ၂-ပါးလုံးစုံမှသာ လိုရာ သုဂတိဘဝနှင့် နိဗ္ဗာန်သို့ ရောက်နိုင်သည်။

ထို့ကြောင့် ဗုဒ္ဓ မြတ်စွာ၏ ဤ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံပုံကို အာရုံပြုကာ မိမိမှာလည်း အသိမှန်နှင့် အကျင့်ကောင်း ပြည့်စုံ အောင် ကြိုးစားပါလေ။

၁၁။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် သုဂတ ရသနည်း။

၁၂။ ဒီပင်္ကရာ၊ စောမြွတ်စွာမှ၊ စ၍ ဗောဓိ၊ မဏ္ဍိုင်ထိအောင်၊ သတိ သမ္ပဇဉ်၊ မပြတ်ယှဉ်လျက်၊ သဗ္ဗဉ်ဉာဏ်တော်၊ ရဖို့မျှော်၍၊ လာတော်မူပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် သုဂတ ရသတည်း။

၁၃။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် လောကဝိဒူ ရသနည်း။

၁၄။ သတ္တောကာသ၊ သင်္ခါရဟု၊ လောကသိပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် လောကဝိဒူ ရသတည်း။

---

၁၂။ သု+ဂတ (သု+အာဂတ) ဟူသော ပါဠိသည် "ကောင်းစွာ+လာတော်မူ၏" ဟူသော အနက်ကို ပြ၏။ (ဘုရားဖြစ်ရာ ညောင်ပင်သည် ဇမ္ဗူဒီပါကျွန်း၏ အလယ် ဗဟိုမဏ္ဍိုင် ဖြစ်၏။ ထို့ကြောင့်၊ မဏ္ဍိုင်ဟု ခေါ်ထားသည်။) ဗုဒ္ဓ မြွတ်စွာသည် ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်း၌ ဘုရားဖြစ်ဖို့ရန် ဓိဋ္ဌာန်ခဲ့သည်မှ စ၍ ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်သည့် တိုင်အောင် ကောင်းစွာ ကြွလာတော်မူလေသည်။

"ကောင်း"ဆိုသည်မှာ ထိုကာလ အတွင်း၌ အမှားအယွင်း မရှိရအောင် မိစ္ဆာအယူကို မယူမိအောင် အမြဲ သတိထား၍ လည်းကောင်း၊ သမ္ပဇဉ် (ဉာဏ်) အမြဲယှဉ်၍ လည်းကောင်း ပါရမီတော်တို့ကို ဖြည့်ကျင့်ကာ သဗ္ဗညုတ ဉာဏ်တော်ကိုရဖို့ရန် ရည်မျှော်၍ လာခဲ့ခြင်းပင်တည်း။ ထိုသို့ အလာကောင်းသော ကြောင့်ပင် အခါမနှောင်းပဲ အကြောင်းအားလုံး ညီညွတ်စွာ ဘုရားဖြစ်တော် မူရပေသည်။

၁၄။ "လောက+ဝိဒူ" ဟူသော ပါဠိသည် "လောကကို+သိတော်မူ၏" ဟူသော အနက်ကို ပြ၏။ သိဖွယ်ရာ လောကသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟု ၃-မျိုး ရှိ၏။

၁၅။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် အနုတ္တရော ပုရိသဒမ္မသာရထိ ရသနည်း။

၁၆။ ဆုံးမထိုက်သူ၊ နတ် လူ ဗြဟ္မာ၊ ဆုံးမရာဝယ်၊ အသာမရှိ ယဉ်ကျေး သည့်တိုင်၊ ဆုံးမနိုင်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် အနုတ္တရောပုရိသ ဒမ္မသာရထိ ရသတည်း။

---

သတ္တလောကဟူသည် သတ္တဝါအပေါင်းတည်း။ ငရဲကောင် တိရစ္ဆာန်ကောင် ပြိတ္တာကောင်များနှင့် လူ နတ် ဗြဟ္မာတို့သည် သတ္တလောက မည်၏။ (သတ္တ=အာရုံ တို့၌ ငြိကပ်တတ်သူ၊ ဝါ=သတ္တဝါ+လောက=အပေါင်း။) ထိုသတ္တဝါတို့၏ စိတ် အနေအထားကိုပါ ဘုရားရှင် သိတော်မူသည်။

ဩကာသလောကဟူသည် ထိုသတ္တဝါတို့၏ နေရာ ဘုံဌာန များတည်း။ ထိုဘုံသည် ငရဲဘုံ၊ ပြိတ္တာဌာန (ဘုံသီးခြား မရှိ)၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံအားဖြင့် ၃၁-ဘုံ ရှိ၏။

သင်္ခါရ လောကဟူသည် ရုပ်တရား နာမ်တရား များတည်း။ သင်္ခါရ=ကံစသော အကြောင်းတို့ စီမံ ပြုလုပ်အပ်သော+ လောက=ပျက်တတ်သော တရား)လူဟု ခေါ်အပ်သော်လည်း "လူ"စင်စစ် မဟုတ်။ ရုပ် နာမ်သာ ဟုတ်သည်။ ထို ရုပ် နာမ် တရားတို့ကိုလည်း သဘော လက္ခဏာ ကိစ္စ စသည်တို့ကိုပါ ဘုရားရှင် သိတော်မူသည်။

၁၆။ "အနုတ္တရော" ဟူသော ပါဠိသည် "အတုမရှိ၊ အသာမရှိ မြတ်၏"ဟူသော အနက်ကို ပြ၏။ "ပုရိသဒမ္မ" ဟူသော ပါဠိ သည် "ဆုံးမထိုက်=ဆုံးမဖို့ သင့်တော်သော ယောကျ်ား" ဟူသော အနက်ကို ပြ၏။ "သာရထိ"ဟူသော ပါဠိသည် "ဆုံးမနိုင်၏"ဟူသော အနက်ကို ပြ၏။

၁၇။ ဘယ်အကြောင်းဟုန်၊ပြီးပြည့်စုံ၊ဂုဏ်တော် သတ္ထာဒေဝမနုဿာနံ ရသတည်း။

၁၈။ နတ် လူ ဗြဟ္မာ၊ သတ္တဝါ၏၊ ဆရာဖြစ်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် သတ္ထာဒေဝမနုဿာနံ ရသတည်း။

---

မြတ်စွာဘုရားသည် ဆုံးမဖို့ရန် သင့်လျော်သော သတ္တဝါကို တွေ့မြင်တော်မူလျှင် ထိုသူတို့၏ အလိုဆန္ဒကို ကြည့်တော်မူ၏။ ထို့နောက် ခြောက်၍ ဆုံးမမှ တရားရမည့်သူကို ခြောက်၍ ဆုံးမတော်မူ၏။ မြှောက်ပင့်၍ ဆုံးမမှ တရားရမည့်သူကို မြှောက်ပင့်၍ ဆုံးမတော်မူ၏။

ထိုသို့ဆုံးမရာ၌ သီလ မရှိသေးသူကို သီလရှိအောင်၊အခြေခံ သီလ ရှိပြီးသူကို အထက်တိုး၍ ဈာန် မဂ် ဖိုလ် ရအောင် အဆင့်ဆင့် ဆုံးမတော်မူ၏။ ဆုံးမ၍ မရနိုင်သူကိုလည်း မဆုံးမပဲ ထားတော်မူ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ယဉ်ကျေးအောင် သွန်သင်ဆုံးမမှု၌ အတုမရှိ အသာမရှိ မြတ်တော် မူပါပေသည်။

၁၈။ လောက၌ အသိအလိမ္မာ ဉာဏ်ပညာ အရည်အချင်း အားဖြင့်လည်း ကိုယ့်ထက်သာလွန်၍ ကိုယ့်ကို ဆုံးမတော်မူရလျှင် လည်းကောင်း၊ ထိုဆုံးမတိုင်း လိုက်နာ၍အကျိုးရှိလျှင် လည်းကောင်း ထို အကျိုး ခံစားရသူတိုင်းက ထို ဆုံးမသော ပုဂ္ဂိုလ်ကို "ဆရာ"ဟု အသိအမှတ် ပြုကြရသည်။

ဗုဒ္ဓမြတ်စွာသည် ထိုသို့ ဆရာဖြစ်ထိုက်သော ဂုဏ်များနှင့် ပြည့်စုံသောကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအများကပင် ဆရာ ဟူ၍ အသိအမှတ်ပြုခြင်းကို ခံရပါပေသည်။ (ဒေဝမနုဿာနံ= နတ် ဗြဟ္မာ လူတို့၏ +သတ္ထာ=ဆရာဖြစ်တော် မူ၏။)

ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာကို ဗိမ္ဗိသာရ စသော လူမင်း၊ ဗြဟ္မာယုပါမောက္ခ စသော လူပညာရှိ၊ သိကြား စသော နတ်မင်း၊ ဗကဗြဟ္မာ စသော ဗြဟ္မာမင်းတို့က ဆရာတင်ကြ

၁၉။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် ဗုဒ္ဓ ရသနည်း။
၂၀။ လေးပါးသစ္စာ၊ မြိုက်ရသာကို၊ ကောင်းစွာပိုင်ပိုင်၊ ကိုယ်တော်တိုင်နှင့်၊ သုံးဆိုင်ဝေနေ၊ မျှားဗိုလ်ခြေကို၊ သိစေနိုင်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော် ဗုဒ္ဓ ရသတည်း။

---

ပြီးလျှင် ဘုရား အဆုံး အမတော် အတိုင်း လိုက်နာနေထိုင်ကြ၏။ လိုက်နာသလောက်လည်း လောကချမ်းသာ လောကုတ္တရာ ချမ်းသာကို ကိုယ်စီ ကိုယ်င ခံစားကြရ ပေသည်။

၂၀။ "ဗုဒ္ဓ"ဟူသော ပါဠိသည် "ကိုယ်တိုင် သိ၍ သူတပါးကိုလည်း သိစေနိုင်၏"ဟူသော အနက်ကို ပြ၏။ ဗုဒ္ဓမြတ်စွာသည် သစ္စာ ၄-ပါး တည်းဟူသော အမြိုက်အရသာကို ကိုယ်တိုင်လည်း သိတော်မူ၊ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော် မူနိုင်ပေသည်။

ထို့ကြောင့်ပင် အရှင်သာရိပုတ္တရာ စသော၊ မိထွေးတော် ဂေါတမီ စသော အမျိုးသား အမျိုးသမီးတို့ သစ္စာ ၄-ပါး တရားကို သိ၍ ရဟန္တာများ ဖြစ်ကြရပေသည်။ သစ္စာ ၄-ပါး ကား— ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂတည်း။

ထို ၄-ပါးတို့တွင် အိုရ၊ နာရ၊ သေရ၊ ချစ်သူနှင့်ကွဲရ၊ မုန်းသူနှင့် အတူနေရ၊ လိုတာမရ၊ အချုပ်အားဖြင့် ဤ ခန္ဓာကိုယ်ကြီး၊ ဤ အားလုံးသည် ဒုက္ခသစ္စာ (ဆင်းရဲတာ အမှန်) ဖြစ်၏။ ထို ဆင်းရဲသည် တဏှာဟု ခေါ်သော သမုဒယကြောင့် ဖြစ်ရ ကား တဏှာသည် သမုဒယသစ္စာ (ဆင်းရဲကြောင်း အမှန်) ဖြစ်၏။

ထို ဒုက္ခ သမုဒယ ၂-ပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ (ချုပ်ရာ အမှန်) ဖြစ်၏။ သမ္မာဒိဋ္ဌိ သမ္မာ သင်္ကပ္ပ စသော မဂ္ဂင် ၈-ပါးသည် မဂ္ဂသစ္စာ (နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်)ဖြစ်၏။ (အကျယ်ကို ရတနာ့ဂုဏ်ရည်မှာ ကြည့်ပါ။)

၂၁။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် ဘဂဝါ ရသနည်း။

၂၂။ ဣဿရိယ၊ ဓမ္မ-ယသ၊ သိရီ-ကာမ၊ ပယတ္တ ဟု၊ ခြောက်ဝ ဘုန်း ဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် ဘဂဝါ ရသတည်း။

၂၃။ လေးဆယ့်ငါးဝါ၊ ကာလကြာအောင်၊ ကောင်းစွာဟောပြ တို့ဗုဒ္ဓ၊ ဓမ္မအချုပ် အဘယ်နည်း။

---

၂၂။ ဘဂဝါ ဟူသော ပါဠိသည် "ဘုန်းတော် ရှိ၏=ဘုန်းတော် ကြီး၏"ဟူသော အနက်ကို ပြ၏။ ထိုဘုန်းတော်သည် ဣဿရိယ စသောအားဖြင့် ခြောက်ပါး ရှိ၏။

**ဣဿရိယ**—ကိုယ်တော်မြတ်၏၊ စိတ်ဓာတ်တော်မှ၊ စ၍မကြွင်း၊ လူနတ် မင်းကို၊ ပိုင်နင်းအုပ်စိုးနိုင်သော ဘုန်းတော်။

**ဓမ္မ**—ကိလေသာရန်၊ ပယ်ဖျက်လှန်ဖို့၊ နိဗ္ဗာန် ဖိုလ်မဂ်၊ ကိုးချက် အပြား၊ လောကုတ္တရာ တရားတည်းဟူသော ဘုန်းတော်။ (မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး။)

**ယသ**—ဟုတ်တိုင်းမှန်စွာ၊ ဖြစ်ပေါ်လာ၍၊ ကမ္ဘာတိုက်ပေါင်း၊ သောင်း လောကဓာတ်၊ ပွဲ့တင် ထပ်မျှ၊ နှံ့စပ် ကျော်စောခြင်း ဘုန်းတော်။

**သိရီ**—ရွှေမျက်နှာတော်၊ လက် ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်း သည့်၊ ပန်းမင်းအနေ၊ ကျက်သရေမင်္ဂလာရှိသော ဘုန်းတော်။

**ကာမ**—အလိုတော်အတိုင်း တောင့်တတိုင်းပင်၊ မဆိုင်း မတွ၊ ပြီးစီးရ သော ကာမ ဘုန်းတော်။

**ပယတ္တ**—တလောကလုံး၊ ညွတ်ရှိုးကိုးစား၊ အားထားဖို့ရာ၊ လွန်စွာ လုံ့လ-ဝီရိယ ကောင်းသော ဘုန်းတော်။ (အကျယ်ကို ရတနာ့ ဂုဏ်ရည်မှာ ကြည့်ပါ။)

၂၄။ အကြောင်းရှိလျှင်၊ အကျိုးထင်၍၊ ကြောင်းအင်လဲပြွတ်၊ ကျိုးလဲချုပ်ဟု၊ လောကုတ်လောကီ၊ ကြောင်းကျိုးမှီ၊ လေးလီသစ္စာ အချုပ်တည်း။

---

၂၄။ ဘုရားရှင်သည် ဘုရားဖြစ်သည်မှစ၍ ပရိနိဗ္ဗာန် စံတော်မူသည်အထိ ၄၅-ဝါ (၄၅-နှစ်)ကြာ၏။ ထိုအတွင်း၌ ဟောတော်မူအပ်သော တရားတော်များသည် (ယခုအခါ သံဂါယနာတင်အပ်သော တရားတော်များကို အကျယ်ချဲ့၍)မရေမတွက်နိုင်အောင် များလှပေ၏။

ထိုတရားတော်များကို ချုပ်လိုက်လျှင် သစ္စာ ၄-ပါးတရားပင် ဖြစ်၏။ ထို ၄-ပါးတွင် လောကီနယ်၌ ဒုက္ခနှင့် သမုဒယ ၂-ပါးရှိ၍ လောကုတ္တရာနယ်၌ နိရောဓနှင့် မဂ္ဂ-ဟု ၂-ပါး ရှိ၏။ ထိုတွင် သမုဒယသစ္စာသည် အကြောင်း၊ ဒုက္ခသစ္စာသည် အကျိုး။ မဂ္ဂသစ္စာသည် အကြောင်း၊ နိရောဓသစ္စာသည် အကျိုး။ ဤသို့ လောကီနယ်၌လည်းကောင်း၊ လောက၏ လွတ်ရာ လောကုတ္တရာနယ်၌လည်းကောင်း အကြောင်းနှင့် အကျိုး ဆက်စပ်၍ ဟောတော်မူလေ့ ရှိပါသည်။

အရှင် သာရိပုတြာအလောင်းသည် (ရသေ့ဘဝတုန်းက) အရှင် အဿဇိရဟန္တာနှင့်တွေ့၍"အရှင်တို့၏ ဆရာသည် အဘယ်သို့ ဟောလေ့ရှိပါသနည်း"ဟု မေးရာ၌ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော=အကြောင်းက စ၍ ဖြစ်လာရသော အကျိုး (ဒုက္ခ) တရားတို့၏အကြောင်း(တဏှာ)ကို ဟောတော်မူလေ့ရှိသည်။ ထိုဒုက္ခ၏ချုပ်ရာနှင့် ချုပ်ကြောင်းကိုလည်း ဟောတော်မူလေ့ရှိ၏"ဟု အရှင်အဿဇိ က ဖြေတော်မူရာ သဘောပေါက်၍ သောတာပန်ဖြစ်ပါလေသည်။

ဤ သစ္စာ ၄-ပါး(မလွဲနိုင်သော အမှန်တရား)ကို စဉ်းစားလိုက်လျှင် "တဏှာလောဘကြီးလျှင် ဒုက္ခကြီး၏။ တဏှာ

လောဘ နည်းပါးလျှင် ဒုက္ခနည်းပါး၏။ တဏှာလောဘ လုံးလုံးမရှိလျှင် ဒုက္ခလည်း လုံးလုံးမရှိတော့ပဲ ဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာသာ ကျန်တော့၏'' ဟု သိသာ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ တရားတော်၌ ''အရသာ အဆီ အနှစ်ကား နိဗ္ဗာန်သိမြင်ရခြင်းသာ ဖြစ်သည်'' ဟု သိသာ နိုင်ပေသည်။

**(လင်္ကာ)** အနန္တစုံ၊ တန်ခိုးဟုန်နှင့်၊ ကိုးဂုဏ်ရောင်ဆိုင်၊ ဘဝဂ်တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ မြတ်ဘုရား၏၊ တရား ၄-တန်၊ သစ္စာမှန်ကို၊ နာခံပြီးလစ်၊ ဆင်းရဲဖြစ်ဖို့၊ အသစ်တဏှာ၊ မဖြစ်သာအောင်၊ ရှစ်ဖြာမဂ္ဂင်၊ သဘောဉာဉ်ဖြင့်၊ ပြည်ခွင်နိဗ္ဗာန် ရောက်အောင်ဆန်မှ၊ ဧကန်ဒုက္ခ၊ ကင်းကြရမည်၊ မုချငါတို့ ကျင့်ဘွယ်ကို့။

**နဝမ အခန်း ပြီး၏။**

# ဒသမ အခန်း

## ဗုဒ္ဓကိစ္စတော်များနှင့် ပရိနိဗ္ဗာန်စံတော်မူပုံ

၁။ ဝေနေယျများ၊ ကျိုးစီးပွါး၊ ဘုရားဘယ်သို့ ပြုသနည်း။

၂။ ဝေနေယျများ၊ ကျိုးစီးပွါး၊ မအားလပ်အောင် ပြုသတည်း။

၃။ နံနက်ကာလ၊ ဘယ်ကိစ္စ၊ ဗုဒ္ဓနေ့စဉ် ပြုသတည်း။

၄။ စောစောကပင်၊ ထပြီးလျှင်သော်၊ သုတ်သင်ကိုယ်လက်၊ လွန်ငြိမ်သက်အောင်၊ နေလျက်ပြီးမှ၊ ဆွမ်းခံကြွ၍၊ ခေတ္တပြန်နား၊ ရဟန်းများ၊ ဆွမ်းစားပြီးအောင် စောင့်သတည်း။

---

၂။ ဗုဒ္ဓမြတ်စွာသည် ပယတ္တ ဘုန်း ဟူသော လုံ့လဝီရိယ ကြီးမားတော် မူရကား အားလပ်ဖို့ အခွင့် မရလောက်အောင်ပင် ဝေနေယျ (ဆုံးမထိုက်သူ နတ် လူ ဗြဟ္မာ) သတ္တဝါတို့၏ အကျိုးစီးပွါးကို ဆောင်တော်မူပါသည်။

၄။ နံနက်ပိုင်း၌ စောစောထတော်မူ၍ (အိပ်ရာမှ ထခြင်း မဟုတ် ကိုယ်လက်သုတ်သင်ရန် ထတော်မူခြင်းသာ။) ကျင်ကြီး ကျင်ငယ် စွန့်တော်မူခြင်း၊ တံပူနှင့် မျက်နှာသစ်ရေ ကပ်သည်ကို ခံယူ၍ သုံးတော်မူခြင်းအားဖြင့် ကိုယ်လက်သုတ်သင်တော် မူသည်။ (တံပူမျက်နှာသစ်ရေ သုံးခြင်းမှာ မသန့်ရှင်း၍ မဟုတ်၊ အလုပ်အကျွေးကို ချီးမြှောက်သောအားဖြင့်သာ သုံးတော်မူခြင်း ဖြစ်သည်။)

ထို့နောက် ဂန္ဓကုဋီသို့ ဝင်တော်မူ၍ ငြိမ်သက်စွာ သမာပတ် ဝင်စားတော်မူ၏။ အချိန်တန်လျှင် ဆွမ်းခံကြွ၍ (တရံ တခါ ဆွမ်းခံရာမှာပင် ဆွမ်းဘုဉ်းပေး၍ လူတို့အား တရားဟောတော်မူ၏။) ကျောင်းတော် ပြန်ရောက်သောအခါ ရဟန်းများ၏ ဆွမ်း

၅။ ဆွမ်းစားပြီးက၊ ဘယ်ကိစ္စ၊ ဗုဒ္ဓ နေ့စဉ် ပြုသနည်း။

၆။ ဆွမ်းစားပြီးက၊ တရားပြ၍၊ ဂန္ဓ ကျောင်းတော်၊ ဝင်လျောင်း ပျော်၏။ ထသော် တလှည့်၊ လောကကြည့်၍၊ ရောက်ရှိလာ ငြား၊ လူအများ၊ တရားနေ့စဉ် ဟောသတည်း။

---

စားအပြီးကို စောင့်ဆိုင်းကာ တန်ဆောင်းဝိုင်းမှာ ခေတ္တနား တော်မူ၏။ ဤကား (ပုရေဘတ္တ) နံနက်ပိုင်း လုပ်ငန်းတော် အစဉ်တည်း။

၆။ ရဟန်းတော်များ ဆွမ်းစားပြီးသောအခါ ဂန္ဓကုဋိသို့ ကြွ၍ ရဟန်းတော်များ သည်းကပ်နေကျနေရာ၌ ထိုင်၍ ခြေဆေး တော်မူ၏။ ထိုနောက် ရပ်တော်မူ၍ နေ့စဉ် သတိပေးတော်မူ သည်မှာ– ဘိက္ခုတို့.... မမေ့မလျော့ မပေါ့မဆသော သတိဖြင့် သီလ သမာဓိ ပညာ(၃-ဖြာသော သိက္ခာ)ကို ပြည့်စုံအောင် ကြိုးစားကြ။

၁။ လောက၌ ဘုရားကဆူ ပွင့်တော်မူလာဖို့ အချိန်သည် အလွန်ရခဲ၏။

၂။ ဘုရားပွင့်ချိန်၌ မိမိက လူ့ဘဝရဖို့လည်း အလွန် ခဲယဉ်း၏။

၃။ လူ့ဘဝ ရပြန်ပါလည်း မျက်စိ နား စသော အင်္ဂါနှင့် သဒ္ဓါ ပညာ ပြည့်စုံဖို့လည်း ခဲယဉ်း၏။

၄။ အရာရာ ပြည့်စုံပြန်ပါလည်း အိမ်မှထွက်ခွါ၍ ရသေ့ ရဟန်းပြုဖို့ ခဲယဉ်း၏။

၅။ ရဟန်းမဟုတ်ပဲ (သာသနာပ ရသေ့မျှ ဖြစ်နေလျှင်) တရားစစ် တရားမှန် နာခံရဖို့လည်း ခဲယဉ်း၏။ (သင်တို့မှာ ထိုခဲယဉ်းကြီး ငါးပါးလုံး ပြည့်စုံပြီဖြစ်၍ ကြိုးစား ဖို့သာ လိုတော့သည်-ဟူလို။)

၇။ ညဥ့်ဦးယာမ်တွင်၊ ဘယ်သို့လျှင်၊ ညစဉ်ကိစ္စ ပြုသနည်း။
၈။ ညဥ့်ဦးယာမ်သော်၊ သံဃာတော်၏၊ ထုတ်ဖော်မေးကာ၊ အဖြေပြု၊ ဓမ္မ ညစဉ် ပေးသတည်း။
၉။ သန်းခေါင်ယာမ်တွင်၊ ဘယ်သို့လျှင်၊ ညစဉ်ကိစ္စ ပြုသနည်း။
၁၀။ သန်းခေါင်ရောက်လတ်၊ ဗြဟ္မာ နတ်၏၊ ပြဿနာမေး၊ အဖြေပေးလျက်၊ ငြိမ့်လေး နာပျော်၊ တရားတော်၊ ဟောဖော်ညွှန်ပြပါသတည်း။

---

ဤသို့ ဆုံးမပြီးလျှင် ဂန္ဓကုဋိတိုက်သို့ဝင်၍ ခေတ္တခဏမျှ လဲလျောင်းတော်မူ၏။ ထို့နောက် ထတော်မူ၍ တရားရထိုက်သော သတ္တဝါတို့ကို ကြည့်တော်၏။ထို့နောက် ရောက်လာသော လူတို့အား တရားဟော၍ ဧချိန်ရှိတုန်းမှာပင် ပြန်လွှတ်တော်မူ၏။ ဤကား (ပစ္ဆာဘတ္တ) ဆွမ်းစားပြီးကစ၍ တနေ့လုံး လုပ်ငန်းတော် အစဉ်တည်း။

၈။ နေဝင်ချိန်လောက် ရောက်သောအခါ ကိုယ်ငွေ့ရအောင် ရေဖြင့် ကိုယ်တော်ကို လောင်းတော် (ချိုးတော်) မူ၏။ ထို့နောက် ဂန္ဓကုဋိဝင်းအတွင်း၌ ခင်းထားအပ်သော နေရာသို့ ကြွလျက် ငြိမ်သက်စွာ (သမာပတ် ဝင်စား၍)ထိုင်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များ လာ၍ ပြဿနာမေးကြ၊ ကမ္မဋ္ဌာန်း တောင်းကြ၊ တရားဟောဖို့ တောင်းပန်ကြလေရာ အားလုံး အလိုဆန္ဒကို ပြည့်ဝစေတော်မူ၏။ ဤကား (ပုရိမယာမ) ညဥ့်ဦးယာမ် (၁၀-နာရီ)အတွင်း၌ ညစဉ်လုပ်ငန်းတော် အစဉ်တည်း။
၁၀။ ညဥ့်အလယ်ပိုင်း သန်းခေါင်ယာမ် အချိန်၌ကား လူခြေတိတ်ပြီ ဖြစ်၍ နတ် ဗြဟ္မာ အများ ဆည်းကပ်လာကြ၏။ သူတို့လည်း ပြဿနာမေးကြ၊ တရားဟောဖို့ရန် တောင်းပန်ကြ၏။ ထိုနတ် ဗြဟ္မာ တို့၏ အလိုဆန္ဒအားလျော်စွာ ပြဿနာဖြေ၍ တရားကိုလည်းဟောတော်မူသည်။

၁၃။ မိုးသောက်ယာမ်တွင်၊ ဘယ်လိုလျှင်၊ ညစဉ်ကိစ္စ ပြုသနည်း။

၁၂။ မိုးသောက်ယာမ်ရောက်၊ စင်္ကြံလျှောက်၍၊ထို့နောက် ဆက်လက်၊ တမေ့းစက်၏။ ကျိန်းစက်ထမူ၊ ကျွတ်ထိုက်သူ၊ နတ် လူစုံအောင် ကြည့်သတည်း။

---

ထိုသို့ ဟောတော်မူပြီးသောအခါ သန်းခေါင်ယာမ်လည်း ကုန်လောက်ပြီ။ နတ် ဗြဟ္မာ တို့လည်း ပြန်ကြပေပြီ။ ထိုအခါ ညဉ့်ကို ၃-ပုံ ပုံလျှင် နောက်ဆုံး မိုးသောက်ယာမ်သို့ ရောက် လောက်လေပြီ။ ဤကား (မဇ္ဈိမယာမ) သန်းခေါင်ယာမ်၌ လုပ်ငန်းတော် အစဉ်တည်း။

၁၂။ ထိုကြောင့် အရုဏ်မတက်မီ မိုးသောက်ယာမ်ကို ၃-ပိုင်း ပိုင်းပြီး လျှင် ရှေ့တပိုင်း အချိန်လောက်မှာ စင်္ကြံကြွတော်မူ၏။ အလယ် ပိုင်း အချိန်လောက်မှာ ဂန္ဓကုဋီသို့ဝင်၍ တမေ့းလောက် (ခဏ လောက်) လျောင်းစက်တော်မူ၏။ အိပ်တော်မူခြင်းမှာလည်း အိပ်ရာခင်း ခေါင်းအုံးတို့နှင့် ကျကျနန ဟုတ်ဟန်မတူ။လက်ယာ နံပါးကို အောက်ထား၍ (စောင်း၍) ညာဘက်လက်တော်ပေါ် သို့ ဦးခေါင်းတော်တင်လျက် ကျိန်းစက်တော်မူဟန် တူ၏။ (ဤ နေရာ၌ ဗုဒ္ဓမြတ်စွာ၏ ကျိန်းစက်တော်မူချိန် အလွန်နည်းပါး ကြောင်းကို သတိပြုခဲ့ပါ။)

နောက်ပိုင်းအချိန်မှာ ထတော်မူ၍ လာမည့်နေ့၌ ချွတ်ထိုက် သော (တရားဟော၍ အကျွတ်တရား ရနိုင်လောက်သော) သတ္တဝါများကို ဉာဏ်စက္ခုဖြင့် ကြည့်တော်မူ၏။ ထိုသို့ ကြည့် တော်မူသောအခါ ကျွတ်ထိုက်သော (လူ နတ် ဗြဟ္မာ)သတ္တဝါ တွေ ဉာဏ်တော်မှာ ထင်ပေါ်လာမြဲ ဖြစ်သည်။ ဤကား (ပစ္ဆိမယာမ) မိုးသောက်ယာမ်၌ ညစဉ် လုပ်ငန်းတော်တည်း။

၁၃။ ကျွတ်ထိုက်ကြသူ၊ နတ်နှင့်လူ၊ မြင်မူဘယ်သို့ ပြုသနည်း။

၁၄။ အချိန်ကာလ၊ အံကိုက်ကျအောင်၊ ကြွ၍မနှေး၊ တရားဒေး၊ တိုက်ကျွေးဟောဖော် ချွတ်သတည်း။

၁၅။ ရန်သူကပြိုင်၊ တို့ဘုန်းလှိုင်၊ ရှုံး-နိုင် ဘယ်သို့ ရှိသနည်း။

၁၆။ ရန်သူများစွာ၊ ပြိုင်ကြပါလည်း၊ မေတ္တာတော်ဓာတ်၊ ဉာဏ်တော် မြတ်ဖြင့်၊ မပြတ်အောင်မြင်၊ သူတို့ပင်၊ အစဉ် ရှုံးရလေသတည်း။

---

၁၄။ ကျွတ်ထိုက်သောသတ္တဝါကို မြင်သောအခါ ချွတ်ဖို့ဟောဖို့ အချိန်အခါနှင့် အံကိုက်ကျအောင် ကြွတော်မူ၍ (ဆွမ်းခံကြွတုန်းမှာ ဖြစ်စေ၊ အဝေးမြို့ရွာ နတ်ပြည် ဗြဟ္မာပြည်မှာ ဖြစ်လျှင် ထိုမြို့ ထိုရွာ ထိုပြည်တို့သို့ ကြွ၍ဖြစ်စေ) တရားဟောတော်မူ၏။

၁၆။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါ တိတ္ထိဆရာကြီးများနှင့် သူတို့တပည့်တွေမှာ ရှေးကရရှိနေကျဖြစ်သော ပစ္စည်း လာဘ်နှင့် သြဇာအာဏာများ ဆုတ်ယုတ်သွား၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာကို "ကြီးစွာသော ရန်သူ"ဟု သဘောထားကြလေသည်။ ထို့ကြောင့် မြတ်စွာဘုရားကို အမြဲအပြစ်ပြောလေ့ ရှိကြ၏။ မာရ်နတ်ကဲ့သို့ နတ်ဆိုးများနှင့် ကိုယ့်ကိုယ်ကို အထင်ကြီးနေကြသော ဗြဟ္မာမင်းတချို့လည်း ဘုရားကို မျက်မုန်းကျိုးနေကြ၏။

ထို တိတ္ထိနှင့် ထို နတ် ဗြဟ္မာ တို့သည် ဘုရားရှင်ကို တုပြိုင်လာကြသော်လည်း ဘုရားရှင်ကား ရန်သူဟု သဘောမထားပဲ သူတို့ အကျိုးလိုလားသော မေတ္တာဓာတ်၊ ထက်မြက်သော ဉာဏ်တော်မြတ်ဖြင့် အမြဲအောင်နိုင်တော်မူခဲ့ပါသည်။ ထိုသို့ အောင်နိုင်ရာဝယ် တချို့ကမူ ဘုရားရှင်ကို ကြည်ညိုကြ၍ တရားထူးရကြလေသေးသည်။

၁၇။ ဗုဒ္ဓမြတ်စွာ၊ ရှုံးရပါ၊ ကမ္ဘာဘယ်ရန် ရှိသနည်း။

၁၈။ အိုဘေး နာဘေး၊ သေခြင်းဘေးဟု၊ ဘေးကြီး ၃-ဖြာ၊ ရန်သူလာ၊ မြတ်စွာ ရှုံးရပါသတည်း။

၁၉။ အို....အို....မြတ်စွာ၊ အိုဘေးမှာ၊ ဘယ်ခါကြုံရပါသနည်း။

၂၀။ သက်တော်ရင့်ညောင်း၊ရွယ်တော်ပြောင်း၊ အိုကြောင်းဘေးကြီး ကြုံသတည်း။

---

၁၈။ ထိုသို့ လူ့နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှတို့ ဆန့်ကျင်ဘက် ပြုလာသမျှဝယ် အရှုံးမရှိ အနိုင်သာ ရှိခဲ့ပါသော်လည်း အိုဘေး နာဘေး သေဘေး ဟူသော ဘေးရန်ကြီး ၃-ပါး ကိုကား ဗုဒ္ဓမြတ်စွာသည် အနိုင်မရ အရှုံးခံရပါသည်။

၂၀။ အခါတပါး၌ မြတ်စွာဘုရားသည် ညနေအခါ ပုဗ္ဗာရုံကျောင်းတော်၏ အနောက်ဘက်ဝယ် သက်နန်းတော်ချ၍ နေစာလှုံတော်မူ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ကျောတော်ကို ဆုပ်နယ်ပေးနေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ကျောဘက်က အသားအရေတော်ကို နေရောင်တွင် ဂရုစိုက်၍ကြည့်လိုက်မိရာ.... အရေတော်များ ရှေးကနှင့်မတူပဲ အနည်းငယ် တွန့်လာသည်ကို တွေ့ရ၏။ အင်မတန်ဖြောင့်စင်းသော ကိုယ်တော်လည်း ရှေ့သို့ မသိမသာ ကိုင်းနေသည်ကိုတွေ့ရ၏။ အဆင်းတော်များလည်း အရွယ်ကောင်းတုန်းကလောက် မကြည်လင်တတ်သည်ကို တွေ့ရ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် သာမန်လူများကဲ့သို့ ရွတ်တွယိုယွင်းလာအောင် သိသိသာသာကြီး အိုမင်းမသွားပါသော်လည်း သက်တော်ကြီးရင့်သောအခါ အိုဘေးဒဏ်ကို မသိမသာ ခံတော်မူရပါသေးသည်။.... (ဇရာသုတ္တ ... ) (ဣန္ဒြိယ သံယုတ်၊ ဇရာဝဂ္ဂ။)

၂၁။ ဖြစ်ရလေဗျာ၊ နာဘေးမှာ၊ ဘယ်ခါကြုံရပါသနည်း။

၂၂။ မကြာမကြာ၊ ခါးတော်နာ၍၊ ခြေမှာနုနု၊ သွေးခြည်ဥ၏။ မရှုရက်နော်၊ နောက်ဆုံးသော်၊ ဝမ်းတော်လားရပါသတည်း။

၂၃။ ဝမ်းတော်လားလျှင်၊ တို့ဖျားရှင်၊ ဘယ်တွင်ကြွ၍ စံသနည်း။

၂၄။ ဝမ်းတော်အလား၊ သက်တော်အားလည်း၊ ကြီးမားလေဘိ၊ ရှစ်ဆယ် ပြည့်၍၊ ပရိနိဗ္ဗာန်၊ ဝင်စံဖို့ရာ၊ ကုသိနာရုံ၊ အင်ကြင်းစုံ၊ ရဂုံ ကြွ၍ စံသတည်း။

---

၂၂။ မြတ်စွာဘုရားသည် ၆–နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သော ဒဏ်ကြောင့် မကြာမကြာ ခါးတော်နာရ၏။ ရှင်ဒေဝဒတ်၏ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကို လှိမ့်ချလိုက်ရာ ကျောက်ချပ်ကွာ၍ ခြေမတော်ကို မှန်သောကြောင့် သွေးခြည်ဥသောဒဏ်ကို ခံတော်မူရ၏။ နောက်ဆုံး၌ကား ဝမ်းတော်လားရ (ဝမ်းလျှောရ) ၏။ ထိုရောဂါဒဏ်ကိုကား မြင်ရသူများမရှုရက်အောင် အပြင်းအထန် ခံတော်မူရ၏။ ဤသို့လျှင် ဘုရားရှင်သည် နာဘေးရန်ကိုလည်း မတွန်းလှန်နိုင်ပဲ အရှုံး ပေးရပါသည်။

၂၄။ မြတ်စွာဘုရား၏ သက်တော် ရှစ်ဆယ် (ဝါတော် ၄၅-ဝါ)ပြည့်သော နေ့၌ပင် ဝမ်းတော်လားသော ရောဂါသည် ပါဝါမြို့မှာ ဖြစ်၏။ ထိုနေ့မှာပင် ပရိနိဗ္ဗာန် စံသောအားဖြင့် သေဘေးဒဏ်ကို ခံရပါတော့သည်။ ဘုရားရှင်ချွတ်မှ ကျွတ်မည့် သတ္တဝါတို့လည်း ကျွတ်တမ်းဝင်ပြီး ကြလေပြီ။ နောက်ဆုံး ချွတ်ရမည့် "သုဘဒ္ဒ"ဆိုသူ ပရိဗိုဇ် တယောက်သာ ကုသိနာရုံမြို့၌ ကျန်တော့၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ထို သုဘဒ္ဒကို အကြောင်းပြု၍ အားတော်နည်းနေ ပါသော်လည်း ကုသိနာရုံ မြို့ဘော်ကို နေ

၂၅။ မျှားအင်ကြင်းပင်၊ မြတ်ဥယျာဉ်၊ ဖူးမြင် ဘယ်မျှ လာသနည်း။
၂၆။ အင်ကြင်းပင်စပ်၊ ဥယျာဉ်ရပ်၌၊ လူ နတ် ဗြဟ္မာ၊ မျှားသံဃာ၊ ရောက်လာ ဖူးမြော် ကြသတည်း။

---

ဝင်ချိန်လောက် အရောက် ကြွတော်မူ၏။ မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်ဝယ် မင်းများအတွက် ခင်းထားအပ်သော သလွန်တော် ( ခုတင်ငယ် ) ရှိ၏။ ထို သလွန်တော်ပေါ်၌ မြောက်ဘက်သို့ ဦးခေါင်းတော်လှည့်၍ လက်ယာနံပါးတော်ကို စောင်းကာ လျောင်းတော် မူပါသည်။

**မှတ်ချက်။** ။ဤနေရာ၌ ရိုးရိုးလူများ သုံးနေကျ ခုတင်ပေါ်မှာ ဘုရားရှင် လျောင်းတော်မူလောက်ပုံကို သတိပြုပါ။

၂၆။ ထိုအခါ ကုသိနာရုံ မြို့တွင်းက မလ္လာမင်းတို့သည် "ပရိနိဗ္ဗာန်စံတော်မူဖို့ရန် ဘုရားရှင် ကြွလာတော်မူသတဲ့"ဟု ကြားရ၍ ဝမ်းနည်းပူဆွေးကာ ထွက်လာကြပြီးလျှင် နောက်ဆုံး ရှိခိုးကန်တော့ခြင်းဖြင့် ရှိခိုးကန်တော့ကြလေ၏။ စကြဝဠာ ကမ္ဘာ တသောင်းမှ နတ် ဗြဟ္မာ အပေါင်းလည်း အများအားဖြင့် ရောက်လာကြ၏။

ရဟန်း သံဃာတော်များကား လွန်ခဲ့သော ၃-လလောက်ကပင် "ဘုရားသခင် ပရိနိဗ္ဗာန် စံခါနီးပြီတဲ့"ဟု ကြားရ၍ မြတ်စွာဘုရား ရှိရာသို့ ရောက်ပြီးသူတိုင်း မပြန် ကြတော့ပဲ နောက်တော်က ပါလာကြသဖြင့် အရေ အတွက် မည်မျှဟု ဂဏန်းမပြနိုင်လောက်အောင် မျှားမြောင် လှလေသည်။

**မှတ်ချက်။** ။ထိုနှစ် မှာပင် အရှင် သာရိပုတ္တရာနှင့် အရှင် မဟာမောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန် စံတော်မူပြီး ကြလေပြီ။ သာသနာ့ဝန်ကို အရှင် ဥပါလိ၊ အရှင် အာနန္ဒာ၊ အရှင် အနုရုဒ္ဓါတို့၏ အကူအညီဖြင့် အရှင် မဟာကဿပ မထေရ်မြတ်သာ ဆောင်ရချေတော့မည်။

၂၇။ နတ် ပြဟ္မာလယ်၊ သံဃာ့အလယ်၊ ဘုန်းကြွယ် ဘယ်သို့ ဖြစ်သနည်း။

၂၈။ အိုအို....ဟင်ဟင်၊ မကြားချင်နှင့်၊ တို့ရှင်ဘုရား၊ သံဃာများကို၊ တရားသတိ၊ နောက်ဆုံးဖြည့်၍၊ လပြည့်ကဆုန်၊ နီးအရုဏ်၊ ခေတ်မြုံနိဗ္ဗူ စံသတည်း။

---

၂၇။ မြတ်စွာဘုရားသည် လျှောင်းတော် မူရင်းကပင် ကဆုန်လပြည့် ညဦးယာမ်၌ မလ္လာမင်းတို့အား တရားဟောတော် မူရ၏။ သန်းခေါင်ယာမ်၌ သုဘဒ္ဒပရိဗိုဇ်အား တရားဟော၍ ရဟန်းပြုစေတော်မူရ၏။ (ထိုသုဘဒ္ဒ သည်ပင် ဘုရား ပရိနိဗ္ဗာန်စံတော်မမူခင် ရဟန္တာ ဖြစ်၏။) မိုးသောက်ယာမ်၌ အရုဏ်မတက်ခင် ရဟန်းတော်တို့အား ဩဝါဒ ပေးတော်မူရ၏။ ထိုဩဝါဒတို့တွင်....

''ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ = ဘိက္ခုတို့....ယခုအခါ သင်တို့ကို သိစေတော်မူမည်။ ရုပ် နာမ် သင်္ခါရတို့သည် ပျက်စီးခြင်း သဘောကို မလွန်နိုင်ကြကုန်။ (သို့ဖြစ်၍ သင်တို့သည်) မမေ့ မလျော့သော သတိဖြင့် ကိစ္စဥဿုံ ပြည့်စုံစေရစ်ကြ။''

ဤ ဩဝါဒတော်သည် နောက်ဆုံး ဖြစ်၏။ ဤသို့ သတိထားဖို့ရန် နောက်ဆုံး တရားတော် အဖြစ်ဖြင့် ဖြည့်စွက် မိန့်တော်မူပြီးလျှင် နောက်ထပ် မိန့်မြွက်တော် မမူတော့ပဲ ဈာန် သမာပတ်တို့ကို ဝင်စားတော်မူ၏။ ထို သမာပတ်အဆုံး အရုဏ်တက်ခါနီးတွင် ပရိနိဗ္ဗာန် စံတော်မူလေသည်။

ထို နိဗ္ဗာန ခေတ်မှ နောက်ထပ်၍ ဘာတခုမျှ မပေါက်ဖွားသောကြောင့် နိဗ္ဗာနခေတ်ကို ''ခေတ်အမြုံ''ဟု ဆို လိုက်ပါသည်။

၂၉။ ဘုရားနိဗ္ဗူ၊ စံတော်မူသော်၊ နတ်လူ ပြဟ္မာ၊ မြေကမ္ဘာ၊ ထွေလာ ထူးခြား ဘယ်သို့နည်း။

၃၀။ ဘုရားနိဗ္ဗူ၊ စံတော်မူသော်၊ ဝှန်းဆူမြေကြီး၊ ပွဲတင်ဟည်း၍၊ ထန်သီးပြင်းပြ၊ ငိုကြွေးကြ၊ ချို့ကသံဝေ ယူသတည်း။

---

၃၀။ ဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ စကြဝဠာ ကမ္ဘာ တသောင်းလုံး ပွဲတင်ဟည်း၍ ကြီးကျယ်စွာ တုန်လှုပ်လေ၏။ အနာဂါမ် ရဟန္တာ မဖြစ်သေးသော နတ်များနှင့် ရဟန်း သံဃာတော်တို့သည် ပြင်းထန်စွာ ငိုကြွေးကြကုန်၏။ အနာဂါမ်နှင့် ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့ကား "ဖြစ်လာသမျှ ပျက်ရမှာချည်းပဲ"ဟု စိတ်ထဲ၌ တွေးကာ ရုပ်နာမ်ခန္ဓာ အပေါ်၌ထိတ်လန့်တတ်သော "သံဝေဂ"ခေါ် ဉာဏ်တမျိုးဖြင့် ဝမ်းနည်းမှု ငိုကြွေးမှု မဖြစ်ပဲ ဖြေသိမ်းနိုင်ကြ ပေသည်။

**မှတ်ချက်။** ။ပရိနိဗ္ဗာန် စံတော်မူခါနီး၌ ဗုဒ္ဓ မြတ်စွာ၏ ဈာန် သမာပတ် စိတ်အစဉ်သည် အလွန် တည်ငြိမ်လျက် ရှိ၏။ ငြိမ်သက် လွန်းသည့်အတွက် အရှင်အာနန္ဒာ ကိုယ်တိုင်ပင် "ပရိနိဗ္ဗာန် စံပြီ"ဟု ထင်မှတ်၍ အရှင် အနုရုဒ္ဓါကို မေးရသေး၏။ ထို ဈာန် သမာပတ် အစဉ်ဆိုးသည်နှင့် တပြိုင်နက် ပရိနိဗ္ဗာန် စံတော်မူ၏။ ဈာန်ဝင်စားသော ပုဂ္ဂိုလ် ဟူသမျှလည်း အလွန်ချမ်းသာတော် မူကြ၏။ ထို့ကြောင့် ဗုဒ္ဓ မြတ်စွာသည် ပရိနိဗ္ဗာန် စံတော်မူခါ နီး၌ ဆင်းရဲဒုက္ခ လုံးဝမရှိပဲ အလွန် ညင်သာစွာဖြင့် ပရိနိဗ္ဗာန် စံတော် မူရပါသည်။

တချို့ကား—အလွန် ပင်ပန်းစွာ ပရိနိဗ္ဗာန်စံနေပုံ ထုလုပ်ထား သော ရုပ်ပုံတော်ကို မြင်ခဲ့ရ၍ "ဗုဒ္ဓ မြတ်စွာလည်း လူသာမန် တို့ကဲ့သို့ အလွန်ဆင်းရဲစွာ ဒုက္ခခံ၍ ပရိနိဗ္ဗာန် စံရသည်"ဟု မှတ် ထင်နေကြ၏။ ထိုသို့ ထင်နေခြင်းမှာ အစစ် အမှန်ကို မကြံနိုင် ခြင်းကြောင့်သာ ဖြစ်လေသည်။

**(လင်္ကာ)** တရား နတ်စည်၊ ဆော်ရွမ်း လည်က၊ သုံးမည် ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက် သသူ၊ နတ် လူ ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာ အောင်မြို့၊ ဖောင်ကတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာ့လေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ် မလ္လာတိုင်း၊ စံနိုင်းမဟုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်……ဝှန်းဆူ သောင်းလုံးကျော်တယ်ကို့။

**ဒသမ အခန်း ပြီး၏။**

# ဧကာဒသမ အခန်း

## (အလောင်းတော်ကို ပူဇော်ပုံနှင့် ဓာတုပရိနိဗ္ဗာန် စံတော်မူပုံ)

၁။ နိဗ္ဗာန် ပြောင်းသော်၊ အလောင်းတော်၊ ပူဇော်ဘယ်သူ ပြုသနည်း။

၂။ နိဗ္ဗာန်ပြောင်းသော်၊ အလောင်းတော်၊ ပူဇော် နတ်လူ ပြုသတည်း။

၃။ အလောင်းတော်အား၊ သံဃာများ၊ ထူးခြားပူဇော် ဘယ်သို့နည်း။

၄။ အလောင်းတော်အား၊ သံဃာများ၊ ထူးခြားပူဇော် မပြုတည်း။

---

၂။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီး၍ ကြွင်းကျန်ရစ်သော ရုပ်အလောင်းတော်ကို လူ နတ် ဗြဟ္မာ တို့သည် ပန်းနံ့သာမျိုးစုံတို့ဖြင့် ပူဇော်ကြ၊ သံဝေဂ ဖြစ်စရာ (အနိစ္စ ဒုက္ခ အနတ္တ) သဘောပါသော ဂီတတို့ကို သီဆို တီးမှုတ်၍ ပူဇော်ကြလေသည်။

၄။ သံဃာတော် များကား အလောင်းတော်ကို အထူး ကြောင့်ကြစိုက်၍ မပူဇော်ကြ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီး၌ အရှင် အာနန္ဒာသည် "သံဃာတော်များက အလောင်းတော်ကို အဘယ်သို့ ပြုရစ်ကြရပါမည်နည်း ဘုရား"ဟု လျှောက်ထားလိုက်၏။ ထိုအခါ "သံဃာများက အလောင်းတော်၌ ကြောင့်ကြ မစိုက်ရစ်ကြနှင့်။ အနှစ်အသားပါသော အရဟတ္တဖိုလ်ရအောင် ကြိုးစားရစ်ကြ။ ငါဘုရား၌ ကြည်ညိုကြသူ လူဝတ်ကြောင့်များက အလောင်းတော်ကို ပူဇော်ကြလိမ့်

၅။ နိဗ္ဗာန်စံ၍၊ ဘယ်နှစ်ရက်စေ့၊ ဘယ်ရွှေ ပင့်ဆောင် ထားသနည်း။
၆။ နိဗ္ဗာန်စံ၍၊ ၇–ရက်စေ့၊ မြို့ရွှေပင့်ဆောင် ထားသတည်း။
၇။ မြို့ရွှေရောက်သော်၊ အလောင်းတော်၊ ပူဇော်ဘယ်သို့ ပြုသနည်း။
၈။ ဝါဂွမ်း အဝတ်၊ ထပ်ကာ ထပ်ကာ၊ စုံ ငါးရာဖြင့်၊ ပတ်ကာရစ်ငြောင်း၊ မြတ် အလောင်း၊ ရွှေခေါင်းတော်မှာ သွင်းသတည်း။

---

မည်''ဟု မိန့်တော်မူ၏။ ထို အမိန့်တော် အတိုင်း သံဃာတော်များ လိုက်နာ၍ ငြိမ်သက်စွာ ကြည့်ရှု ဖူးမြော်နေကြလေသည်။

၆။ ကုသိနာရုံပြည် မလ္လာမင်းတို့သည် တီးကြ မှုတ်ကြ နေရာပြင်ကြ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြခြင်းဖြင့် ပဌမရက်ကို ကုန်စေကြ၏။ နောက်ရက်များ၌လည်း ထိုနည်းအတိုင်းပင် ပူဇော်၍ အားမရနိုင်ကြသဖြင့် ၆-ရက်လုံးလုံး အင်ကြင်းဥယျာဉ်မှာပင် အချိန်ကုန်စေကြလေသည်။

လပြည့်ကျော် ၇-ရက်နေ့၌ကား နတ်တို့ကလည်း နတ်များအလိုက် လူတို့ကလည်း လူများအလိုက် သံဝေဂဖြစ်စရာ ဂီတမျိုးစုံ ပန်းနံ့သာမျိုးစုံတို့ဖြင့် ပူဇော်ကာ ဥယျာဉ်မှ မြို့တွင်းသို့ သွင်းကြ၏။ ထို့နောက် မြို့လယ်လမ်းမဖြင့် မြို့ရှေ့သို့ ပင့်ဆောင်ကာ မလ္လာမင်းတို့ အမြတ်အနိုး ထားအပ်သော မကုဋဗန္ဓန (မကိုဋ်ဖွဲ့ရာ မင်္ဂလာအိမ်တော်)၌ ပူဇော်ကြလေသည်။ ( ထိုအချိန်အထိ အလောင်းတော်ကို ခေါင်းမသွင်းရသေး။)

၈။ ထိုနေရာ၌ အလောင်းတော်ကို ဝါဂွမ်းတထပ် အဝတ်တထပ် အစုံအစုံ ရစ်ပတ်လေရာ အထပ်ပေါင်း အစုံငါးရာဖြင့် ရစ်ပတ်ပြီး ဖြစ်လေ၏။ ထိုအခါကျမှ ဆီထည့်ထားသော ရွှေခေါင်းတော်တွင်း သွင်း၍ ရွှေအဖုံးဖြင့် ပိတ်ဖုံးလိုက်ကြလေသည်။

၉။ ခေါင်းသွင်းပြီးသော်၊ အလောင်းတော် ဘယ်ပေါ် မီးသင်္ဂြိုဟ် သနည်း။
၁၀။ စန္ဒကူး နံ့သာ၊ ထင်းပုံမှာ၊ သွင်းကာ မီးသင်္ဂြိုဟ် သတည်း။
၁၁။ သင်္ဂြိုဟ်ပြီးငြား၊ ဓာတ်တော်ကား၊ အများဘယ်လောက် ရှိသနည်း။
၁၂။ ရှစ်စိတ်လောက်မျှ၊ ဓာတ်တော်ရ၊ ပြောကြ စဉ်ဆက် ရှိသတည်း။

---

၁၀။ မီးသင်္ဂြိုဟ်ဖို့ရာ အတောင်တရာ့နှစ်ဆယ် မြင့်သော စန္ဒကူးနံ့သာ ထင်းပုံအတွင်းသို့ အလောင်းတော်ကို သွင်း၍ မလ္လာမင်း ပါမောက္ခကြီးများ ကိုယ်တိုင် မီးရှို့ကြ၏။ သို့သော် အမျိုးမျိုး ကြိုးစားသော်လည်း မီးစွဲအောင် မတတ်နိုင်ကြ၍ အရှင်အနုရုဒ္ဓါကို မေးကြလေရာ "အရှင်မဟာကဿပ မရောက်လာသေး၍ သူ၏ဒါယကာ နတ်များက မီးမစွဲအောင် လုပ်ထားကြသည်" ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားရ၍ အရှင်မဟာကဿပ ကို ပရိသတ်ကြီးက မျှော်နေစဉ်.... နေဝင်ခါနီးမှ ရဟန်းငါးရာနှင့် အတူ ရောက်လာတော်မူ၏။

အရှင်မဟာကဿပ သည် လှည့်ပတ်၍ရှိခိုးယင်း ခြေတော် နေရာ၌ရပ်ကာ ဈာန်သမာပတ် ဝင်စား၍ မိဋ္ဌာန်လိုက်ရာ ဘုရားရှင်၏ ခြေတော်အစုံ ပေါ်ထွက်တော်မူလာလေ၏။ လူအများလည်း အုတ်အုတ်သဲသဲနှင့် ဝမ်းနည်းဝမ်းသာ ဖြစ်နေစဉ် အရှင်မဟာကဿပနှင့် ရဟန်းငါးရာတို့ ရှိခိုးပြီးမှ ပြန်၍ဝင်သွားတော်မူ၏။ ထိုအခါကျမှ နတ်တို့၏တန်ခိုးဖြင့် တေဇောဓာတ်မီး တောက်လာလေသည်။

၁၂။ ထိုသို့ တေဇောဓာတ်မီးတောက်၍ အရေ အသား အကြောတို့ ကုန်လောက်သောအခါ နံ့သာရေထည့်သော ရွှေအိုး ငွေအိုးတို့ဖြင့် မီးကိုညှိမ်းကြပြီးသော် "အရိုးဓာတ်တော် ရှစ်စိတ်လောက် ရ၏" ဟု ပြောဆိုရိုးရှိ၏။

၁၃။ နဂိုနေမြဲ၊ မကြေကွဲ၊ မှတ်စွဲ ဘယ်ဓာတ်တို့ ပါနည်း။
၁၃။ ညှပ်ရိုး ၂-ဆူ၊ စွယ်လေးဆူနှင့်၊ တဆူ သင်းကျစ်၊ ဓာတ်ခုနစ်၊ တည်ရစ် နဂို အတိုင်းတည်း။

---

သို့သော် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ကား "သဗ္ဗာပိ ဓာတုယောပါကတိကနာဠိယာယောဠသနာဠိယော=ရိုးရိုးကွမ်းစားဖြင့်''၁၆-ကွမ်းစား (၁၆-စလယ်=တစိတ်သား)''ဟု အဆိုရှိ၏။ ထို့ကြောင့် ''ရှစ်စိတ်'' ဆိုသော စကားကို ကုသိန္နာရုံ ချင့်ခွက်ဖြင့် ဆိုဟန်တူသည်။

၁၄။ ထိုဓာတ်တော်များတွင် ညှပ်ရိုးတော် ၂-ဆူ၊ စွယ်တော် ၄-ဆူ၊ နဖူးသင်းကျစ်တော် တဆူ၊ ဤ ၇-ဆူသာ နဂိုပုံအတိုင်း မကြေမကွဲပဲ တည်နေ၏။ အခြားသော အရိုးတော်များကား အစိတ်အစိတ် ကြေကွဲရလေသည်။ ထိုသို့ ကြေကွဲရခြင်းမှာလည်း အနှံ့အပြား ကိုးကွယ်ရအောင် ဘုရားရှင်ကိုယ်တော်တိုင် မိဋ္ဌာန်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုဓာတ်တော်များတွင် အငယ်ဆုံး မုန်ညင်းစေ့ခန့်၊ အလတ်စား ထက်ဝက်ကြိုးသော ဆန်ကြိုးခန့်၊ အကြီးဆုံး ပဲနောက်စေ့ခြမ်းခန့် ရှိ၏။ တချို့ မြလေးငုံ၊ တချို့ ဆေးထားသော ပုလဲလုံး၊ တချို့ ရွှေနှင့်တူ၏-ဟု ဆိုသည်။ လယ်တီဆရာတော်ဘုရား၏ လင်္ကာကား—

(လင်္ကာ) နိဗ္ဗာန်စံပြီ၊ ရှုမအီသာ၊ သင်္ဂြိုဟ်ရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက် ကော်ရော်၊ မီးပူဇော်သည်၊ မွေ့တော်ရှစ်စိတ် ကြွင်းတယ်ကို့။

မှတ်ချက်။ ။အင်္ဂါနေ့ ပရိနိဗ္ဗာန် စံသည်ဟု ဆိုခဲ့၏။ ၇-ရက်ကြာမှ မီးသင်္ဂြိုဟ်သည်ဟု ပါဠိတော်မှာရှိ၏။ သို့ဖြစ်လျှင် ဂဠုန် (တနင်္ဂနွေ) နေ့ ဆိုသည်ကို စဉ်းစားသင့်၏။

၁၅။ မီးငြိမ်းပြီးသော်၊ ဓာတ်ခေါင်းတော်၊ ပူဇော် ဘယ်ဆီ ရွှေ့သနည်း။

၁၆။ မီးငြိမ်းပြီးသော်၊ ဓာတ်ခေါင်းတော်ကို၊ ပူဇော်ဖို့ရာ၊ မြို့တွင်းသာ၊ ရုံးမှာ ရွှေ့၍ ထားသတည်း။

၁၇။ ဓာတ်တော် ဝေဖို့၊ ဘယ်ပြည်မြို့၊ ဘယ်သို့ လာ၍တောင်းသနည်း။

၁၈။ ဓာတ်တော်ဝေဖို့၊ ခုနစ်ပြည်မြို့၊ မင်းတို့စစ်နှင့် တောင်းသတည်း။

---

၁၆။ ကုသိနာရုံပြည် မလ္လာမင်းတို့သည် မီးငြိမ်းပြီးသောအခါ ဓာတ်တော် များကို ရွှေခေါင်းတော်နှင့်တကွ ယူဆောင်၍ ကုသိနာရုံမြို့တွင်းရှိ လွှတ်တော်ရုံးကြီး (သန္ထာဂါရ)၌ ထားကြ၏။ ထိုသို့ ထားပြီးနောက် လက်နက်ကိုင် အစောင့်အရှောက်ထားကာ အားရပါးရ ပူဇော်ကြလေသည်။

၁၈။ ထိုအချိန်မှာ အဇာတသတ်မင်း၊ လိစ္ဆဝီမင်း၊ သာကီဝင်မင်း စသောမင်းများနှင့် ဝေဌဒီပက မည်သော ပုဏ္ဏားပါ ခုနစ်ပြည် မင်းတို့သည် ဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူကြောင်းကို ကြားသိကြရကုန်၏။ ကြားလျှင်ကြားခြင်းပင် ဓာတ်တော်များကို ဝေပေးဖို့ရန် တမန်စေလွှတ်၍ ကြည်ကြည်သာသာ တောင်း၍မရလျှင် စစ်တပ်ဖြင့် လုဖို့ရန် စစ်ချီ၍ ထွက်လာကြလေသည်။

ထိုသို့ ထွက်လာကြပြီးလျှင် ကုသိနာရုံမြို့ကိုဝိုင်း၍ "ဓာတ်တော်များကို ဝေလျှင်ဝေပါ။ မဝေလျှင် စစ်တိုက်ရလိမ့်မည်" ဟု ရာဇသံပေးကြလေသော် မလ္လာမင်းတို့ကလည်း "မဝေနိုင်" ဟု ငြင်းပယ်ကြလေ၏။ (တကယ်စစ်ဖြစ်လျှင် နတ်များက မလ္လာမင်းတို့ဘက်မှ ကူမည်ဖြစ်၍ မလ္လာမင်းတို့ပင် နိုင်စရာရှိသတဲ့။)

၁၉။ ဆိုသို့ ထွက်လာ၊ မင်းများစွာ၊ ဘယ်ခါ ဘယ်သူ ဝေသနည်း။
၂၀။ ခန္တီနှလုံး၊ ဘုရားထုံးကို၊ သုံးဖို့ ဟောပြ၊ ကျေအေးကြ၊ ဒေါဏပါမောက် ဝေသတည်း။

---

၂၀။ ထိုအချိန်၌ မင်းအများ၏ ဆရာဖြစ်ခဲ့ဘူးသော ဒေါဏပါမောက္ခကြီးသည် အလွန်မြင့်သော မြေခုံပေါ်၌တက်၍ "အားလုံးနားထောင်ကြပါဦး။.... ငါတို့မြတ်စွာဘုရားသည် အလောင်းတော် ဘဝတုန်းကပင် သည်းခံခြင်းကို လက်သုံးပြုတော်မူခဲ့ပါသည်။ ထိုဘုရား၏ ဓာတ်တော်ရမှုကြောင့် သွေးချောင်းစီးအောင် စစ်ဖြစ်ခြင်းငှါ မလျော်ပါ"စသည်ဖြင့် အသံကျယ်စွာ ဟစ်အော်ပြောလေ၏။

ထိုအခါ ဆရာကြီး၏အသံကို မှတ်မိကြ၍ အားလုံး ကျေကျေ နပ်နပ် ဖြစ်ခါ"ဆရာကြီးသာ ဝေပါတော့"ဟု လွှဲအပ်ကြလေသည်။ ထိုအခါကျမှ မင်းများအားလုံး စုရုံး၍ မင်းများ ရှေ့မှောက်၌ ရွှေခေါင်းတော်ကို ဖွင့်လိုက်ရာ မင်းအားလုံးပင် စိတ်ကိုမချုပ်တည်းနိုင်ပဲ ဝမ်းနည်းစွာ ငိုကြွေးကြလေသည်။

ထို ငိုနေချိန်၌ ဒေါဏဆရာကြီးသည် လက်ယာစွယ်တော်ကို အလစ်ယူ၍ သူ၏ရောင်ထုံးထဲ၌ ထည့်ထားလိုက်၏။ ထိုနောက်မှ ဓာတ်တော်များကို ရှစ်ပုံ ပုံကာ ဝေပေးလေသည်။ ထိုသို့ ဝေချိန်၌ သိကြားမင်းသည် ဒေါဏဆရာကြီး ဝှက်ထားသော စွယ်တော်ကို အလစ်နှိုက်ယူ၍ တာဝတိံသာ စူဠာမဏိစေတီတော်တွင် ထာပနာ သွင်းလေသည်။

အားလုံးဝေ၍ ပြီးသောအခါ ပါမောက္ခကြီးသည် သူဝှက်ထားသော စွယ်တော်ကို မတွေ့ရ၊ မေးလည်း မမေးဝံ့ရကား ဓာတ်တော်ဝေတုန်းက ချင့်သော ခွက်ကလေးကိုသာ ကိုးကွယ်ရရှာတော့၏။ ဓာတ်တော်ဝေပြီးမှ ရောက်လာသော မောရိယာမင်းတို့မှာကား မီးသင်္ဂြိုဟ်ရာမှ မီးကျီးခဲကိုယူ၍ ပူဇော်ကြရလေတော့သည်။

၂၁။ ဓာတ်တော် ပေါင်းကာ၊ ဘယ်နေရာ၊ ထာပနာခဲ့ပါသနည်း။
၂၂။ ရာဇဂြိုဟ်မှာ၊ စုပေါင်းကာ၊ ထာပနာခဲ့ပါသတည်း။
၂၃။ ထို့နောက် ဘယ်သူ၊ တူးဖော်ယူ၊ ဇမ္ဗူအနှံ့ ဖြန့်သနည်း။
၂၄။ ဓမ္မာသောက၊ မည်ရသသူ၊ မင်းဖော်ယူ၊ ဇမ္ဗူ အနှံ့ ဖြန့်
သတည်း။

---

၂၂။ ထိုမင်းတို့သည် မိမိတို့ဝေစုရသော ဓာတ်တော်ကို မိမိတို့မြို့၌ စေတီတည်၍ ပူဇော်ကြလေ၏။ ထို့နောက် အရှင်မဟာကဿပသည် အခြားမြို့များ၌တည်ရှိသော ဓာတ်တော်များ၏ အန္တရာယ်ကို မြင်တော်မူ၏။

ထို့ကြောင့် ထိုမင်းများ ကိုးကွယ်လောက်ရုံချန်၍ ကျန် ဓာတ်တော်များကို (အကျိုးအကြောင်း ပြောပြ၍) ကျေနပ်စွာ ယူခဲ့ပြီးလျှင် အဇာတသတ်မင်းနှင့် တိုင်ပင်ကာ ရာဇဂြိုဟ်မြို့တော်၏ အရှေ့တောင်ထောင့်အရပ်၌ အတောင်ရှစ်ဆယ် နက်အောင်တွင်းတူး၍ ဓာတ်တော်မြှုပ်မှန်း မသိအောင် ရဟန္တာစေတီများ တည်ကာ အခိုင်အလုံ ထာပနာခဲ့လေ၏။

ထိုသို့ ထာပနာ သွင်းပြီးနောက် ထိုမြေတွင်း ထာပနာတိုက်ပေါက်မှာပင် "အနာဂတ်ကာလ၌ အသောကမည်သော ဓမ္မရာဇာသည် ဤဓာတ်တော်တို့ကို ပျံ့နှံ့အောင် ပြုလိမ့်မည်"ဟု ကမ္ပည်းရေး၍ လက်နက်ကိုင် ယန္တရားအရုပ်များကို အစောင့်အရှောက် ထားပြီးမှ ထာပနာတိုက်ကို သေသပ်စွာ ပိတ်လေသည်။

၂၄။ နှစ်ပေါင်း နှစ်ရာ့တဆယ့်ရှစ်နှစ် ကျော်လွန်သောအခါ ဓမ္မာသောကမင်းသည် ဇမ္ဗူဒီပခေါ် မဇ္ဈိမဒေသအနှံ့ စေတီတော်ပေါင်း ရှစ်သောင်း ၄-ထောင် တည်လေရာ ဓာတ်တော်တိုက်ကို ရှာ၍တွေ့သဖြင့် ထို ဓာတ်တော်များကို တူးဖော်လေ၏။ လက်နက်ကိုင် ယန္တရားအရုပ်တို့ကို နတ်များ၏ အကူအညီဖြင့်

၂၅။ ဓာတ်တော်အားလုံး၊ ဘယ်ချိန်သုံး၊ နောက်ဆုံး ဘယ်သို့ ဖြစ်မည်နည်း။

၂၆။ သာသနာ၏၊ ကွယ်ချိန်ပြည့်သော်၊ ဗောဓိပင်သာ၊ ဓာတ်ပေါင်းအာ၊ ရောင်ဝါလွှတ်၍ ပြမည်တည်း။

၂၇။ ရောင်လျှံလွှတ်ဖော်၊ ဓာတ်ကိုယ်တော်၊ ပြီးသော် ဘယ်သို့ ဖြစ်မည်နည်း။

၂၈။ ရောင်လျှံ လွှတ်ဖော်၊ ဓာတ်ကိုယ်တော်၊ ပြီးသော် တေဇော လောင်မည်တည်း။

---

ဖယ်ရှားပြီးသောအခါ ထို ကမ္ဗည်းစာတမ်းကိုမြင်ရ၍ အလွန်ဝမ်းမြောက်စွာ ဓာတ်တော်များကို ပင့်ဆောင်၍ စေတီတော်တို့၌ ထာပနာလေသည်။

၂၆။ သာသနာတော် ကွယ်ပ၍ ကိုးကွယ်မည့်သူမရှိသော ကာလ၌ နေရာအသီးသီးဝယ် တည်ရှိနေကြသော ဓာတ်တော်များသည် (အားလုံးပင်) မူလ မဟာဗောဓိပင်ရှိရာသို့ စုပေါင်းကြလိမ့်မည်။ ထိုသို့ စုပေါင်းမိသောအခါ ရွှေတုံးကြီးလိုဖြစ်၍ ထို ရွှေကိုယ်တော်မှ ရောင်ခြည်တော် လွှတ်လိမ့်မည်။

၂၈။ ထိုသို့ ရောင်ခြည်တော် လွှတ်ပြီးသောအခါ အရိုးတော် ဓာတ်သားချည်း ဖြစ်နေသော ကိုယ်တော်မှ တေဇောဓာတ် မီးတောက်၍ ဓာတ်တော်အားလုံး ပြာမှုန်မျှ မကျန်အောင် ကွယ်ပျောက်လိမ့်မည်။ ဤသို့ ဓာတ်ပေါင်းကိုယ်တော် ချုပ်ငြိမ်းခြင်းကို "ဓာတုပရိနိဗ္ဗာန်"ဟု ခေါ်၏။

ထို ဓာတုပရိနိဗ္ဗာန်ကား သာသနာတော်နှင့်ဆိုင်ရာ ပွဲတို့တွင် နောက်ဆုံးပွဲတော် ဖြစ်လေသည်။ ထို နောက်ဆုံးပွဲတော်၌ "ဗုဒ္ဓဘာသာလူ"ဟု ခေါ်စရာပင်မရှိတော့ရကား ထိုပွဲတော်ကို လူများ မဖူးနိုင်ကြတော့။ နတ် ဗြဟ္မာ တို့လည်း ရောင်ခြည်တော် လွှတ်သည့်အခါကျမှ သိကြ၍ ကပ္ပာကယာ အဖူးအမြော် ရောက်ကြလိမ့်မည်။

**၂၉။ ဓာတုနိဗ္ဗာန်၊ နောက်ဆုံးစံ၊ ဖူးပြန် ဘယ်စိတ် ဖြစ်မည်နည်း။**
**၃၀။ ဓာတုနိဗ္ဗာန်၊ နောက်ဆုံးစံကို၊ ဖူးပြန်ရကာ၊ နတ် ဗြဟ္မာတို့၊ စိတ်မှာ ကြေကွဲ၊ လွန်ဝမ်းနဲ၊ ငိုပွဲသံဝေ ဖြစ်သတည်း။**

---

၃၀။ ထို ဓာတုပရိနိဗ္ဗာန် စံပွဲကို ဖူးတွေ့ရသော အနာဂါမ် ရဟန္တာ မဖြစ်သေးသော နတ် ဗြဟ္မာ တို့မှာ "ယခုမှ ဘုရားသခင် ပရိနိဗ္ဗာန်စံတာ အစစ်ဖြစ်တယ်။ ယခုမှ သာသနာတော် ကွယ်တယ်"ဟု အလွန်ဝမ်းနည်းစွာ ငိုကြွေး၍ အနာဂါမ် ရဟန္တာ ဗြဟ္မာ တို့မှာမူ သံဝေဂဖြစ်ကြလေသည်။ ( ဤ ဓာတုပရိနိဗ္ဗာန် စံရာ၌"ကိုးကွယ်သူ မရှိသောကြောင့် စံရခြင်း"ဟု လေးလေး နက်နက် သတိထားခဲ့ပါ။)

**မှတ်ချက်။** ။ထို ဓာတု ပရိနိဗ္ဗာန်စံပွဲ၌ "ဓာတ်တော်များက ဘုရား အသွင်ဆောင်၍ တရားဟောလိမ့်ဦးမည်။ ထိုအခါ တရားထူး ရကြဦးမည်"ဟု ပြောဆို ကြသော်လည်း ဉာဏဝိဘင် အဋ္ဌ ကထာ၌ ထိုစကား မပါချေ။ အင်္ဂုတ္တိုရ် အဋ္ဌကထာ (ဒုတိယ ပမာဒါဒိဝဂ်)၌လည်း "ဘုရားအသွင် ပေါ်လာမည်" ဟုသာ ဆို၍ တရားဟောမည့် အကြောင်း မပါပေ။

**(လင်္ကာ)** ဓာတ်အမွေတော်၊ ကြွင်းပါသော်လည်း၊ ချွတ်ချော် သာသ နာ၊ နောင်သောခါဝယ်၊ ရောင်ဝါပျောက်ကြွေ၊ ကွယ်ပချေ သော်၊ ထွေထွေရပ်နယ်၊ ဓာတ်သွယ်သွယ်လည်း၊ **ကိုးကွယ် ကြမည့်**၊ လူမရှိ၍၊ ဗောဓိပင်မှာ၊ စုပေါင်းကာဖြင့်၊ ရောင်ဝါ လွှတ်ပြီး၊ ရွှေတုံးကြီးသို့၊ ဓာတ်မီးလောင်တောက်၊ ကုန်ဆုံး ပျောက်က၊ လာရောက်ကြရှာ၊ နတ်ဗြဟ္မာတို့၊ **သာသနာ ဗုဒ္ဓ၊ ယခုမှပင်၊ မုချအတည်၊ ကွယ်ရပြီဟု**၊ ငိုမြည် တမ်းတ၊ သံဝေဂ ဖြင့်၊ မရယူကျုံး၊ ကိုယ်စိတ်ချုံးသည်၊ .... နောက်ဆုံး သာသ နာ့ ပွဲတော် ဘုရာ့။

**ကောဒသမ အခန်း ပြီး၏။**
**ကလေးများ အတွက် ဗုဒ္ဓဝင် ပြီးပါပြီ။**
**(လူကြီးများ ဆက်၍ ကြည့်ရှုကြပါဦး။)**

# ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဝင် အကျဉ်း

၁။ အို…ဘာဒသာဝင်၊ သူတော်စင်တို့၊ နေ့စဉ်နေ့တိုင်း၊ နံနက်ပိုင်းနှင့်၊ ညပိုင်းအခါ၊ စေသတ္တာ၏၊ မျှားစွာဂုဏ်စု၊ အာရုံပြုလော့၊ လူမှုကိစ္စ၊ ဆောင်ရွက်ကြလည်း၊ ဗုဒ္ဓစောမြတ်၊ မနောမာတ်၌၊ မပြတ်မှီကာ၊ ရပ်တည်လာသို့၊ မေတ္တာနှလုံး၊ သစ္စာသုံး၍၊ ရှင်ပြုံးအေးမြ၊ ပြုလုပ်ကြလော့၊ သို့မှဘေးဒဏ်၊ တွင်းပြင်ရန်ကို၊ အမှန်ကိုယ်က၊ အောင်နိုင်ရလျက်၊ ဘဝတလျှောက်၊ ကြံတိုင်းပေါက်သည်။ ထိုနောက် ဆင့်လို မြတ်မည်ကို့။

၂။ မျှားဝေနေယျ၊ ကိုးကွယ်ကြဖို့၊ ဗုဒ္ဓတဆူ၊ ဖြစ်ဖို့ဟူက၊ အလှူဒါန၊ ကျင့်သီလဖြင့်၊ မရနိုင်ကြောင်း၊ ဆုပန်တောင်းလည်း၊ အကြောင်းမစုံ၊ မဖြစ်တုံဟု၊ အကုန်အစင်၊ သိစေချင်၍၊ ဤတွင်ကာလ၊ ခါသမယနှင့်၊ ဒါနစသည်၊ ပါရမီမှု၊ ဆယ်လီသုံးဆယ်၊ ပြားပုံခြယ်သည်။ ကိုးကွယ်သူတို့ မှတ်ဖွယ်ကို့။

၃။ သုမေဓာခေါ်၊ အလောင်းတော်သည်၊ ထိုရော်ကာလ၊ ခါသမယ၌၊ ဘုရာ့တံဆိပ်၊ မိန့်ဗျာဒိတ်ကို၊ ဦးထိပ်ပန်ဆင်၊ တင်ပလ္လင်ဖြင့်၊ ဖွဲ့တင်ကျန၊ ထိုင်ပြီးမှလျှင်၊ ဗုဒ္ဓဖြစ်ကြောင်း၊ တရားကောင်းကို၊ စုပေါင်းဆင်ခြင်၊ စုံအောင်မြင်သော်၊ ဉာဏ်စဉ်ထက်မြက်၊ စွမ်းအတွက်ကြောင့်၊ ဘဝင်ခိုက်ကြုံ၊ လျှင်တုန်သည်။ မြေခုန်ငြိမ့်ငြိမ့် ပသိမ့်သိမ့်။

၄။ လေးသင်္ချေကိန်း၊ ကပ်တသိန်းမျှ၊ ထိန်းသိမ်းရှသား၊ ပါရမီများကို၊ ဘုရားအလောင်း၊ ဘဝပေါင်း၌၊ အကြောင်းတိုက်ဆုံ၊ ဖြည့်ကျင့်ပုံဝယ်၊ အကုန်မကျန်၊ မသိမှန်လည်း၊ သိတန်သမျှ၊ ကြည်ညိုရ၍၊ ဗုဒ္ဓစောမြတ်၊ မနော၀တ်၌၊ မပြတ်ရှိအောင်၊ သဟိဆောင်လျှင်။ ခုနှနောင်သင်တို့ ဘေးကင်းဘို့။

၅။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြ၀ဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းဖနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ နတ်လူငြိမ်းဘို့ ကိန်းပါကို့။

၆။ သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌၊ မဟိလိုက်ဆူ၊ ဖွားတော်မူ၍၊ ရွယ်မူပျိုမျစ်၊ ဆယ့်ခြောက်နှစ်သော်၊ နန်းသစ်ထီးဖြူ၊ ဆောင်းတော်မူသည်။ နန်းသူဆွေတို့ ချမ်းသာဘို့။

၇။ နန်းသစ်ထီးဖြူ၊ ဆောင်းတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံ့သည်။ ပင်စုံမြိုင်ရိပ် ခန်းမှာကို့။

၈။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းရောက်လာ၊ ထွန်းတောက်ဘုန်းမော်၊ သောင်းလုံးကျော်သည်။ သုံးဘော်လူဟို့ငြိမ်းဘွယ်ကို့။

၉။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီဖြင့်၊ မဟာီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ထားသည်။ တရားနတ်စည် ရွှမ်းတယ်ကို့။

၁၀။ အနန္တစုံ၊ တန်ခိုးဟုန်နှင့်၊ ကိုးဂုဏ်ရောင်ဆိုင်၊ ဘဝဂ်တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ မြတ်ဘုရား၏၊ တရား ၄-ဘန်၊ သစ္စာမှန်ကို၊ နာခံပြီးလစ်၊ ဆင်းရဲဖြစ်ဖို့၊ အသစ်တဏှာ၊ မဖြစ်သာအောင်၊ ရှစ်ဖြာမဂ္ဂင်၊ သဘောဉာဉ်ဖြင့်၊ ပြည်ခွင်နိဗ္ဗာန်၊ ရောက်အောင် ဆန်မှ၊ ကေန် ဒုက္ခ၊ ကင်းကြရမည်။ မုချ ငါတို့ ကျင့်ဘွယ်ကို့။

၁၁။ တရား နတ်စည်၊ ဆော်ရွှမ်း လည်က၊ သုံးမည် ဘုံသိုက်၊ တသောင်း တိုက်ဝယ်၊ ကျွတ်ထိုက် သသူ၊ နတ် လူ ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာအောင်မြို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ဖို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယှဉ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်။ ဂုဏ်းဆူသောင်းလုံး ကျော်ဘယ်ကို့။

၁၂။ နိဗ္ဗာန်စံပြီး၊ ရှုမအိသား၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောညာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်။ မွေ့တော်ရှစ်စိတ် ကြွင်းတယ်ကို့။

၁၃။ ခါတ်အမွေတော်၊ ကြွင်းပါသော်လည်း၊ ချွတ်ချော်သာသနာ၊ နောင်သောခါဝယ်၊ ရောင်ဝါပျောက်ကြွေ၊ ကွဲယ်ပချေသော်၊ ထွေထွေရပ်နယ်၊ ဓာတ်သွယ်သွယ်လည်း၊ ကိုးကွယ်ကြမည့်၊ လူမရှိ၍၊ ဗောဓိပင်မှာ၊ စုပေါင်းကာဖြင့်၊ ရောင်ဝါလွှတ်ပြီး၊ ရွှေတုံးကြီးသို့၊ ဓာတ်မီးလောင်တောက်၊ ကုန်ဆုံးပျောက်က၊ လာရောက်ကြရှာ၊ နတ်ဗြဟ္မာတို့၊ သာသနာဗုဒ္ဓ၊ ယခုမှုပင်၊ မုချအတည်၊ ကွယ်ရပြီဟု၊ ငိုမြည်တမ်းတ၊ သံဝေဂဖြင့်၊ မရယူကျုံး၊ ကိုယ်စိတ်ချုံးသည်။ နောက်ဆုံးသာသနာ့ ပွဲတော်ဘုရား။

## ဒွါဒသမ အခန်း

### သာ သ နာ ရေး နိ ဂုံး

**သာသနာ ကွယ်ပြီးဖြစ်လျှင်** ဤမျှသော စကားအစဉ်ဖြင့် ဗုဒ္ဓမြတ်စွာ၏ အဖြစ်တော်စဉ် အကျဉ်းချုပ်ကို အလောင်းတော် သုမေဓာ ဘဝမှ စ၍ ဓာတုပရိနိဗ္ဗာန် စံတော်မူကာ သာသနာတော်ကြီး ကွယ်ပြီးသည်တိုင်အောင် ရေးသားပြီးစီးခဲ့ပါပြီ။ အလွန်ကြုံကြိုက်ခဲလှစွာသော ဤသာသနာတော်သည် ယနေ့ တိုင်အောင်ပင် ဘုန်းကြီးနှင့်တကွ ဘာသာဝင် လူအပေါင်းအား လမ်းကောင်းကို ညွှန်ပြလျက် ရှိပါပေသေး၏။ မှန်၏-ယခုအချိန်၌ ဤသာသနာတော်ကြီး ကွယ်ပပြီး ဖြစ်နေပါလျှင် ဤစာရေးသူ ဘုန်းကြီးသည်ပင် ဩကာသလောက ဘုံဌာန အတွက် မျက်မြင် လူ့လောကလောက်ကိုသာ သိနိုင်ပေလိမ့်မည်။ ငရဲဘုံ ပြိတ္တာတို့၏ ဌာနနှင့် နတ်ဘုံ ဗြဟ္မာ့ဘုံများကို (ရှိသေး၏ ဟုမျှ) သိနိုင်မည် မဟုတ်ပါ။

**အရေးကြီးသော သိဖွယ်များ** သတ္တလောက အတွက်လည်း လူနှင့် မျက်မြင် တိရစ္ဆာန်များကိုသာ သိနိုင်ရာ၏။ ငရဲကောင် ပြိတ္တာကောင်နှင့် နတ် ဗြဟ္မာများကို မသိနိုင်ရာ။ သိနိုင်သမျှ လူနှင့် တိရစ္ဆာန်တို့ကိုလည်း တကယ်ပင် အကောင်အထည် ထင်မှတ်၍ အတွင်းက ခြယ်လှယ်တတ်သော အသက်ကောင် (အတ္တ) ရှိသေး၏ဟု ယူဆနေရာ၏။ ရုပ် နှင့် နာမ် ပေါင်းစပ်၍ လူဟု ခေါ်ဝေါ်အပ်သော ပညတ်မျှသာ ဖြစ်ကြောင်း အတွင်း၌ အတ္တမရှိကြောင်းကို သိနိုင်မည် မဟုတ်ရာ။ ထိုရုပ် ထိုနာမ်တို့လည်း အဝိဇ္ဇာနှင့် တဏှာ (မသိမှုနှင့် လိုချင်မှု) ဤ ၂-ခု အရင်းခံ၍ ကံ ဟူသော သင်္ခါရ၏ စီမံမှုကြောင့် ဖြစ်ရကြောင်း၊ ထို အဝိဇ္ဇာ နှင့် တဏှာ ကုန်ခန်း၍ ရဟန္တာ မဖြစ်သေးသမျှ ရုပ် နာမ် အစဉ်ဟူသော သံသရာသည် အမြဲလည်နေမည်သာ ဖြစ်ကြောင်း၊ ထိုရုပ် ထိုနာမ် သံသရာပြတ်၍ နိဗ္ဗာနဓာတ် ရောက်ဖို့

ရာ မဂ္ဂင်ရှစ်ပါး တရားအမှန် ရှိသေးကြောင်းများကိုလည်း သိနိုင်တော့မည် မဟုတ်ပါ။

**မသိရလျှင် အပြစ်** ထိုသို့ သိဖွယ် ဟူသမျှကို မသိနိုင်လျှင် ဘုန်းကြီးသည် "နောက်ဘဝ ရှိသေး၏"ဟုမျှ မယူဆတော့ပဲ ဤဘဝ အတွက်သာ ကြည့်၍ ကိုယ်ကျိုးရှိမည် ထင်လျှင် မည်သည့် မတရားမှုမဆို ပြုမိတော့ရာ၏။ ထိုသို့ပြုမိလျှင် ဘုန်းကြီးသည် ငရဲကောင် ပြိတ္တာကောင် တိရစ္ဆာန်ကောင် အဖြစ်ဖြင့် ဒုက္ခမျိုးစုံခံစားကာ သံသရာ ဝဋ်ထဲမှ မလွတ်ပဲ နေတော့လတ္တံ့။ ယခုသော်ကား လပေါင်းများစွာ ရွတ်ဖတ်၍ သံဂါယနာ တင်အပ်ပါသော်လည်း အကျယ်ချဲ့လျှင် မကုန်နိုင်သေးအောင် မြားမြောင်လှစွာ ပရိယတ္တိ သာသနာတော် တည်ရှိနေသေးသောကြောင့် ထိုသိဖွယ်ဟူသမျှကို ကြောင်းကျိုးစုံလင်စွာ သိမြင်ရပါသည်။

**သိရ၍ အကျိုးရပုံ** ထိုသို့ သိမြင်ရခြင်းကြောင့် မကောင်းမှု ဒုစရိုက်များကိုလည်း စွမ်းနိုင်သမျှ ရှောင်ရှားနိုင်၏။ ကောင်းမှု ပါရမီများကိုလည်း ထက်သန်စွာ ဖြည့်ဆည်းပူးနိုင်၏။ "လောက၌ ချမ်းသာသုခ ဟူသမျှသည် နောက်က ထက်ကြပ် ဒုက္ခကပ်၍ ပါနေ၏"ဟု နစ်နစ် ကာကာ နားလည်နေရကား မည်သည့်သုခ မည်သည့်ဂုဏ်သိန်နှင့် မည်သည့် စည်းစိမ်ကိုမျှ အထင်မကြီးပဲ ဖြစ်ပြန် ပျက်ပြန် လောကဓံကို ခံနိုင်သော အရည်အချင်း ရရှိပါသည်။

**ရှေးက ကိုးကွယ်ကြပုံ** ဤ သာသနာတော်သည် ဘုန်းကြီးအတွက် ဒုက္ခ ဖြစ်ကြောင်းကို ပယ်ချ၍ သုခရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကို ညွှန်ပြပေးရကား ဘုန်းကြီး၏ အားထား ကိုးကွယ်ရာ ဖြစ်သကဲ့သို့ သက်ဝင် ယုံကြည်သူ လူအများ၏ အားထား ကိုးကွယ်ရာလည်း ဖြစ်ပါစေသည်။ ထိုသို့ ကိုးကွယ်စရာ ကောင်းပါလျက် ယခုအခါ အချို့သူတို့ အမြင်အားဖြင့် အထင် မကြီးနိုင်သည်မှာ အစစ်အမှန် သာသနာရေးကို မသိပဲ, အပြင်ပန်းပြ မလှပသော သာသနာရေးကိစ္စ အချို့ကိုသာကြည့်၍ ဝေဖန်မိခြင်းကြောင့်သာ ဖြစ်ပါလိမ့်

မည်။ ထိုသူတို့လည်း အစစ်အမှန်ကို ကေန်သိရပါလျှင် ဤသာသနာတော်ကို သက်ဝင် ယုံကြည် ကြမည်သာ။

မှန်၏—ဗုဒ္ဓမြတ်စွာ လက်ထက်တော်၌ အနေ အထိုင် အပြော အဆိုမှ ၎င်း အပြင်ပန်းပြကလည်း လှပ၊ အတွင်း ကြည့်ပြန်လျှင်လည်း အစစ်အမှန် တရားကောင်းကို သိကြရသောကြောင့် ဗိမ္ဗိသာရ မဟာရာဇာ စသော အထက်တန်းမင်းများနှင့် ဗြဟ္မာယု ပါမောက္ခ ပေါက္ခရသာတိ ဘုရင်ခံစသော ပညာရှိ ဗြာဟ္မဏတို့ အပြင်၊ သီဟ စစ်ဗိုလ်ကြီး အနာထပိဏ် သဌေးစသော ထိပ်တန်း လူကြီး လူကောင်းတို့သည် ဤ ဘုရားသာသနာတော်ကိုသာ အသက်ပေး၍ လေးလေး မြတ်မြတ် ဆည်းကပ်ကိုးကွယ် ခဲ့ကြပါသည်။

**သာသနာ ကွယ်ရမည်သာ** ထိုခေတ်မှ နောက်၌ ဓမ္မာသောက၊ ဒေဝါနံ ပိယတိဿ စသော မဟာရာဇာတို့ အပြင် အနော်ရထာမင်း စသော မြန်မာမင်း အဆက်ဆက်တို့ လေးလေးနက်နက် သာသနာ ပြုခဲ့ကြသည်မှာလည်း သာသနာတော်၏ အရသာကို အမှန်အတိုင်း သိကြသောကြောင့်သာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဤသာသနာတော်သည် ယခု အချိန်တိုင်အောင် ဗုဒ္ဓဘာသာဝင် လူ ရှင် အများ၏ စီးပွါးချမ်းသာကို ဆောင်လျက် ရှိပါသေးသည်။ ထိုမျှလောက် လူအများ၏ စီးပွါးချမ်းသာကို ဆောင်နိုင်သော သာသနာတော်သည် ဓာတုပရိနိဗ္ဗာန်စံရမည့် အချိန်ကျလျှင် ကေန် ကွယ်ပရချေတော့မည်။

**တဖြည်းဖြည်း အားနည်းပြီးမှကွယ်** ထိုသို့ ကွယ်ပရာ၌ "သာသနာ ငါးထောင် ပြည့်သောကြောင့်လော၊ သို့မဟုတ် အခြားအကြောင်း ကြောင့်လော"ဟု တွေးတော စဉ်းစားဖွယ် ရှိ၏။ ငါးထောင် ပြည့်သောကြောင့်ဖြစ်စေ၊ အခြား အကြောင်းကြောင့် ဖြစ်စေ (ပြခဲ့သော ဓာတု ပရိနိဗ္ဗာန် စံရပုံကိုထောက်လျှင်) ကိုးကွယ်မည့်သူ ထိန်းသိမ်း စောင့်ရှောက်မည့်သူ မရှိသောကြောင့် ကွယ်ပရမည်မှာကား အသေအချာပင် ဖြစ်ချေသည်။ ကိုးကွယ်မည့်သူ မရှိခြင်းမှာလည်း ရှတ်

တရက် တပြိုင်နက် မရှိခြင်းမျိုးမဟုတ်ပဲ တဖြည်းဖြည်း အားနည်းရာမှ နောက်ဆုံး၌ ကိုးကွယ်မည့်သူများ ကွယ်ပျောက်သွားခြင်း ဖြစ်လိမ့်မည်။ ဥပမာ—လူသည် အို၍၊ နာ၍ တဖြည်းဖြည်း အားနည်းပြီးမှ သေပျောက်သွားရသကဲ့သို့တည်း။

**အားနည်းခြင်း၏ အကြောင်းများ** ထို့ကြောင့် သာသနာတော် အားနည်းရခြင်း၏ အကြောင်းများကို လက်တွေ့အားဖြင့် စဉ်းစားရပေလိမ့်မည်။ ထိုသို့ စဉ်းစားသောအခါ အဝေးကို လှမ်း၍ မစဉ်းစားပဲ မိမိတို့နေရာ မြို့ ရွာ ဒေသကို စဉ်းစားရုံမျှဖြင့် သဘာဝကျကျ သိနိုင်ပါလိမ့်မည်။ မှန်၏=သမုဒ္ဒရာ ရေ၏အရသာကို သိလိုလျှင် မိမိမျက်မြင် သမုဒ္ဒရာရေကို သောက်ကြည့်က သမုဒ္ဒရာတစင်းလုံး၏ ငန်သောအရသာကို သိနိုင်သကဲ့သို့တည်း။ ထို့ကြောင့် မိမိတို့နေရာ၌ သာသနာတော် အားနည်းရခြင်း၏ အကြောင်းများကို စဉ်းစားသောအခါ အောက်ပါအကြောင်းများကို တွေ့ရပါလိမ့်မည်။

(က) သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ၏ ဝန်ဆောင်ပုံ အားနည်းမှု။

(ခ) ကိုးကွယ်သူတို့အား လိမ္မာ ယဉ်ကျေးအောင် မသင်ပြ မဟောပြောနိုင်မှု။

(ဂ) သာသနာကိစ္စ၌ အတုအယောင်တွေ ပေါများမှု။

(ဃ) တိုင်းသူပြည်သားတို့ စီးပွါးရေး ကြပ်တည်းမှုနှင့် အပျော်အပါး အားကြီးမှု။

(င) စစ်ဘေး စစ်ဒဏ် ခံရမှု။

**သာသနာတာဝန် ၂-မျိုး** ခွဲပါဦးမည်=သာသနာတွင်း၌ ဂန္ထဓုရ(ကျမ်းစာသင်ယူပို့ချ၊ ဟောပြ ရေးသားမှု တာဝန်)။ ဝိပဿနာဓုရ (ကမ္မဋ္ဌာန်းရှုမှု တာဝန်)။ ဤသို့ တာဝန် ၂-မျိုးရှိသည်။ ရဟန်းတော်များသည် ထိုတာဝန်ကို ဆောင်ရသော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ [illegible]

၂-မျိုးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်နေမှသာ "သာသနာ့ စန်ဆောင်"ဟု ဆိုနိုင်၏။ ထိုသို့ မဆောင်နိုင်သူကား သင်္ကန်းဝတ်ထားသော်လည်း ကိုးကွယ်သူတို့မှာ ထိုပုဂ္ဂိုလ်များအတွက် ပစ္စည်း ၄-ပါး ထောက်ပင့်ရမှု တာဝန်ပိုနေသောကြောင့် "သာသနာ့ ဝန်စီးသာ ဖြစ်သည်"ဟု ဆရာတို့ မိန့်တော်မူကြ၏။ ထိုသို့ သာသနာ့ ဝန်စီး များလေ သာသနာ အားနည်းလေဖြစ်၍ သာသနာ့ ဝန်ဆောင်များမှသာ သာသနာတော် အားရှိမည်ကား အထူးစဉ်းစား ဖွယ် မလိုတော့ပါ။

**အိန္ဒိယမှ ပြောင်းခဲ့ရပုံ**

ထိုပြင်— ရှေးရှေး ခေတ်က သာသနာတာဝန်ကို ဆောင်ခဲ့ကြသည်မှာ ဝိပဿနာတာဝန်ဆောင် တို့က မဂ်ဖိုလ် ရရှိသာမက၊ ဈာန် အဘိညာဉ်ကိုလည်း ရကြသဖြင့် ကာလအားလျော်စွာ ကိုးကွယ်သူများ၏ စိတ်ကို အားရနှစ်သိမ့် စေနိုင်ခဲ့ကြ၏။ အိန္ဒိယနိုင်ငံသည် သာသနာတော်၏ မူလဌာနကြီး ဖြစ်၏။ ထို အိန္ဒိယ၌ ဗြာဟ္မဏတို့သည် အလွန်အားရှိ၍ သူတို့ကိုယ်တိုင် ဆရာလုပ်နေကြ၏။ ဘုရားလက်ထက်တော်၌ ဗုဒ္ဓသာသနာကို တချို့ ဗြာဟ္မဏတို့က ပြိုင်ကြသေး၏။ သို့သော် စမ္မာသောကမင်းများ၏ ခေတ် ကောင်းချိန် တိုင်အောင် မနိုင်ခဲ့ကြပါ။ နောက်၌ကား သာသနာဝင် ပုဂ္ဂိုလ်များဘက်က ဟန်ခိုးနည်းပါးလာသည့်ပြင် သူတို့ဘက် လူဝတ် ကြောင် များက လိမ္မာယဉ်ကျေးအောင် ဝေဒကျမ်းတို့ကို သင်ပြ၍ ရသေ့တို့ကလည်း မန္တန်အစွမ်းဖြင့် တန်ခိုးပြကာ လူများအပေါ်၌ အထင်ကြီးစေနိုင်ကြသောကြောင့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ တဖြည်းဖြည်း အားနည်းသည်ထက် နည်းကာ သီဟိုဠ် စသော နိုင်ငံငယ်များသို့ ပြောင်းရွှေ့ခဲ့ကြရဟန် တူပါသည်။ ဤအချက်ကား ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ သာသနာဝင်ပုဂ္ဂိုလ်များ အခြေအနေကိုကြည့်၍လည်းကောင်း၊ ဘာသာခြား စာပေသင်ကြား သူတို့ အားရှိနေပုံကိုကြည့်၍လည်းကောင်း မစဉ်းစားပဲ မနေထိုက် သော အကြောင်းတရပ် ဖြစ်ပါသည်။

**ကိုးကွယ်သူ အကျိုးမရလျှင်** ထိုပြင်— ကိုးကွယ်သူ လူတို့အား လိမ္မာယဉ်ကျေးအောင် မဟောပြောနိုင်မှုလည်း သာသနာတော်အားနည်းဖို့ရာ ကြီးစွာသော အကြောင်းတခု ဖြစ်ပါသည်။ မှန်၏- သာသနာဝင်ပုဂ္ဂိုလ်များသည် လူဝတ်ကြောင်များ၏ ပစ္စည်း ၄-ပါးကိုမှီ၍ သာသနာ့ဝန်ကို ဆောင်ကြရ၏။ လူဝတ်ကြောင်များ ကလည်း ဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ဝန်ဆောင်ပုံကို အားရကျေနပ်မှသာ သူတို့၏ ချွေးနဲ့စာကို ခွဲဝေ၍ လှူဒါန်းလိုကြပေမည်။ ကျေနပ်ဖွယ် အကြောင်းများမှာလည်း နေပုံထိုင်ပုံကို ကြည်ညိုကျေနပ်ခြင်း၊ သူတို့အား လိမ္မာယဉ်ကျေးအောင် သွန်သင်ပြသ၍ ဤဘဝနောက်ဘဝအတွက် ကောင်းကျိုးချမ်းသာကို ရစေခြင်း၊ သူတို့၏ ကလေးများကို တတ်သိလိမ္မာစေခြင်းများ ဖြစ်၏။ ရှေးရှေးမြန်မာမင်းများလက်ထက်က ဤအချက်များ အပြည့်အစုံ ရရှိကြ၍သာ ဤသာသနာကို လေးစားကြည်ညို ကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။

**ရှင်ဘုရင်လဲ ဘုန်းကြီးကျောင်းသား** ဆက်ပါဦးမည် ဤ မြန်မာနိုင်ငံဝယ် အနော်ရထာမင်း လက်ထက်မှ စ၍ တိုင်းသူပြည်သားနှင့် သာသနာတော်သည် လွန်စွာ နေထားကျ၍ ပဏာရခဲ့လှပေ၏။ သံဃာတော် ဘက်ကလည်း လိမ္မာယဉ်ကျေးအောင် ဟောညွှန် သင်ပြနိုင်သဖြင့် တိုင်းပြည်၏ ယဉ်ကျေးမှု အဆင့်အတန်းသည် အမှန်ပင် တိုးတက်ခဲ့ပေ၏။ တိုင်းသူပြည်သား တို့ကလည်း ကျေးဇူးတင်လှသဖြင့် သာသနာတော်ကို အားကိုးတခု ပြုကာ ၄-ဖြာသော ပစ္စည်းကို အသီးသီး ထောက်ပံ့ခဲ့ကြ၏။ ထိုကဲ့သို့ အညမည ပစ္စည်းတပ်၍ အထပ်ထပ် ကျေးဇူးပြုခဲ့ကြသည်မှာ မြန်မာမင်းများ၏ နောက်ဆုံးအချိန် ကျအောင်ပင် ဆရာလုပ်သူလည်း ဘုန်းတော်ကြီး၊ ရှင်ဘုရင်လုပ်သူလည်း ဘုန်းကြီးကျောင်းသားပင် ဖြစ်ခဲ့ပါသည်။

**ဗုဒ္ဓသာသနာ့ တက္ကသိုလ်ကြီး ဖြစ်လောက်** ထိုနောက် စစ်ဘေး စစ်ဒဏ်ကြောင့်နိုင်ငံသည် မရှုမလှ လက်အောက်ခံဘဝသို့ ကျရောက်ရတော့၏။ ထိုသို့ ရောက်ရစေကာမူ

ထိုခေတ်က ဘုန်းတော်ကြီးများနှင့် လူကြီး လူကောင်းတို့သည် သာသနာတော်၏ အရှိန်အဝါဩဇာ မသေးအောင် စီမံနိုင်ခဲ့ပါလျှင် (ထိုအချိန်က ထွန်းကားလာသော သိပ္ပဝိဇ္ဇာတွင် အပြစ်ကင်းသည့် ဘက်ကို ဘုန်းတော်ကြီးများလက်မှ မလွတ်ရအောင် ရှေးက အားလုံး လက်ခံပြီးဖြစ်သော "နောက+နော" စသည်ကို "ကိုးတလီ+ကိုး" စသည်ဖြင့် ပြုပြင်၍, ရှေးရိုးအတိုင်း အထောက်အပံ့ကိုလည်း လက်မခံကြပဲ သင်ပြခဲ့ကြပြီးလျှင် နောက်၌လည်း ခေတ်အလိုက် တိုးကာ တိုးကာ သင်ပြနိုင်မည်ဆိုပါမူ) ယခုလို လွတ်လပ်ပြီးသောအချိန်မှာ အခြေခံ ကျောင်းများနှင့် တက္ကပညာစုံပို့ချနိုင်သော ဗုဒ္ဓသာသနာ့တက္ကသိုလ်ကြီး မားမားမတ်မတ် တည်ရှိပြီး ဖြစ်နေရာ၏။

**ယခု အခြေအနေ** ထိုသို့ တည်ရှိပြီးဖြစ်နေလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် 'အတိုင်းထက် အလွန် တံခွန်နှင့်ဘုရား' ကဲ့သို့ ကမ္ဘာမှာ ကြွားနိုင်လောက်အောင် ကျက်သရေကို ဆောင်လျက် ရှိရာသည် မဟုတ်ပါလော။ ယခု သော်ကား ဖြစ်နိုင်လောက်သော အကောင်းစုကို မစီမံနိုင်ခဲ့မှုကြောင့် သမ္မတ(သမတ)လုပ်သူလည်း ဘုန်းကြီးကျောင်းသားမဟုတ်။ ဝန်ကြီးချုပ်စသူများလည်း ထိုနည်းသာ၊ တတိုင်းပြည်လုံး လိုလိုပင် လူကြီး လူကောင်း ဆိုသူတို့၏ သားသမီးတွေကား.... (ဘုရား ဘုရား ဘုရား) ဟု ညည်းတွားဖို့သာ ကောင်းပါတော့သည်။ ထိုသို့ ဖြစ်နေရသည့် အတွက်လည်း အပြစ်မတင်သာပါ။ လောလောဆယ် အသက်မွေးဝမ်းကျောင်း အတွက် ဤနည်းအတိုင်းပင် သင်ကြရှာပေလိမ့်မည်။ ထိုသို့သင်ကြသည့် အတွက်ကြောင့်ပင် ယခုအခါ များစွာသော ဘုန်းတော်ကြီး ကျောင်းတွေမှာ ပြောပလောက်အောင် ကျောင်းသားများ ရှိကြသေးရဲ့လား။ (ဘယ်သူ မပြု, မိမိမှုပဲနော်....)

**ရှေးကလိုဆိုလျှင် မတိုက်တွန်း:** ဆက်ပါဦးမည်—ရဟန်းတော်များသည် အလွန် ရှေးခေတ်ကကဲ့သို့ မဂ်ဖိုလ်ရအောင် ဝိပဿနာဝုရကို သဲသဲမဲမဲ ကြိုးစားနေကြပါလျှင် လည်းကောင်း၊ ပိဋကတ်တော်ကိုချည်း အားရ ပါးရ ကြိုးစားနေကြပါလျှင် လည်းကောင်း၊

ရှေးခေတ်က မသင်ပြပဲ လွှတ်လွှတ် နေခဲ့ကြပါလျှင် လည်းကောင်း ကလေးတို့အား လောကီသိပ္ပဝိဇ္ဇာ သင်ပြပေးကြဖို့ရန် အမှန်ပင် မတိုက်တွန်းလိုပါ။ ယခုသော်ကား—မြန်မာနိုင်ငံတော်ဝယ် ရှေးခေတ်ကစ၍ ယခုတိုင်အောင် ကလေးများကို ရဟန်းတော်များက သင်ပြ နေကြပါလျက် သင်ပြယင်း သင်ပြယင်းက သင်ပြမှု အားမရ၍ လက်လွှတ် ဖြစ်ကြတော့မည်ကို (လက်လွှတ် ဖြစ်ရုံမျှမက၊ သာသနာတော်လည်း အားနည်းနေပုံကို) မြင်ရသော ကြောင့်သာ ဤကဲ့သို့ အနဝဇ္ဇသိပ္ပဝိဇ္ဇာကို ကိုယ့်ဆိုင်ရာ ဒေသ၌ မြိုင်မြိုင် ဆိုင်ဆိုင် သင်ပြဖို့ရန် တိုက်တွန်းလိုပါသည်။

**ဘုန်းကြီးကျောင်းသား မရှိလျှင်** ဘုန်းတော်ကြီးများ၏ ကျောင်းမှာ ကျောင်းသားမရှိလျှင် ကိုရင် သာမဏေလည်း မရှိနိုင်။ ကိုရင် သာမဏေ မရှိလျှင် ရဟန်းတော်လည်း မရှိနိုင်။ ဤနည်းအားဖြင့် မြန်မာနိုင်ငံ သာသနာတော် အတွက် ဝန်ထမ်းနိုင်မည့် ပုဂ္ဂိုလ်များ မကြာမီ (အဆက်မပြတ်သေးစေကာမူ) အားနည်းဖို့ကား အလွန်သေချာပြီ မဟုတ်ပါလော။ ဤအချက်ကို ဂရုမပြု လျစ်လျူရှုလိုက်ကြပါလျှင် ယခုအခါ ထင်ရှားသော ဆရာတော်များ၏ တာဝန်သာလျှင် လုံးလုံး ဖြစ်ရစ်ပါလိမ့်မည်။ မှန်၏—ယခုအခါ မကောင်းကျိုးရနေသမျှသည် ရှေးရှေး ပုဂ္ဂိုလ်များ၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ် မကောင်းကျိုးလည်း ယခု ပုဂ္ဂိုလ် များကြောင့် ဟုပင် ဆိုရစ်ပါလိမ့်မည်။ ဤကား သာသနာ အားနည်းရခြင်း၏ အကြောင်း တမျိုးပါတည်း။

**အတုအယောင်များကြောင့် ဘိုးမှောင့်** သာသနာရေးကိစ္စများ၌ အတုအယောင် တွေ ပေါများလာခြင်းလည်း သာသနာတော်ကို အထင်သေးဖွယ်ရာ သာသနာ ဆုတ်ယုတ်ခြင်း၏ အကြောင်းတမျိုးဖြစ်၏။ မှန်၏- အလှူဒါန ပြုရာ၌ ဒါနစစ်စစ် ပါရမီဖြစ်အောင် မပြုပဲ ဂုဏ်ပကာသနကို ပဓာနထား၍ ပြုခြင်း၊ ဥပုသ်သီလ ဆောက်တည်ရာ၌ စိတ်စင်ကြယ်အောင် မဆောက်တည်ပဲ အပျော်အပါးနှင့် သူများယောင်၍ ယောင်ခြင်း၊ ယခုအခါ

ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရာ၌လည်း အတုအယောင်တွေ အတော်ပေါများနေဟန် တူခြင်း၊ ဘုရားပွဲစသော သာသနာရေးကိစ္စ၌ ဘုရားတရားတော်နှင့် မညီသော အပျော်အပါး ပွဲလမ်းသဘင်တွေ ပါဝင်နေ၍ အစစ်အမှန်ပူဇော်မှု စသည်ကိုကား ဝတ်ကျေတမ်းကျေပြုခြင်း၊ ရဟန်းသာမဏေ ပြုလုပ်ရာ၌လည်း ဘာမျှနားမလည်ပဲ မိရိုးဖလာပြုကြခြင်း စသည်တို့သည် အတုအယောင်တွေချည်းသာ။

ထိုအတုအယောင်ကို ကြည့်၍လည်း ဘာသာခြားနှင့် ဘာသာခြားစာပေကိုသာ သင်ယူခဲ့ကြသော နောင်လာနောက်သားတို့က "သူတို့အလှူဒါနက ဒီလိုတဲ့လား။ ဒီလို စားသောက်ပျော်ပါး၍ ညစာမစားတာကို ဥပုသ်စောင့်တာဆိုပဲ။ ဘုရားပူဇော်ပွဲ ဆိုတာ ဒီလို ဇာတ်ရုပ်သေးတွေနဲ့ ပူဇော်ကြရဆိုကိုး။ ကမ္မဋ္ဌာန်းပေါက်တယ် လို့လဲဆိုသေး။ ပြီးတော့"....ဤသို့စသည်ဖြင့် သာသနာတော်ကိုပါ အထင်အမြင်သေးကြပါတော့မည်။ ဤသို့ အထင်သေးခံရခြင်းသည် သာသနာတော်အားနည်းဖို့ အကြောင်းတမျိုး ဖြစ်တော့၏။

**စီးပွါးနှင့် ကိုယ်ကျင့်ပျက်မှု** အခြား အကြောင်းများလည်း ရှိပါသေး၏။ ထိုအကြောင်းများကား—ကိုးကွယ်သူများ၏ စီးပွါး ဆုတ်ယုတ်မှုနှင့် အပျော်အပါး များမှုပင်တည်း။ မှန်၏—ကိုးကွယ်သူများ စီးပွါးရေး ဆုတ်ယုတ်လျှင် "အူမ-မတောင့်၍ သီလမစောင့်နိုင်ရှိသာမက ဒါနလည်း မပြုနိုင်ကြချေ" ကျေးရွာများ၌ ယခုနှစ် မိုးဃ်းမကောင်းလျှင် ယခုနှစ် အလှူဒါန ဆုတ်ယုတ်ပုံကိုလည်းကောင်း၊ မြို့ပြတို့၌လည်း အရောင်းအဝယ် မကောင်းလျှင် ဆွမ်းအခက်အခဲ တွေ့ရပုံကို လည်းကောင်း လက်တွေ့ မြင်နိုင်ပါသည်။ ယခုအခါ စီးပွါးရေးအတွက် အများ၏ ညည်းတွားသံကို ကြားနေရ၏။ ဝတ်မှု စားမှု အတုအပ အပျော်အပါး တွေကလည်း များသည်ထက်များလာ၏။ သူတို့ရှာဖွေ၍ရသော စီးပွါးသည် "ကုလား ခပ်တဲ့ရေ ကုလား ဆေးဖို့တောင် မလောက်သလို ဖြစ်နေတော့၏" ဤအတိုင်းသွားလျှင် အနာဂတ်ကာလ၌ ပစ္စည်း ၄-ပါးနှင့် စပ်၍ ကျောင်း ဘုရား သံဃာ အားလုံးပင် ခြောက်ကပ်ကပ် ဖြစ်သွားဖွယ် ရှိလေသည်။

**စစ်ဘေးဒဏ်** သာသနာ ဆုတ်ယုတ်မှုနှင့်စပ်၍ အလွန် ကြောက်မက်ဖွယ် ဘေးကြီးတရပ်လည်း ရှိသေး၏။ ထိုဘေးကြီးကား တိုင်းပြည်တိုင်းက ကြောက်ရွံ့နေကြသော ပြည်တွင်း ပြည်ပ စစ်ဘေးကြီးတည်း။ ထိုစစ်ဘေးစစ်ဒဏ် ခံရပြန်လျှင် သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်များ၏ သီလသိက္ခာ ထိန်းသိမ်းမှုလည်း လျော့သွား၏။ ဂန္ထဓုရတာဝန်ကိုလည်း ကောင်းစွာမဆောင်နိုင်ကြ။ လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဤ နိုင်ငံတော် သာသနာ၏ အခြေအနေကို ပြန်၍ သုံးသပ်ကြပါလေ။

ထိုသို့ စစ်ဖြစ်ရာ၌ ဗုဒ္ဓဘာသာ မဟုတ်သူတို့သာ နိုင်ငံကို လွှမ်းမိုးသွားပါလျှင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို သွယ်ဝိုက်သောနည်းအားဖြင့် ဖြစ်စေ၊ တိုက်ရိုက်အားဖြင့် ဖြစ်စေ ဖိစီး နှိပ်စက်တတ် လေသည်။ (အချို့နိုင်ငံများ၌ ဤနည်းအားဖြင့် ဗုဒ္ဓသာသနာ ကွယ်ခဲ့ရပုံကို ကမ္ဘာ့ရာဇဝင် လှေလာ ကြည့်ပါ။)

**သိုဟန်ဘွားခေတ်** ဤ မြန်မာနိုင်ငံ၌ပင် သိုဟန်ဘွားဆိုသူ အုပ်စိုးခိုက်နှင့် ကြုံစဉ်က ကျမ်းတတ် ဆရာတော် အများပင် အသတ်အဖြတ် ခံရသည်ဟု ရာဇဝင်ဆိုသတတ်။ ထိုအချိန်က မြန်မာသွေးစစ် ဗုဒ္ဓဘာသာဝင် ဖြစ်သော မင်းကြီးရန်နောင်နှင့် အပေါင်းပါမှူးမတ်တို့ မကယ်တင်နိုင်ခဲ့ပါလျှင် ဤ သာသနာတော်သည် ထိုအချိန်ကပင် တိုင်းတပါးသို့ ပြောင်းသွားလောက်ရာလေပြီ။ မှန်၏—များစွာသော တိုင်းသူပြည်သားတို့သည် ခေါင်းဆောင်နိုင်မည့် သူရဲကောင်းမပေါ်လာလျှင် အုပ်ချုပ်သူတို့ အလိုအတိုင်းသာ နေစုံ ထိုင်စုံ ကြရှာလေသည်။

**လူများဝန်မဆောင်နိုင်** ယခုအခါ တကမ္ဘာလုံး စိတ်မအေးရသော ထိုစစ်ဘေးကြောင့် အေးအေးချမ်းချမ်း နေနိုင်မည့် နည်းလမ်းကောင်းကို ရှာနေကြသောအချိန်ဖြစ်၍ လည်းကောင်း၊ ဗုဒ္ဓဘာသာနိုင်ငံများက သာသနာတဝက် အချိန်အခါဝယ် သံဂါယနာတင်ခြင်း စသည်ဖြင့် ထထ ကြွကြွ ရှိကြ၍လည်းကောင်း အနာဂတ်

အခါ၌ ထိုသို နိုင်ငံဝယ် ဗုဒ္ဓဘာသာဝင် လူအရေအတွက် များလာဖို့ရန် လမ်းရှိ၏။ သို့သော်လည်း သာသနာ့တာဝန်ကို ထမ်းနိုင်မည့် ဆွမ်းတော်ကောင်း ရဟန်းတော်များကား များကောင်းမှ များနိုင် ပေတော့မည်။ ဘာ့ကြောင့်နည်း—နိုင်ငံ အားလုံးမှာပင် ကိုယ်ကျင့် ပျက်ပြားမှုက သောင်းကျန်းလျက်ရှိရာ ထို ကိုယ်ကျင့် ပျက်ပြားမှုသည် ရဟန်းတော်များ၏ စိတ်ဓာတ်ကို တနည်းအားဖြင့် ကူးစက်လာမည်သာ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ဝန်ဆောင်ပုဂ္ဂိုလ် များများ ထွန်းကားလာဖို့ အရေးကား အနာဂတ်အတွက် မျှော်လင့်ဖို့ ဝေးလှသေးသည်။

**ရဟန်းတော်များသာ ဝန်ဆောင်နိုင်** သာသနာတော် တည်တံ့ရေး၌ကား ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တို့ များနေခြင်းထက် ဝန်ဆောင်ရဟန်းတော် များခြင်းကသာ၍ အရာရောက်၏။ မှန်၏—ကိစ္စမြားမြောင် လူဝတ်ကြောင်တို့သည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိ ဓမ္မကို သင်ယူ ပို့ချသောအားဖြင့် မဆောင်ထားနိုင်ကြ။ ရဟန်းတော်များကသာ ကိစ္စနည်းပါးသဖြင့် ဆောင်ထား နိုင်ကြသည်။ ထို ဝန်ဆောင်သံဃာများများ စုဝေးနေနိုင်ဖို့ရာလည်း ဤ ပြည်ထောင်စု မြန်မာနိုင်ငံတော်ထက် ကောင်းသောနိုင်ငံ ရှိတော့မည် မထင်ပါ။ ထို့ကြောင့် ဤ မြန်မာနိုင်ငံမှာပင် သာသနာတော်လည်း ဋ္ဌေရ၊ နိုင်ငံတော်လည်း အခြေကျမည့် နည်းကောင်းလမ်းမှန်ကို အချိန်ပင် နှောင်းသော်လည်း ဆိုလတ္တံ့သောအကြောင်းများကို အားပြုကာ ကြံစည် စဉ်းစားသင့်ကြပါသည်။

အားပြုဖွယ် အကြောင်းများကား—

(က) နိုင်ငံခေါင်းဆောင်များတွင် (ဘုန်းကြီး ကျောင်းထွက် မဟုတ်စေကာမူ) ဗုဒ္ဓဘာသာကို ယုံကြည် သက်ဝင်နေသူ အများအပြား ရှိသေးခြင်း။

( ခ ) တိုင်းသူ ပြည်သား လူများစုသည်း ဘုရား တရား (ရတနာ ၂-ပါး)နှင့် ကောင်းမွန်စွာ နေထိုင်ကြသော သံဃာတော်များ ကို လေးစားကြသေးခြင်း။

( ဂ ) ယခု အချိန်မှာ ဝိနည်းသိက္ခာ လေးစား၍ ပိဋကတ် ကျမ်းကျင် ခေတ်ကိုလည်း မြော်မြင်နိုင်သော ဆရာတော်များ မနည်းပါး သေးခြင်း။

( ဃ ) ထိုဆရာတော် သံဃာတော်များသည် တပါးစီ တပါးစီ ဆိုလျှင် အားအင် မကြီးမား လှသော်လည်း စုပေါင်းမိက အလွန် ကြီးမားသော အင်အားရှိခြင်း။

( င ) ထို့ကြောင့် သံဃာတော်များဘက်က ယခုတကြိမ် နည်းလမ်း မှန်အောင် ပြုပြင်နိုင်ကြလျှင် ကျေးလက်ရော မြို့တွေပါ တပြုံကြီး နောက်က ပါလာဖွယ် ရှိခြင်း။

**နောင်ခါ လက်လွှတ်မည်** ဤအချက်များသည် ပြုပြင်ရာ၌ မျှော်လင့်ဖွယ်ကောင်း သော အချက်များ ဖြစ်ပါသည်။ နောင် နှစ်ပေါင်း အတော်ကြာလျှင်ကား ဤအချက်များလည်း တစ တစ လက်လွှတ်သွားပါလိမ့်မည်။ မှန်၏- နောင်ခါ ၁၀-နှစ် ၁၅-နှစ် လောက် ကြာလျှင် ယခု ဩဇာရှိနေသော ဆရာတော်တို့ အများအား ဖြင့် ရှိကြတော့မည်မဟုတ်။ ကျန် ဆရာတော်များလည်း ယခုလောက် အင်အားမရှိနိုင်။ ထိုဆရာတော်များ မရှိချိန်မှာ သာသနာ့အရှိန်သည် ယခုတက် မှေးမှိန်ပါလိမ့်မည်။ ယခုအခါ သာသနာတော်ကို လေးစား နေသေးသော ဒကာ ဒကာမတို့လည်း သူတို့၏ သားသမီးများကို သူတို့ ကဲ့သို့ သာသနာတော်လေးစားအောင် ယခုကပင် မသွန်သင်နိုင်ကြ။ အနာဂတ် ၁၀-နှစ်လောက်မှာ ဘာသာခြား စာသင်ကျောင်းမှ ထွက် လာသူများ တိုင်းပြည်၌ တာဝန်ရှိမြို့ပါ ခေါင်းဆောင်လုပ်ကြတော့ လတံ့။ ထိုအချိန်၌ ဘုန်းကြီးတို့၏ သာသနာ့အခြေအနေမှာ ဤမြန်မာ နိုင်ငံဝယ် ဘယ်လိုဖြစ်နေရစ်စရာရှိသည်ဟု ယခုကပင် ကိုယ်စီကိုယ်င တွေးကြည့်သင့်ကြပါသည်။

**ကိုယ့်ရေးကိုယ့်တာ တွေးကြပါ** ထို့ကြောင့် နောင်ဘဝအတွက် ကိုယ့်ရေးကိုယ့်တာကို လေးလေးနက်နက် တွေးတောလေ့ရှိသူတို့လည်း ယခုတွေ့ရသော သာသနာတော်ကို အားကိုးကြပါလော့။ နောက်တကြိမ် လူဖြစ်ရသော်လည်း ယခုလောက် အသားကျ သာသနာကို တွေ့ရမည် မတွေ့ရမည်ဆိုတာ မသေချာပါ။ အများအားဖြင့် တွေ့ရဖို့ ခဲယဉ်းသည့်ပြင် နောက်တကြိမ် မိဘလုပ်မည့် ယခုကလေးများ၏ ခေတ်နှင့်စိတ်ထားကို စဉ်းစားမိက သူတို့၏ သား သမီးဖြစ်ဖို့အရေးမှာ မတွေးဝံ့အောင် ကြောက်စရာမဟုတ်ပါလော။ နတ်ပြည်သို့ ရောက်သွားပြန်လျှင်လည်း ထိုနတ်ပြည်စည်းစိမ်ကို ခံစားရုံသာ။ ကုသိုလ်ပါရမီကား အလွန်ရှာတတ်သူမှ နည်းနည်းပါးပါး ရပါလိမ့်မည်။ နတ်ပြည်ကတခေါက် ပြန်လာချိန်မှာမူ ဤ သာသနာတော်သည် အစအနမျှ ကျန်တော့မည် မဟုတ်ပါ။

**သာသနာ့အရေး ကိုယ့်အရေး** သာသနာတော့်အရေးကိုပင် ကိုယ့်အရေးဟု ထင်မြင်နေသူများလည်း အင်အားရှိသမျှ ဝိုင်းဝန်း၍ ပြုပြင်ကာ အဖိုးတန်ပါရမီကို ယူကြပါလော။ ဤသာသနာတော်သည် ရှေးအခါကပင် ပြုပြင်သူရှိလျှင် ရှိသလောက် တိုးတက်ခဲ့ပါသည်။ ဓမ္မာသောကမင်းလက်ထက်၊ သီဟိုဠ် ဒေဝါနံပိယ-တိဿမင်းလက်ထက်၊ မြန်မာနိုင်ငံဝယ် အနော်ရထာမင်းနှင့် မင်းတုန်းမင်းတရားလက်ထက် စသည်ကိုကြည့်ပါ။ ထို့ကြောင့် ငှက်ပျံသည့်ပမာ ပြုပြင်သူမရှိလျှင် မရှိသလို နိမ့်၍ ပြုပြင်သူရှိလျှင် ရှိသလောက် မြင့်သောအားဖြင့် နိမ့်ချည်မြင့်ချည် အလီလီဖြစ်ပျက်၍လာခဲ့ရသော ဤသာသနာတော်မြတ်ကြီးကို ခါတုပရိနိဗ္ဗာန်စံသည်အထိ မကွယ်ပနိုင်စေသေးပဲ အစွန့်ရှည်စွာ တည်တန့်လျက် ဗုဒ္ဓဘာသာဝင် လူ ရှင်အများ၏ စီးပွါးချမ်းသာ ဆောင်နိုင်မည့် နည်းလမ်းကို သဒ္ဓါအသစ် ဉာဏ်အသစ် ဝီရိယအသစ် လောင်း၍ စုပေါင်းရှာဖွေကာ အမြန်ဆုံး ပြင်ဆင်နိုင်ကြပါစေသတည်း။

(လင်္ကာ) ကျမ်းပြီးမှတ်ထုံး၊ ကမ္ပတ်ဖုံးဖို့၊ နိဂုံးအရာ၊ သာသနာ၏၊ ခုခါဖြစ်ထွေ၊ စဉ်းစားစေအံ့။ တို့မြေဌာနီ၊ ရှေးခါဆီဝယ်၊ မထေရ်အပေါင်း၊ စံရာကျောင်းမှ၊ ငြိမ့်ညောင်းသာယာ၊ မိန့်အာဏာကို၊ ရပ်ရွာလူများ၊ လွန်လေးစားခဲ့။ ခုကားသို့နှယ်၊ မဟုတ်ကွယ်၍၊ နယ်ပယ်ပွါးစီး၊ သား သမီးတို့၊ ဘုန်းကြီးကျောင်းတွင်၊ စာမသင်တော့။.... ထိုပြင် မြို့နေ ကလေးတွေကား၊ တို့မေ ဘာသာ၊ တို့မေစာကို၊ သင်ရာကောင်းမျှ၊ မထင်ကြပဲ၊ ပြင်ကလာပေး၊ စာပထွေးကို၊ အလေးဂရု၊ အရေးပြု၏။

ယခုလိုသာ၊ နှစ်ပေါင်းကြာလျှင်၊ မြန်မာတိုင်းဘွား၊ အမျိုးသားတို့၊ ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာတည်း၊ ထိုခါတိုင်းဘွား၊ လူအများလည်း၊ တရားမပါ၊ အမှားစာကြောင့်၊ များစွာခုထက်၊ တိုး၍ပျက်လိမ့်။

သို့တွက်များပြား၊ ဘုန်းဘုရားတို့၊ တရားကိုကျင့်၊ လုံအောင်ကျင့်၍၊ မလင့်စေရ၊ ကိုယ့်ဒေသ၌၊ သိပ္ပ ဝိဇ္ဇာ၊ ပြသင့်ရာကို၊ ကောင်းစွာပိုင်ပိုင်၊ ပြသနိုင်မှ၊ ဘုန်းလှိုင်ဟောပြ၊ ဩဝါဒကို၊ စိတ်ကကြည်ဖြူ၊ ·လိုက်နာယူလျက်၊ ကိုယ်မူနှုတ်ပြောင်း၊ စိတ်လည်း ကောင်းလိမ့်။

မကောင်းအကောင်း၊ အကြောင်းကြောင်းကို၊ သောင်းပြောင်းကုန်စင်၊ အစုံမြင်သည့်၊ ထေရ်ရှင်များစွာ၊ ဒါယကာတို့၊ အခါအခွင့်၊ ပညာသင့်အောင်၊ စာချင့်စုပေါင်း၊ နည်းသစ်ပြောင်းမှ၊ နောက်နှောင်းမြန်မာ၊ သာသနာသည်၊ ရှည်ကြာနေသို့ ထွန်းမည်ကို့။

ဗုဒ္ဓဝင် အမေးအဖြေ ပြီး၏။

အရှင်ဇနကာဘိဝံသ၏ ယနေ့ဝယ်၍ ရနိုင်သော

၁။ ရတနာ့ဂုဏ်ရည် (အထူး)
၂။ ကိုယ်ကျင့်အဘိဓမ္မာ
၃။ အနာဂတ် သာသနာရေးကျမ်း (အထူးထုတ်
နောက်ဆက်တွဲများပါသည်။
၄။ အနာဂတ်သာသနာအတွက် ဗုဒ္ဓဘာသာသင်
၅။ ဗုဒ္ဓါနုဿတိဘာဝနာ၊ ဗြဟ္မဇာလသုတ်
သာမညဖလသုတ် မြန်မာပြန်တရား
၃-အုပ်တွဲ
ရှုပ်ပုံရှင်ကျင့်ဝတ်
၆။ ပါတိမောက် ဘာသာဋီကာ
၈။ ဓမ္မစကြာတရားနှင့် အနတ္တလက္ခဏာသုတ်
တရားတော်
၉။ အဋ္ဌကထာအခြေပြု
၁၀။ သင်္ဂြိုဟ်ဘာသာဋီကာ
၁၁။ ဘာသာသွေးနှင့် ဘာသာရေးပြဿနာများ
စစ်တပ်တရားတော်
၁၂။ ရူပသိဒ္ဓိဘာသာဋီကာ (ပ တွဲ)
၁၃။ အခြေပြုပဋ္ဌာန်းတရားတော်
၁၄။ ဘုရားဥပဒေတော်ကြီး
၁၅။ ကထာသလ္လာပ
၁၆။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
၁၇။ မြောင်းမြဆရာတော်
၁၈။ တဘာဝသံသရာ
၁၉။ အခြေပြုသဒ္ဒါ
၂၀။ သုတ်မဟာဝါဘာသာဋီကာ (ပတွဲ)
၂၁။ ဗုဒ္ဓဝင်အမေးအဖြေ
၂၂။ ခုဒ္ဒသိက္ခာဘာသာဋီကာ
၂၃။ ယမိုက်ဘာသာဋီကာနှင့် မူလဋီကာနိဿယ
၂၄။ ကထာဝတ္ထုဘာသာဋီကာနှင့် မူလဋီကာနိဿ
ပါဠိတော်နိဿယ-ပါဠိတော် မြန်မာ